မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝင် (ဓမ္မပဒ - ၇၈)

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၄ ရက် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် ၂၂ ရက်၊ ကြာသပတေးနေ့ အတွဲ (၅၉)၊ အမှတ် (၂၉၄)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် က

## နိုင်ငံ့တိုးတက်ရေးအတွက် မိမိတို့ လူငယ်တွေ ပညာလမ်း ဆက်လျှောက်နိုင်ဖို့ ခြေလှမ်းတွေ မပျက်အောင် ကျောင်းသူ၊ ကျောင်းသား၊ ဆရာ၊ မိဘ၊ အစိုးရ အားလုံး ဝိုင်းပြီး ရုန်းရမဲ့ အချိန်ပါ၊ အင်အားတွေ ဖြည့်ကြပါ ဟုရေးသားဖော်ပြ

နေပြည်တော် ဇူလိုင် ၂၂

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံ့တိုးတက်ရေးအတွက် မိမိတို့ လူငယ်တွေ ပညာလမ်း ဆက်လျှောက်နိုင်ဖို့ ခြေလှမ်းတွေ မပျက်အောင် ကျောင်းသူ၊ ကျောင်းသား၊ ဆရာ၊ မိဘ၊ အစိုးရ အားလုံး ဝိုင်းပြီး ရုန်းရမဲ့ အချိန်ပါ၊ အင်အားတွေဖြည့်ကြပါ ဟု ၎င်း၏ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် ရေးသားဖော်ပြထားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မနေ့က အထက်တန်းကျောင်းတွေ ပြန်ဖွင့်ပါကြောင်း၊ တစ်နိုင်ငံလုံးမှာ အခြေခံပညာအထက်တန်းဆင့် သင်ကျောင်း စုစုပေါင်း ၇၁၇၃ ကျောင်း ရှိတဲ့အနက် ကျန်းမာရေးဆန်းစစ်မှုပြုလုပ်ပြီး ဖွင့်ခွင့်ပြုပေးခဲ့တဲ့ကျောင်း ၃၉၉၉ ကျောင်း ရှိပါကြောင်း၊ ကျောင်းသူ၊ ကျောင်းသားဦးရေ တစ်သန်းကျော် ကျောင်းအပ်နှံခဲ့ပါကြောင်း၊ ကျောင်းတက်ရက် တစ်ပတ်ခြား စီစဉ်ထားတဲ့အတွက် ယခုအပတ်မှာ ကျောင်းအပ်နှံထားသူဦးရေရဲ့တစ်ဝက်ဖြစ်တဲ့ ၀.၅၅၄ သန်း ကျောင်းတက်ရောက်ပါကြောင်း။

ဖွင့်ခွင့်မရသေးတဲ့ ကျောင်းများမှာ ပိုးသတ်သန့်စင်မှုပြည့်စုံစွာ မဆောင်ရွက်နိုင်ခြင်း၊ လက်ဆေးရန်နေရာ၊ အိမ်သာနဲ့ အဖုံးပါ ခြေနင်းအမှိုက်ပုံးတို့ ပြည့်စုံစွာမထားရှိနိုင်ခြင်း စတဲ့ လိုအပ်ချက်များ ရှိနေခြင်းတို့ကြောင့် မဖွင့်လှစ်နိုင်သေးခြင်းဖြစ်ပါကြောင်း၊ ဒါတွေကိုလည်း ဆောလျင်စွာ ဖြည့်ဆည်းပေးပြီး ကျောင်းဖွင့်ခွင့်ပေးသွားမှာ ဖြစ်ပါကြောင်း။

မနေ့က ကျောင်းစတက်တဲ့အခါ ကျောင်းသူ၊ ကျောင်းသားများ ပုံစံအသစ်နဲ့ စာသင်ရတဲ့အတွက် ခက်ခဲမှုတွေရှိတယ်လို့ ကြားပါကြောင်း၊ Mask နဲ့ Face Shield ကို အကြာကြီး တပ်ထားရတာ၊ သူငယ်ချင်းတွေ အချင်းချင်း ခပ်ခွာခွာနေကြရတာတွေဟာ သူတို့လေးတွေအတွက် ခက်ခဲမှာ အမှန်ဖြစ်ပါကြောင်း၊ ထို့အတူ ဆရာ၊ ဆရာမများလည်း ယခင်ကထက် ပိုပြီး စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်ကြရတယ်လို့ သိရပါကြောင်း။

"ပညာရှာ၊ ပမာ သူဖုန်းစား" ဆိုတဲ့စကားလေးကိုညွှန်းပြီး ပင်ပင်ပန်းပန်း စစ်ပညာသင်ယူနေရတဲ့ ရဲဘော်တွေကို ဖေဖေက အားပေးခဲ့ဖူးပါကြောင်း၊ နိုင်ငံ့လွတ်လပ်ရေးအတွက် သင်ယူခဲ့ရတဲ့ ပညာတွေ၊ ယခုတော့ နိုင်ငံ့တိုးတက်ရေးအတွက် မိမိတို့ လူငယ်တွေ ပညာလမ်း ဆက်လျှောက်နိုင်ဖို့ ခြေလှမ်းတွေ မပျက်အောင် ကျောင်းသူ၊ ကျောင်းသား၊ ဆရာ၊ မိဘ၊ အစိုးရ အားလုံး ဝိုင်းပြီး ရုန်းရမဲ့ အချိန်ပါ၊ အင်အားတွေ ဖြည့်ကြပါ ဟု ရေးသားထားသည်။

**"တစ်နိုင်ငံလုံးမှာ အခြေခံပညာအထက်တန်းဆင့် သင်ကျောင်း စုစုပေါင်း ၇၁၇၃ ကျောင်း ရှိတဲ့အနက် ကျန်းမာရေးဆန်းစစ်မှုပြုလုပ်ပြီး ဖွင့်ခွင့်ပြုပေးခဲ့တဲ့ ကျောင်း ၃၉၉၉ ကျောင်း ရှိ၊ ကျောင်းသူ၊ ကျောင်းသား ဦးရေ တစ်သန်းကျော် ကျောင်းအပ်နှံ၊ ကျောင်း တက်ရက် တစ်ပတ်ခြား စီစဉ်ထားတဲ့အတွက် ယခု အပတ်မှာ ကျောင်းအပ်နှံထားသူ ဦးရေရဲ့ တစ်ဝက် ဖြစ်တဲ့ ၀.၅၅၄ သန်း ကျောင်းတက်ရောက်"**

## သြစတြေးလျတွင် တစ်နေ့တည်း ကိုဗစ် - ၁၉ အသစ်ထပ်မံကူးစက်မှုအရေအတွက် စံချိန်တင်မြင့်တက်

နိုင်ငံတကာသတင်း စာ ၁၂

## ကိုဗစ် - ၁၉ အတွက် တီထွင်ဖော်စပ်နေသည့် ကာကွယ်ဆေး အလားအလာကောင်းကြောင်း အောက်စဖို့ဒ်တက္ကသိုလ်ပညာရှင်များပြော

နိုင်ငံတကာသတင်း စာ ၁၃

## မြဝတီတံတားအမှတ်(၂)မှ မြန်မာရွှေ့ပြောင်းလုပ်သား ၇၃၇ ဦး ဆက်လက်ဝင်ရောက်

မြဝတီ ဇူလိုင် ၂၂

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၇၃၇ ဦးသည် မြဝတီ အမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့ ဆက်လက်ဝင်ရောက်လာကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်း၊ ခရိုင်နှင့် မြို့နယ်မှ တာဝန်ရှိသူများက ကြိုဆိုခဲ့ပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။ (ယာပုံ)

စာမျက်နှာ ၁၈ ကော်လံ ၅



C B BANK
SME Bank of the Year 2020
By The Asian Banking & Finance (ABF)
CB Bank ၏ JICA Two Step Loan နှင့်
JICA Emergency Loan များထဲမှ
လူကြီးမင်းတို့ ၏ SME လုပ်ငန်းများနှင့်ကိုက်ညီသော
ချေးငွေများကို ယခုပင်အမြန်ဆုံး လျှောက်ထားလိုက်ပါ။
www.cbbank.com.mm Contact Center: (95-1) 2317770


မြန်မာ့အလင်း

# စာသင်ခန်းများမှသည် အနာဂတ်နိုင်ငံတော်သို့

ဒုတိယကမ္ဘာစစ်ကြီးကာလအတွင်း မြန်မာ့လွတ်လပ်ရေးအတွက် တပ်မတော်သားများ စုဆောင်းနေချိန်မှာပင် ငယ်ရွယ်သူများကို စစ်တပ်ထဲမဝင်ဖို့၊ ပညာသင်ကြားရေးတွင် အာရုံစိုက်ကြဖို့ ဗိုလ်ချုပ်အောင်ဆန်းက တိုက်တွန်းသည့်အကြောင်း ဆရာဦးဝင်းတင် (ဟံသာဝတီ) ရေးသည့် ဗိုလ်ချုပ်နှင့်ဆုံဖူးသည့် နောက်ကြောင်းပြန်အမှတ်တရ စာတစ်ပုဒ်ကို ဖတ်ဖူးသည်။

အရွယ်မရောက်သေးသည့် ကလေးစစ်သား ဆန့်ကျင်ရေးနှင့် အတူ ပညာရေး၏ အရေးပါမှုကို အမြော်အမြင်ကြီးသူတို့ မည်သို့ တွေးဆသည်၊ မည်သို့ တန်ဖိုးထားသည်ကို မြင်ရမည်ဖြစ်၏။

မသင်မနေရ မူလတန်းပညာရေး၊ အခမဲ့ ပညာသင်ကြားရေး၊ လူတိုင်းစာတတ်မြောက်ရေး၊ စာတတ်သူတိုင်း စာဖတ်ရေး အစရှိသည့် ရည်မှန်းချက်များသည် ရှေ့တန်းသို့ ရုန်းကန် တွန်းထွက်ရန် ကြိုးစားနေရသည့် မိမိတို့လိုနိုင်ငံအဖို့ မည်မျှအရေးကြီးသည်ကို ခန့်မှန်းနိုင်ပါသည်။

၂၀၂၀ နှစ်သစ် အကူးအပြောင်းမှ စတင်လိုက်သည့် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ရောဂါကြောင့် စာသင်ခန်းများ ပိတ်ထားရသည်မှာ ကြာခဲ့ပြီ။ အမှန်တော့ ကျောင်းဆိုသည်မှာ ကျောင်းသားသူငယ်များကို စာသင်ကြားရုံသက်သက်မျှမဟုတ်ဘဲ အနာဂတ်ဘဝခရီးတစ်ခုလုံးအတွက် သိသင့်သိထိုက်သမျှကို ဆည်းပူးရသည့် နေရာဌာနဖြစ်ပါ၏။ ကျောင်းသားသူငယ်တို့၏ လူမှုရေးမိုးကုပ်စက်ဝိုင်း ချဲ့ထွင်ရာ၊ လူမှုဆက်ဆံရေးကျင့်ဝတ်နှင့် သီလကောင်းမွန်ရေးတို့ကို ပျိုးထောင်ရာ၊ နောက်ခံလူမှုဘဝ မတူညီကြသူတို့အကြား စာနာနားလည်မှုရှိရန် လေ့ကျင့်ရာ စသည်ဖြင့် ဘဝတိုးတက်မြှင့်တင်ရေးနေရာကြီး ဖြစ်ပေသည်။

သို့သော်လည်း လူတို့၏ အသက်ဘေးအန္တရာယ်ကို ပြင်းပြင်းထန်ထန် ခြိမ်းခြောက်လာသည့် ကပ်ရောဂါကြောင့် ထိုမျှအရေးကြီးလှသော စာသင်ခန်းတို့ကို ခေတ္တဆိုသလို မဖြစ်မနေ ပိတ်ခဲ့ရခြင်း ဖြစ်ပါသည်။

စာသင်ခန်းတို့ ပိတ်ထားရသည်မှာ ကြာမြင့်သည်နှင့်အမျှ ငယ်ရွယ်သူတို့အတွက် နစ်နာမှုများက များလှ၏။ စိတ်ခံစားရေးရာအရပါ ပညာသင်ကြားရေးနှင့် ဝေးကွာသွားနိုင်ခြင်း၊ ပညာသင်ကြားမှုအပေါ် ထားရှိသည့် တန်ဖိုးပြောင်းလဲသွားနိုင်ခြင်းတို့က တိုင်းပြည်၏ အနာဂတ်အတွက် များစွာထိခိုက်မှုရှိလာမည် ဖြစ်ပေသည်။

ထို့ကြောင့်ပင် ကျန်းမာရေးအသိ၊ အကာအကွယ်တို့ကို စနစ်ကျနိုင်သမျှ ကျအောင် ပြင်ဆင်ရင်း အထက်တန်းကျောင်းများကို စတင်၍ ဖွင့်လှစ်နေပြီ ဖြစ်၏။ ထိုမှတစ်ဆင့် အစီအစဉ်အဆင်ပြေမှုပေါ်မူတည်ကာ အလယ်တန်း၊ မူလတန်း စသည်ဖြင့် ဆက်လက်ဖွင့်လှစ်သွားမည်ဟု သိရ၏။

တစ်ဖက်တွင် တားဆီးကာကွယ်ဆေး၊ ကုသဆေး မပေါ်သေးသည့် ကပ်ရောဂါ၏ ခြိမ်းခြောက်မှုက ရှိနေသည့် အားလျော်စွာ အခြေအနေအရပ်ရပ်ကို တွက်ဆစရာများ၊ စီမံစရာများကို အစွမ်းကုန်ကြိုးစားပြင်ဆင်ရင်း တန်ဖိုးကြီးလှသော ပညာရေးခရီးကို တစ်ဆင့်ချင်း၊ တစ်လှမ်းချင်း လျှောက်လှမ်းနေကြရခြင်းဟု ဆိုရပါမည်။

တိကျခိုင်မာသည့် မူဝါဒများကို ချမှတ်ခြင်းဖြင့် လည်းကောင်း၊ ကျန်းမာရေးဆိုင်ရာ အသိပညာများကို ပိုမိုဖြန့်ဝေခြင်းဖြင့် လည်းကောင်း၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများအားလုံးအတွက် လုံခြုံစိတ်ချရသော ကျောင်းနှင့်ဝန်းကျင်တို့ ဖြစ်စေရေးအတွက် စနစ်ကျသည့် အကာအကွယ်နှင့် ကြိုတင်ပြင်ဆင်မှုများစွာဖြင့်လည်းကောင်း အထက်တန်းကျောင်းများကို ဖွင့်လှစ်လိုက်ခြင်းဖြစ်ပါသည်။

တစ်နိုင်ငံလုံးအနေဖြင့် ကျောင်းသား ကျောင်းသူ တစ်သန်းကျော် ကျောင်းအပ်နှံထားပြီး ကျောင်းဖွင့်ခြင်းကို တစ်ပတ်ခြား စီစဉ်ထားသည့်အတွက် စတင်ဖွင့်လှစ်သည့်အပတ်တွင် ကျောင်းသူ ကျောင်းသား ငါးသိန်းကျော် စတင်တက်ရောက်နေပြီဖြစ်ပါသည်။

ကျန်းမာရေးဆိုင်ရာ လုံခြုံမှုမပြည့်စုံသေးသည့် အချို့သောကျောင်းများကို လောလောဆယ်တွင် မဖွင့်နိုင်သေးသော်လည်း လျင်လျင်မြန်မြန် ဖြည့်ဆည်းစီမံပြီး မကြာမီဖွင့်နိုင်မည်ဟုလည်း သိရပါသည်။

ယခင် နေရိုးနေစဉ်မဟုတ်သည့် နေထိုင်မှုပုံစံအသစ်ဖြင့် လေ့ကျင့်နေထိုင်ကြရချိန်ဖြစ်သည့်အတွက် ကျောင်းသူ ကျောင်းသားများအတွက်ရော၊ ဆရာ ဆရာမနှင့် ဝန်ထမ်းများအတွက်ပါ အဆင်မပြေမှုများ၊ အထစ်အငေ့ါများ၊ မချောမွေ့မှုများက ရှိနေဦးမည်သာ ဖြစ်ပါသည်။

မည်သို့သော အခက်အခဲများ၊ ထစ်ငေ့ါမှုများ ရှိစေကာမူ ရည်ရွယ်ရင်းဖြစ်သည့် ပညာသင်ကြားရေး၏ တန်ဖိုးနှင့် အနာဂတ်နိုင်ငံတော်ကို မျှော်ရည်ရှုမြင်ကာ သည်းခံကြ၊ အားစိုက်ကြိုးစားကြရင်း၊ ရုန်းကန်ကြရင်း အောင်မြင်ကျော်လွှားနိုင်မည်ဟု ယုံကြည်မိပါသတည်း။ ။

# ပါဠိပထမပြန်စာမေးပွဲ သတ္တမနေ့ကျင်းပ

နေပြည်တော် ဇူလိုင် ၂၂

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ် ကျင်းပပြုလုပ်သော ၂၀၂၀ ပြည့်နှစ် ပါဠိပထမပြန်စာမေးပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၃ နာရီအထိ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၂၄၁ ဌာနတို့၌ (သတ္တမနေ့)အဖြစ် ဖြေဆိုကြသည်။

ပါဠိပထမပြန်စာမေးပွဲ(ပထမကြီး) သတ္တမနေ့ကို စာရင်းသွင်းသံဃာနှင့် သီလရှင် စုစုပေါင်း ၁၁၆၂၉ ပါးအနက် ၉၆၇၄ ပါး ဖြေဆိုကြပြီး ၈၃ ဒသမ ၁၉ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်တွင် မြန်မာ့ခရီးသွား ဘဏ်ခွဲသစ်ဖွင့်လှစ်

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း (အောက်ဘလောက်) တွင် ယနေ့နံနက်က မြန်မာ့ခရီးသွားဘဏ်ခွဲသစ်ကို ဖွင့်လှစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍတွင် ငွေကြေးဝန်ဆောင်မှုပေးသော ဘဏ်လုပ်ငန်းသည် အရေးပါသော အခန်းကဏ္ဍတွင် ရပ်တည်လျက်ရှိရာ ပုဂ္ဂလိကဘဏ်များတွင် နိုင်ငံတော်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှချမှတ်ထားသော စည်းကမ်းနှင့်အညီ မြန်မာ့ခရီးသွားဘဏ်ခွဲသစ်ကို ဖွင့်လှစ်ခဲ့၍ လက်ရှိတွင် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ မြဝတီ စသောမြို့များတွင် ဘဏ်ခွဲများ ဖွင့်လှစ်ကာ ဝန်ဆောင်မှုပေးလျက်ရှိပြီး မုံရွာ၊ တောင်ကြီးနှင့် အခြားမြို့နယ်တို့တွင်လည်း ဘဏ်ခွဲများ ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်**



# အောင်မြင်မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်မှုသမဝါယမအသင်းက မျိုးစပါးများနှင့် ပိုးသတ်ဆေးများ ကူညီလှူဒါန်း

ကြာအင်းဆိပ်ကြီး ဇူလိုင် ၂၂

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ခလယ်ကျေးရွာရှိ အောင်မြင်မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်မှုသမဝါယမအသင်းမှ အသင်းသားများ ပိုင်ဆိုင်သော လယ်ဧက ၃၆ ဧကကို ထွန်ယက်ပြုပြင်ပြီး ခြောက်ဧကကို မနေ့သုခ စပါးမျိုးများ စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် အသင်းသားများ စိုက်ပျိုးရေးလုပ်ငန်း အဆင်ပြေစေရန် မျိုးစပါးများနှင့် ပိုးသတ်ဆေးများကို အဆိုပါအသင်းနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကူညီလှူဒါန်းမှုများ ဆောင်ရွက်ကြောင်း သိရသည်။ (ဓာတ်ပုံ)

**သတင်းစဉ်**

# ဘုတ်ပြင်းမြို့နယ် ဒီရေတောဘေးမဲ့ဇုန်အတွင်း ကဏန်းများ မျိုးစိုက်ထည့်

ကော့သောင်း ဇူလိုင် ၂၂

ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ် အုန်းတောကမ်းကျေးရွာ အတွင်းရှိ ကဏန်းဘေးမဲ့ဇုန် ဒီရေတော ဧက ၁၀၀ အတွင်း ကဏန်းများ မျိုးစိုက်ထည့်လွှတ်ခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက ဆောင်ရွက်သည်။(ဓာတ်ပုံ)



ကဏန်းများ မျိုးစိုက်ထည့်လွှတ်ပွဲသို့ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးတင့်အောင်၊ ခရိုင်ဦးစီးဌာနမှူး ဦးသန့်ဇင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမင်းအောင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစံမွေးနှင့် သစ်တောဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခွန်ဦးစီးဌာနတို့မှ မြို့နယ်ဦးစီးဌာနမှူးများ၊ အုန်းတောကမ်းကျေးရွာ မြစိမ်းရောင်ကော်မတီ အဖွဲ့များ၊ ခရိုင်/မြို့နယ် ငါးလုပ်ငန်းဦးဌာန ဝန်ထမ်းများက ကဏန်းမည်းကောင်ရေ ၂၀၀၀ ကျော်အား ဒီရေတောအတွင်း လွှတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မန်းရေနံမြေ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးမည့် ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု MPRL E&P ပံ့ပိုး

မင်းဘူး ဇူလိုင် ၂၂

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် MPRL E&P Pte Ltd. သည် မန်းရေနံမြေဒေသခံများအတွက် ဆောင်ရွက်လျက်ရှိသည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်မည့် CSR လုပ်ငန်းများ၏ ကဏ္ဍတစ်ရပ်အနေဖြင့် ဒေသခံများ၏ အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ သူနာပြုအကူသင်တန်းသို့ တက်ရောက်နိုင်ရန် ဖိတ်ခေါ်ခဲ့ရာ မန်းရေနံမြေနှင့် ထိစပ်ကျေးရွာ ၁၄ ရွာမှ အရည်အချင်းပြည့်မီသည့် ကျောင်းသား ကျောင်းသူ ၁၅ ဦး လျှောက်ထားခဲ့သည်။




အဆိုပါ လျှောက်ထားသူများကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လဆန်းပိုင်းတွင် သင်တန်းဝင်ခွင့် ရရှိရေးအတွက် သင်တန်းမှူးက လူတွေ့စစ်ဆေးခဲ့ရာ မန်းရေနံမြေ ထိစပ်ကျေးရွာများဖြစ်သည့် ကျွဲချ၊ လေးအိမ်တန်းနှင့် လက်ပံတောကျေးရွာများမှ ဝင်ရောက်ဖြေဆိုသည့် ကျောင်းသူ သုံးဦး ရွေးချယ်ခံရပြီး MPRL E&P ၏ ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဖြင့် သူနာပြုအကူ နှစ်လတာ သင်တန်းကို မင်းဘူးမြို့နှင့် ရန်ကုန်မြို့တို့ရှိ ဧရာဝတီဆေးဝါးကျွမ်းကျင်နှင့် သူနာပြုအကူသင်တန်းကျောင်းနှင့် ပုဂ္ဂလိကသင်ကြားရေးဆေးရုံတို့တွင် သူနာပြုအကူဆိုင်ရာ ဘာသာရပ်များ စာတွေ့လက်တွေ့ သင်ကြား လေ့လာလျက်ရှိသည်။ ထို့ပြင် သင်တန်းပြီးစီးအောင်မြင်သည့် သင်တန်းသူများအနေဖြင့် အဆိုပါ သင်တန်းအကူအညီဖြင့် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့တွင် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ရရှိနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**သတင်းစဉ်**

# ဒီမိုကရေစီဝါဒကို ခေတ်စားအောင်လုပ်ရမယ်

ဒီမိုကရေစီဝါဒကိုသာ ခေတ်စားအောင် လုပ်ရမယ်။ အဲဒီဝါဒမျိုးအရသာ လွတ်လပ်တဲ့ ဗမာနိုင်ငံ ထူထောင်နိုင်အောင် ကြိုးစားရမယ်။ ဒီမိုကရေစီဝါဒသာ လွတ်လပ်ရေးနဲ့ ဆီလျော်တယ်။ ဒီဝါဒသာ ငြိမ်းချမ်းရေးကို အားပေးတယ်။ အဲဒါကြောင့် (ဒီမိုကရေစီ)ဝါဒကို ကျွန်တော်တို့ ရည်ရွယ်ရမယ်။

(၁၉၄၅ ခုနှစ် ဩဂုတ်လ စတုတ္ထအကြိမ် နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးတွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)



## လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၁၉/၂၀၂၀
၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၃ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၂ ရက်)

**လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသန်းထွန်းအောင်နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်စိုးမိုးတို့ကို စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ (ခ)၊ (င)၊ (စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ (ခ)၊ (စ)၊ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က)တို့ပါ ပြဋ္ဌာန်းချက်များအရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ အောက်ပါအရာရှိကြီးများကို ယှဉ်တွဲပါ တိုင်းဒေသကြီး အစိုးရအဖွဲ့များတွင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဗိုလ်မှူးကြီး ဝင်းတင်စိုး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့
(၂) ဗိုလ်မှူးကြီး ဝင်းတင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(ပုံ)ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် လှူဒါန်းမှုအား လက်ခံ

**နေပြည်တော် ဇူလိုင် ၂၂**

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ အတွင်းရေးမှူး (၂)၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ အလှူရှင်များက Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီထံသို့ လှူဒါန်းမှုများအား လက်ခံသည်။ **(အောက်ပုံ)**

ရှေးဦးစွာ ခိုလုံလီရှောတိုင်းရင်းသားများ ယဉ်ကျေးမှုအဖွဲ့ချုပ်၊ ဥက္ကဋ္ဌ၊ သူရဲကောင်းမှတ်တမ်းဝင် သီဟသုဓမ္မ မဏိဇောတဓရ ဦးကျော်မြင့်က အလှူရှင်များကိုယ်စား လှူဒါန်းရသည့် အကြောင်းရင်းများကို ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားချိန်တွင် နိုင်ငံအကျိုးအတွက် စုစည်းညီညွတ်စွာဖြင့် ဆောင်ရွက်နေမှုများနှင့် လှူဒါန်းမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ယခုကဲ့သို့ လှူဒါန်းမှုများသည် ယခု ကိုဗစ်-၁၉ ဖြစ်စဉ်တွင် လူနာများအတွက် အသုံးပြုနိုင်မည်သာမက ရေရှည်တွင် ကျန်းမာရေးစနစ် ပိုမိုကောင်းမွန်စေမည့် အရင်းအနှီး အထောက်အပံ့များ ဖြစ်သဖြင့် အကြိမ်ကြိမ် အကျိုးရှိနေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

လှူဒါန်းမှု အခမ်းအနားတွင် ခိုလုံလီရှော တိုင်းရင်းသားများ ယဉ်ကျေးမှုအဖွဲ့ချုပ်၊ ဥက္ကဋ္ဌ၊ သူရဲကောင်းမှတ်တမ်းဝင် သီဟသုဓမ္မ မဏိဇောတဓရ ဦးကျော်မြင့်နှင့် ဇနီး သီရိသုဓမ္မသီရိ ဒေါ်ဝင်းမြင့်က ကျပ်သိန်း ၁၃၆၀ တန်ဖိုးရှိ ပိုးသတ်သန့်စင်ဆေးဖျန်းယာဉ်၊ ဆိုင်ကယ်၊ ပိုးသတ်ဆေးရည်နှင့် တစ်ကိုယ်ရေ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများ၊ တယ်လီနောမြန်မာက ငွေကျပ် ၆၄၂၆၈၅၇၂ ဒသမ ၆၆ ကျပ်၊ တယ်လီနောမြန်မာ သုံးစွဲသူမိဘပြည်သူများ၏ စာတိုတစ်စောင် အလှူငွေတစ်ထောင် အစီအစဉ်က ငွေကျပ် ၅၇၃၁၄၂၇ ဒသမ ၂၄ ကျပ်၊ Connell Bros.Co. (Singapore) Pte Ltd.(Myanmar Branch) က အမေရိကန်ဒေါ်လာ ၈၀၀၀ တန်ဖိုးရှိ Hand Sanitizer ၁၀၀၀၊ DOW Chemical (Myanmar) Ltd က အမေရိကန် ဒေါ်လာ ၈၀၀၀ တန်ဖိုးရှိ Hand Sanitizer ၁၀၀၀၊ မိဘဆွေမျိုးများ အမှူးထား၍ မောင်သျှိုင်းထက်အောင် (၂၂) နှစ်ပြည့် မွေးနေ့အလှူငွေကျပ်သိန်း ၁၀၀ နှင့် ကဏ္ဍအသီးသီးရှိ ဆေးဝါးတက္ကသိုလ်ကျောင်းဆင်းများက ကျပ် ၄၃ ဒသမ ၁ သိန်းတို့အား လှူဒါန်းခဲ့ရာ ပြည်ထောင်စုဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းတို့က လက်ခံခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။



ဆက်လက်၍ ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း ဥက္ကဋ္ဌ ဦးခင်စိုးနှင့် အသင်းဝင်များက Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီထံသို့ ငွေကျပ် ၃၄၅၁၄၂၀၀ တန်ဖိုးရှိ မြေပဲဆီနှင့် နေကြာဆီ အမျိုးမျိုး ၁၀၀၁၄ ဘူးအား လှူဒါန်းမှုများအတွက် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ် ဖလမ်း မြို့ပြစီမံကိန်းအတွင်း မြေကွက်များ ရောင်းချရေး ဆွေးနွေး



**ဖလမ်း ဇူလိုင် ၂၂**

ဖလမ်းမြို့ မြို့ပြစီမံကိန်းအတွင်းရှိ မြေကွက် ၂၄၇ ကွက်ကို ပြည်သူများထံ ရောင်းပေးနိုင်ရေးအတွက် ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် ဖလမ်းမြို့ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၀ ရက်က ဖလမ်းမြို့ တောင်ဇလပ်ရိပ်သာခန်းမ၌ ကျင်းပသည်။ **(ဝဲပုံ)**

အစည်းအဝေးတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်တို့က အမှာစကားပြောကြားပြီး ဖလမ်းမြို့ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဒါရ်လျန်အုပ်က မြေကွက်ရိုက်ခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီး၊ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများက ရောင်းချမည့် အစီအစဉ်များနှင့်ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေးကြသည်။

ဖလမ်းမြို့ မြို့ပြစီမံကိန်းအရ တလန်လိုရပ်ကွက်နှင့် ကျင်မွှာလ်ရပ်ကွက်များရှိ လမ်းဖောက်ထားပြီးသည့် မြေကွက် ၂၄၇ ကွက်မှ အကျယ်အဝန်း ပေ(၈၀x၆၀) ပထမတန်းကို ကျပ်သိန်း ၃၀၊ ဒုတိယတန်းကို ကျပ်သိန်း ၂၀ နှင့် တတိယတန်းကို ကျပ် ၁၀ သိန်းဖြင့် ပြည်သူများအား မဲနှိုက်စနစ်ဖြင့် ရောင်းချပေးရန်နှင့် အဆိုပါ မြေနေရာများကို အစိုးရထံ လှူဒါန်းခဲ့ကြသည့် ဆွန်တလာကျေးရွာနှင့် စီဇာမွှာလ်ကျေးရွာများအတွက် တစ်ရွာလျှင် မြေကွက် ၁၀ ကွက်စီကို မဲနှိုက်ပေး၍ အခမဲ့ချထားပေးရန်တို့ကို အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မန္တလေးတိုင်းဒေသကြီး အမရပူရမြို့ ရေဘေးသင့်ပြည်သူများ အမြန်ဆုံးပြန်လည်ထူထောင်နိုင်ရေး ညှိနှိုင်းဆွေးနွေး လိုအပ်သည်များ ထောက်ပံ့ပေးအပ်

**အမရပူရ ဇူလိုင် ၂၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ဒုတိယဝန်ကြီး ဦးစိုးအောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက အမရပူရမြို့ သံသေကပ်ကျော်ဆုတောင်းပြည့် မြတ်စွာဘုရားတန်ဆောင်း၊ အေးချမ်းသာဓမ္မကျောင်းဆောင်၊ မဟာဗောဓိသန်တောင်မြတ်စွာဘုရားတန်ဆောင်း၊ ပိန်းတန်းအစိုးရမူလတန်းကျောင်းနှင့် သီလသမာဓိပညာမဂ္ဂင်ဓမ္မာရုံတို့၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်းများသို့ ရောက်ရှိပြီး ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့အနေဖြင့် ဘေးဒဏ်ခံစားရသူများအား လာရောက်အားပေး ပံ့ပိုးကူညီပေးခြင်းဖြစ်ကြောင်း၊ လိုအပ်ချက်များကို အတတ်နိုင်ဆုံးဖြည့်ဆည်းပေးမည်ဖြစ်ပါကြောင်း၊ မြစ်ရေဝင်ရောက်မှုအား ပိတ်ဆို့ခြင်းနှင့် ရေနစ်မြုပ်နေရာများ ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီးအစိုးရ၊ မြို့တော်စည်ပင်၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဆက်စပ်ဌာနဆိုင်ရာများ၊ လူမှုအဖွဲ့အစည်းများ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဘေးဒုက္ခမျိုးသည် ခဏမျှသာဖြစ်ပါကြောင်း၊ စိတ်ဓာတ်မကျရန် လိုအပ်ပြီး အားလုံးဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း၊ COVID – 19 ရောဂါကာကွယ်ရေးကိုလည်း အထူးဂရုစိုက်စေလိုပါကြောင်း ပြောကြားပြီး ယခင်နှစ်များ၏ ရေဘေးအတွေ့အကြုံများနှင့် ပတ်သက်၍ အပြန်အလှန် မေးမြန်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရေဘေးသင့်ပြည်သူများအတွက် တစ်ပတ်စာ ဆန်ရိက္ခာဖိုး ငွေကျပ် ၂၁၇၈၉၆၀၀ အပါအဝင် ခေါက်ဆွဲခြောက်ထုပ်များ၊ ရေသန့်ဘူးများ၊ နှာခေါင်းစည်းများနှင့် လက်ဆေးဆပ်ပြာများကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တာရိုးကျိုးပေါက်မှု ဖြစ်ပွားသည့်နေရာသို့ ရောက်ရှိပြီး တာရိုးကျိုးပေါက်မှုအား ပြန်လည်ပြုပြင်ဆောင်ရွက်ထားမှု၊ ရေဝတီမြစ်ရေဝင်ရောက်ခြင်းအား ပိတ်ဆို့နိုင်မှုနှင့် ရေဝင်ရပ်ကွက်များမှ ရေများ အမြန်ဆုံးလျော့နည်းသွားစေရန် စုပ်ထုတ်ပေးနေမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုသည်။


ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့်အဖွဲ့ တာရိုးကျိုးပေါက်မှုအား ပြန်လည်ပြုပြင်ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကျော်လင်း၊ ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မြို့တော်ဝန်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ရေများ အမြန်ဆုံးစုပ်ထုတ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်မှုအခြေအနေနှင့် ပံ့ပိုးကူညီပေးနိုင်မည့် ကိစ္စရပ်များ၊ နှစ်စဉ်ရေဘေးကြုံတွေ့ရသည့် ရပ်ကွက်များအတွက် ရေရှည်ဆောင်ရွက်ပေးနိုင်မည့် ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြစ်ရေစုပ်ထုတ်သည့်လုပ်ငန်းစဉ် ပိုမိုမြန်ဆန်စွာ ဆောင်ရွက်နိုင်ရန်နှင့် လိုအပ်သည့် ရေစုပ်စက်ကြီးများနှင့် ဆက်စပ်ပစ္စည်းများ အမြန်ဆုံး ဝယ်ယူအသုံးပြုနိုင်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေမှ ငွေကျပ်သိန်း ၁၀၀၀ နှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ စက်သုံးဆီဖိုး ငွေကျပ် ၇၀၅၆၀၀၀ တို့ကို တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေဝင်ရောက်နေသည့် ကျန်တန်းရပ်ကွက်အတွင်းသို့ လှေဖြင့် သွားရောက်ကြည့်ရှုပြီး ပွဲတော်ကျောင်းတိုက်ရှိ ရေဘေးသင့်ပြည်သူများအား အားပေးထောက်ပံ့ကာ ရေဘေးသင့်ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု ခံယူလျက်ရှိသော အမရသုခ ကုသိုလ်ပြုဆေးခန်းအတွက် ထောက်ပံ့ငွေ ကျပ် ၁၀ သိန်းနှင့် ရေဘေးကယ်ဆယ်ရေးအတွက် အသုံးပြုနိုင်ရန် ဖိုက်ဘာလှေသုံးစင်းတို့ကို ပွဲတော်ကျောင်းတိုက်ဆရာတော်ထံ လှူဒါန်းသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယာယီရေဘေးကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိသည့် ဘုန်းကြီးကျောင်းများသို့ သွားရောက်ပြီး ဆရာတော်များအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယနေ့အထိ အမရပူရမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့ပေးခဲ့သည့် ဆန်ရိက္ခာဖိုး၊ ခေါက်ဆွဲခြောက်နှင့် ရေသန့် စုစုပေါင်းတန်ဖိုး ငွေကျပ် ၅၀၂၄၅၃၀၀ (ကျပ် ငါးရာ့ နှစ်သိန်း လေးသောင်းငါးထောင့် သုံးရာတိတိ) ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၂**

မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက အမှတ် (၅၀) ရွှေတောင်ကြားလမ်း ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ ရုပ်ရှင်အနုပညာရုပ်ဝန်း စတူဒီယို (၁) တွင် ကျင်းပရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်နှင့် လုပ်ငန်းကော်မတီဝင်များ တက်ရောက်ဆွေးနွေးကြသည်။


ဒုတိယဝန်ကြီး ဦးအောင်လှထွန်း မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

အစည်းအဝေးတွင် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနားကို အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် ယခင်နှစ်ကပင် စတင်ဆွေးနွေး တိုင်ပင်ဆောင်ရွက်ခဲ့ပါကြောင်း၊ နှစ်(၁၀၀)ပြည့် သမိုင်းဝင်အခမ်းအနားကြီးတစ်ခု ဖြစ်သဖြင့် ရုပ်ရှင်လောကအတွက်သာမက နိုင်ငံတော်အတွက်ပါ လွန်စွာထူးခြားသည့် အခမ်းအနားကြီး ဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလဖြစ်သည့်အတွက် ကန့်သတ်ချက်များကြားမှ မည်သို့ကျင်းပပြုလုပ်နိုင်သည်ကို နည်းလမ်းရှာဖွေဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ရာပြည့်အခမ်းအနား ကျင်းပပြုလုပ်နိုင်ရေးအတွက် လိုအပ်သည့် ဆပ်ကော်မတီ ၁၆ ခုကို ဖွဲ့စည်းတာဝန်ပေးထားပြီး ဖြစ်ပါကြောင်း။

မိမိတို့၏ တာဝန်မှာ ဆပ်ကော်မတီများ၏ လိုအပ်ချက်များကို ကူညီပေးရမည်ဖြစ်သကဲ့သို့ မိမိတို့ ဆောင်ရွက်လိုသည့် အစီအစဉ်များကိုလည်း ဦးစီးကော်မတီထံ တင်ပြအတည်ပြုချက် ရယူပေးရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်း အကြံပြုဆွေးနွေးပေးကြပါရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ဘဏ္ဍာငွေရှာဖွေရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်က ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်က ဆပ်ကော်မတီအသီးသီးက တင်ပြထားသည့် တင်ပြချက်များအနက် လုပ်ငန်းကော်မတီမှ ဆွေးနွေးဆုံးဖြတ်ပေးရန် လိုအပ်သည့် အချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီဝင်များက မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သည့်ကိစ္စများအား ဆွေးနွေးကြသည်။

မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနားကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီကို အဖွဲ့ဝင် ၄၀ ဖြင့် ၂၀၂၀ ပြည့်နှစ် မတ် ၂၇ ရက်တွင် ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီး လုပ်ငန်းတာဝန်များအဖြစ် လိုအပ်သည့် ဆပ်ကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ရေးနှင့် လုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်ရေး၊ ဆပ်ကော်မတီအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းကူညီဆောင်ရွက်ပေးရေးနှင့် အသုံးစရိတ်များ စိစစ်ကြပ်မတ်ရေးများအပါအဝင် လုပ်ငန်းတာဝန် ၄ ရပ် ပေးအပ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်နှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသကြားပြေးဆွဲသည့် ရေယာဉ်အချို့ ပုံမှန်ပြန်လည်ပြေးဆွဲ

**ရန်ကုန် ဇူလိုင် ၂၂**

ရန်ကုန်နှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသကြား ပြေးဆွဲသည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲမှ သင်္ဘောနှစ်လိုင်းနှင့် ပုဂ္ဂလိကရုပ်ပြေးရေယာဉ်လိုင်း နှစ်လိုင်းကို ပုံမှန်ပြန်လည်ပြေးဆွဲလျက်ရှိပြီး ကုန်တင်သင်္ဘောများမှအပ ကျန်သင်္ဘောလိုင်း များမှာ ကိုဗစ်ကာလ ခေတ္တရပ်နားပြီးနောက် ပြန်လည်ပြေးဆွဲခြင်း မရှိသေးကြောင်း သိရသည်။

“စနေနေ့မှာ ရန်ကုန်-ကျုံမငေး သင်္ဘောနဲ့ ကြာသပတေးနေ့မှာ ရန်ကုန်-ကြာကန် သင်္ဘောနှစ်စင်းက သကြန်ပြီးကတည်းက အဲဒီနှစ်ကြောင်းပဲ ပြေးဆွဲတော့တယ်။ ကျန်တာတွေ ရပ်ထားတယ်။ ပန်းဆိုးတန်း-ဒလ ချယ်ရီသင်္ဘောကတော့ တစ်နေ့ ၄၆ ခေါက် ပုံမှန်ပြန်ဆွဲ နေပါတယ်။ ရန်ကုန်-ဒလ ဇက်ရေယာဉ်နှစ်စင်းက တစ်နေ့ ၁၆ ခေါက် ပြေးဆွဲနေပါတယ်” ဟု ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲမှ လက်ထောက်အထွေထွေမန်နေဂျာ ဦးလှဝင်းနိုင်က ပြောသည်။

ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဝင် ဦးသိန်းနိုင်ဦးကလည်း “ပုဂ္ဂလိကရုပ်ပြေးရေယာဉ်နဲ့ တစ်ရက်ကို လူနှစ်ရာ၊ သုံးရာလောက်ကတော့ မော်ကျွန်းနဲ့ ဘိုကလေးကို ပုံမှန်ပြေးဆွဲနေပါတယ်။ ဇွန် ၇ ရက်ကနေပြီး ဇူလိုင် ၁၅ ရက်အထိ ကျန်းမာရေးစစ်ဆေးတာတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ဖျာပုံနဲ့ ကျိုက်လတ်ကတော့ ကြိုကြားကြိုကြား ပြေးဆွဲနေပါတယ်။ ဈေးလည်း ပိုမတောင်းပါဘူး။ ကျန်လိုင်းတွေကတော့ မဆွဲသေးပါဘူး” ဟု ပြောသည်။

ရန်ကုန်မြို့နှင့် မြစ်ဝကျွန်းပေါ်ဒေသမြို့များကြား ပြေးဆွဲသည့် သင်္ဘောလိုင်းများမှာ ပုသိမ်၊ ဖျာပုံ၊ ကျိုက်လတ်၊ မော်လမြိုင်ကျွန်း၊ ကျုံမငေးမြို့ ခရီးစဉ်များဖြစ်ပြီး ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မတ်လနောက်ဆုံးအပတ်မှစ၍ ကုန်သင်္ဘောများမှအပ ခရီးသည်တင်သင်္ဘောများအားလုံး ပြေးဆွဲမှုကို ယာယီရပ်နားထားခဲ့ကြောင်း သိရသည်။

**သန့်ဇင်ဝင်း**

# ပြည်သူသာလျှင် အဓိက

## နိုင်ငံတော် အရေးပေါ်ဆန်များ ဝယ်ယူရေး၊ သိုလှောင်ရေး၊ ဖြန့်ဖြူးရေးကိစ္စများနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၂**

နိုင်ငံတော်အရေးပေါ်ဆန်များ ဝယ်ယူရေး၊ သိုလှောင်ရေး၊ ဖြန့်ဖြူးရေးကိစ္စများနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ကိုဗစ်-၁၉ ရောဂါဖြစ်နေသည့် ကာလတွင် အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာပါက နိုင်ငံတော်အရေးပေါ် ရိက္ခာဆန် တန်ချိန် ၅၀၀၀၀ ဝယ်ယူစုဆောင်းနိုင်ရေး စီမံဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအချိန်အထိ ဆန်တန်ချိန် ၅၀၀၀၀ ဝယ်ယူမှုအနေဖြင့် အားလုံးနီးပါး ပြည့်မီသွားပြီဖြစ်သည့်အတွက် ဩဂုတ် ၁ ရက်မှစ၍ Exporter များထံမှ ပို့ကုန်လိုင်စင်အပေါ် အရန်ရိက္ခာဆန်ပေးသွင်းရမှုကို ခေတ္တရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း၊ ယခုအစည်းအဝေးတွင် ဝယ်ယူပြီး ဆန်တန်ချိန် ၅၀၀၀၀ ကို သင့်တင့်ဈေးနှုန်းဖြင့် တိုင်းဒေသကြီး / ပြည်နယ်များသို့ ပြန်လည် ရောင်းချနိုင်ရေးအတွက် တိုင်းဒေသကြီး / ပြည်နယ်အလိုက် လိုအပ်ချက်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားသည်။



အဆိုပါ အစည်းအဝေးသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

## JMC အဆင့်ဆင့် အရပ်သားကိုယ်စားလှယ်များ၏ နဝမအကြိမ် မျက်နှာစုံညီအစည်းအဝေး ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၂**

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ JMC အဆင့်ဆင့် အရပ်သားကိုယ်စားလှယ်များ၏ နဝမအကြိမ် မျက်နှာစုံညီအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) တွင် ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ အရပ်သားကိုယ်စားလှယ်များ မျက်နှာစုံညီအစည်းအဝေး၏ သဘာပတိ JMC-U ဒုတိယဥက္ကဋ္ဌ(၂) သိက္ခာတော်ရ ဆရာတော် စောမက်သယူးအေးက အဖွင့်အမှာစကားပြောကြားရာတွင် နှစ်နှစ်နီးပါးကြာ ကျင်းပနိုင်ခြင်း မရှိသည့် JMC-U အစည်းအဝေးကို ပြီးခဲ့သည့် ဇူလိုင်လဆန်းတွင် နေပြည်တော်၌ ကျင်းပခဲ့ရကြောင်း၊ အဆိုပါ အခင်းအကျင်းများကြားတွင် အရပ်သားကိုယ်စားလှယ်များအနေဖြင့် မိမိတို့တတ်နိုင်စွမ်းရှိသလောက် အကောင်းဆုံးလုပ်နေကြောင်း၊ JMC အဆင့်ဆင့်တွင်ရှိသည့် အရပ်သားကိုယ်စားလှယ်များသည် ယခုကာလအတွင်း သက်ဆိုင်ရာ လက်နက်ကိုင်အဖွဲ့အစည်းများကြား စေ့စပ်ညှိနှိုင်းရေးခရီးစဉ် (၁၂) ကြိမ်ရှိကြောင်း၊ တံ့ဆိုင်းနေဆဲကာလ၌ပင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအပေါ်တွင် ပြည်သူများစိုးရိမ်ကြောင့်ကြမှု လျော့ပါးရေးအတွက် လူထုရှင်းလင်းပွဲ (၅၄) ကြိမ် ပြုလုပ်နိုင်ခဲ့ကြောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများကြား JMC ဆိုင်ရာအကြောင်းရှင်းလင်းတင်ပြခြင်း ဆွေးနွေးပွဲ (၅) ကြိမ်ကျင်းပခဲ့ပြီး အရပ်ဘက်လူမှုအဖွဲ့အစည်း (၁၄၈) ဖွဲ့မှ ကိုယ်စားလှယ် ၃၆၁ ဦး တက်ရောက်ပါဝင်ဆွေးနွေးမှုများရှိကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကြား JMC ဆိုင်ရာအကြောင်း ရှင်းလင်းခြင်း (၃) ကြိမ်ရှိခဲ့ပြီး JMC ဆိုင်ရာ ပညာရှင်စကားဝိုင်း (၂) ကြိမ် ပြုလုပ်နိုင်ခဲ့ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးဆိုင်ရာ JMC-S တွင် JMC ဆိုင်ရာသင်တန်း (၁၅) ကြိမ် ပြုလုပ်နိုင်ခဲ့ကြောင်း၊ ထို့ပြင် အားကစား ပြိုင်ပွဲ (၂) ကြိမ်နှင့် JMC ဆိုင်ရာ အသိပညာပေးပြခန်းဖွင့်လှစ်မှု (၁၃) ကြိမ် လုပ်ဆောင်ခဲ့ကြောင်း။

### ကြိုးပမ်းမှုရလဒ်

ထို့အတူ ပြီးခဲ့သည့် ဇူလိုင်လ ပထမပတ်တွင် ကျင်းပခဲ့သည့် JMC-U (၁၉) ကြိမ်မြောက်အစည်းအဝေးတွင် JMC ဆိုင်ရာလုပ်ငန်းများ အဆင်ပြေစွာလည်ပတ်နိုင်ရေးအတွက် အရပ်သား JMC အဆင့်ဆင့် ကိုယ်စားလှယ်များ တင်ပြသည့် အဆိုပြုချက် (၂၁) ချက်အနက် (၁၂) ကို ဆွေးနွေးအတည်ပြုနိုင်ခြင်းသည် အရပ်သားကိုယ်စားလှယ်များ၏ ကြိုးပမ်းမှုရလဒ်ဟု ကောက်နုတ်တင်ပြလိုပါကြောင်း၊ ထို့ကြောင့် JMC အဆင့်ဆင့် အရပ်သားကိုယ်စားလှယ်များ၏ ပါဝင်ရန်းကန်မှုသည် ရပ်တန့်သွားရန် ရှိမည်မဟုတ်ကြောင်း၊ အရပ်သားကိုယ်စားလှယ်များအနေဖြင့် ရှေ့ဆက်သွားမည့်ခရီးစဉ်တွင် မိမိကိုယ်ကိုယ်ယုံကြည်စိတ်ချမှုရှိရန် တွန်းအားပေးလိုကြောင်း၊ လက်နက်ကိုင်အဖွဲ့အစည်းနှစ်ခုအကြားတွင် ရုန်းကန်ရသည့်အခါ၌ တစ်ခါတစ်ရံ အခက်အခဲများ ရှိပါကြောင်း၊ မိမိကိုယ်ကိုယ် ယုံကြည်စိတ်ချနိုင်မှသာ မိမိတို့ အရပ်သားကိုယ်စားလှယ်များသည် နှစ်ဖက်အဖွဲ့အစည်းများအကြား ကြားခံအနေဖြင့် ရုန်းကန်နိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့၏ စွမ်းအင်မြှင့်တင်ရေးကို စဉ်ဆက်မပျက် လုပ်ဆောင်ရန် လိုအပ်ပြီး နည်းပညာအထောက်အကူပြုရုံး (TSC)မှ ပံ့ပိုးကူညီမှုများ ပေးနိုင်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် အရပ်သားကိုယ်စားလှယ်များ မျက်နှာစုံညီအစည်းအဝေး၏ သဘာပတိအဖွဲ့ဝင်နှင့် JMC-U ကော်မတီဝင်များဖြစ်ကြသည့် ဦးမောင်မောင်ငြိမ်းနှင့် သူရဦးဘိုနီတို့က အဖွင့်အမှာစကားများ ဆက်လက်ပြောကြားသည်။

ယနေ့ အစည်းအဝေးသို့ JMC အဆင့်ဆင့်မှ အရပ်သားကိုယ်စားလှယ် ၃၅ ဦး တက်ရောက်ခဲ့ကြပြီး အစည်းအဝေးတွင် ရှမ်း၊ တနင်္သာရီ၊ ကရင်၊ မွန်၊ ပဲခူးတို့မှ JMC-S (ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ) အရပ်သားကိုယ်စားလှယ်များက ၎င်းတို့၏ ဆောင်ရွက်ချက်များကို တင်ပြခြင်းနှင့် ဆွေးနွေးမှတ်တမ်းတင်ခြင်း၊ လင်းခေးနှင့် ဖာပွန်တို့မှ JMC-L (ဒေသန္တရအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ) အရပ်သားကိုယ်စားလှယ်များက တင်ပြခြင်းနှင့် ဆွေးနွေးမှတ်တမ်းတင်ခြင်း၊ အဋ္ဌမအကြိမ် JMC အရပ်သားကိုယ်စားလှယ်များ၏ မျက်နှာစုံညီအစည်းအဝေး ဆုံးဖြတ်ချက်မှတ်တမ်းများနှင့် (၁၉) ကြိမ်မြောက် JMC-U အစည်းအဝေး ဆုံးဖြတ်ချက်များကို ဆောင်ရွက်ထားရှိမှုများအား နည်းပညာအထောက်အကူပြုရုံးအဖွဲ့(TSC)က ပြန်လည်တင်ပြခြင်း၊ အရပ်သားကိုယ်စားလှယ်များ၏ လုပ်ငန်းလမ်းညွှန်အား ဆွေးနွေးခြင်း၊ အထွေထွေဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ချက်များအား အတည်ပြုခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အရပ်သားကိုယ်စားလှယ်များ၏ မျက်နှာစုံညီအစည်းအဝေးကို ဇူလိုင် ၂၂ ရက်မှ ၂၃ ရက်အထိ နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်သည်။

LCM ဖွဲ့စည်းရေးနှင့် JMC-L များ ထပ်မံတိုးချဲ့ဖွဲ့စည်းရေးနှင့် ပတ်သက်၍ JMC-U အရပ်သားကိုယ်စားလှယ်ကော်မတီဝင် ဦးကိုကိုကြီးက "ဒေသခံအရပ်သားစောင့်ကြည့်သူ (LCM) ထားဖို့အတွက် အခက်အခဲဖြစ်သွားတာက ဆိုင်းငံ့ကာလကြောင့်ပါ။ ဆိုင်းငံ့ကာလ ၁ နှစ်နဲ့ ၁၀ လအကြာ ပြီးခဲ့တဲ့ ဇူလိုင်လဆန်းမှာတော့ စုံညီအစည်းအဝေး JMC-U ကို ပြန်လည်ကျင်းပနိုင်တယ်။ အဲဒီကနေ နောက်ထပ် နှစ်ဖက်ဆွေးနွေးမှု (bilateral) တွေ ပြီးသွားရင် ဒေသခံအရပ်သားစောင့်ကြည့်သူတွေ ဖွဲ့စည်းနိုင်မှာပါ။ JMC-L က ဖာပွန်နဲ့ လင်းခေးမှာ ဖွဲ့ထားပါတယ်။ JMC-L တွေ ဆက်လက်ဖွင့်လှစ်ဖို့ လျာထားတာတွေရှိပါတယ်။ ဆွေးနွေးညှိနှိုင်းမှုတွေ ရပ်တန့်သွားတဲ့အတွက်ကြောင့် ဒါတွေကို ဆိုင်းငံ့ထားတာပါ။ ဒါကလည်း ကျွန်တော်ပြောခဲ့တဲ့ စုံညီအစည်းအဝေးနဲ့ bilateral အစည်းအဝေးပေါ်မှာပဲ မူတည်နေပါတယ်" ဟု ပြောသည်။

### ပြန်လည်ကျင်းပ

JMC အဆင့်ဆင့်၏ အဋ္ဌမအကြိမ် (၈ ကြိမ်) မြောက် အရပ်သားကိုယ်စားလှယ် မျက်နှာစုံညီအစည်းအဝေးကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်က ထားဝယ်မြို့တွင် ကျင်းပခဲ့ပြီး အရပ်သားကိုယ်စားလှယ် မျက်နှာစုံညီအစည်းအဝေးကို လေးလတစ်ကြိမ်ကျင်းပရန် သတ်မှတ်ခဲ့ကြသည်။ ထိုသို့ သတ်မှတ်ခဲ့ပြီးနောက် နဝမအကြိမ် (၉ ကြိမ်) အစည်းအဝေးကို ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့တွင် ဧပြီ ၂ ရက်မှ ၄ ရက်အထိ ကျင်းပရန် လျာထားခဲ့သော်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် ယနေ့တွင်မှ ပြန်လည်ကျင်းပခဲ့ရခြင်း ဖြစ်သည်။



**သတင်း- ရဲခေါင်ညွန့်၊ ဓာတ်ပုံ- ဖိုးထောင်**

# တောင်ငူခံတပ်(မြို့လေးခံတပ်)

သောင်းကေတု

ရန်ကုန်-မန္တလေးအမြန်ရထားသည် တောင်ငူဘူတာမှ မန္တလေးဘက်သို့ ဆက်လက်ထွက်ခွာလာပါသည်။ ဘူတာမှအထွက် လက်ယာဘက်တွင် နီညိုရောင်မှိုင်းနေသော အုတ်နံရံကြီးတစ်ခုကို တွေ့ရပါသည်။ ကေတုမတီတောင်ငူမြို့၏ မြို့ရိုးကြီးဟု ထင်မှတ်ပေလိမ့်မည် မဟုတ်ပါ။ အင်္ဂလိပ်တို့ တည်ဆောက်ခဲ့သော တောင်ငူခံတပ်၏ မြောက်ဘက်အုတ်နံရံကြီးဖြစ်ပါသည်။ ၁၈၅၂ ခုနှစ် ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲအပြီးတွင် တောင်ငူနယ် ရေနီအထိ အင်္ဂလိပ်တို့ သိမ်းယူခဲ့သည်။ ရောဝတီမြစ်ဝှမ်းတွင် သရက်၊ အောင်လံအထိ အောက်မြန်မာပြည် ကျဆုံးခဲ့ရသည်။ မြန်မာဘုရင်၏ ပြန်လှန်တိုက်ခိုက်မှုကို ကာကွယ်ရန် သရက်နှင့် တောင်ငူမြို့တို့တွင် ခံတပ်များဆောက်ခဲ့ကြသည်။ ဘူတာလမ်းအတိုင်းသွားပါက ကေတုမတီ ရဲရိပ်သာရှေ့တွင် သာရမဏ္ဍူမြို့ထောင့်စေတီ ဆိုင်းဘုတ်ကိုတွေ့ပါမည်။ ထိုလမ်းမှ ဝင်သွားပါက ညောင်မြစ်များ တွယ်ကပ်ပေါက်ရောက်နေသော ရှေးဟောင်းအုတ်တံတိုင်းကြီးနှင့် ခံတပ်အဝင်ပေါက်ကို ရောက်ပါပြီ။



## နောက်ခံသမိုင်း

အေဒီ ၁၅၁၀ ပြည့်နှစ်တွင် မဟာသီရိဇေယျသူရ မင်းကြီးညိုသည် ကေတုမတီမြို့တော်သစ်ကို တည်သည်။ လက်ရှိစံမြန်းနေသော ဒွါရာဝတီမြို့တော်မှာ စစ်တောင်းမြစ်နှင့် ခပေါင်းချောင်းဆုံရာအရပ်တွင် တည်ရှိကာ ကြီးထွားလာသော လူသူစစ်သည်ဆင်မြင်းတို့နှင့် နေရာကျဉ်းမြောင်းလာသည်။ ထို့ကြောင့် ဒွါရာဝတီမြို့တော်၏ အနောက်မြောက်ဘက်စစ်တောင်းမြစ် အနောက်ဘက်ကမ်း မြေပြန့်သောနေရာတွင် သဘာဝကြာအင်းကို မြို့အတွင်းသို့ ထည့်သွင်းပြီး ကေတုမတီမြို့တော်သစ်ကို တည်သည်။ အရှေ့အနောက် တာ ၇၀၀၊ တောင်မြောက် တာ ၅၀၀၊ မြို့တံခါး ၂၀၊ သိမ် ၂၀၊ မြို့ထောင့်စေတီလေးဆူ၊ ရေကျုံးနှံ့ကျုံးနှစ်ထပ် ကာရံထားသည်။ သားတော် တပင်ရွှေထီး၊ သမက်တော် ဘုရင့်နောင်တို့လက်ထက်တွင် ဟံသာဝတီသို့ ပြောင်းရွှေ့နန်းစိုက်သည်။ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်တို့တွင် တောင်ငူသည် ဘုရင်ခံ၊ မြို့ဝန်တို့ အုပ်ချုပ်ရာ မြို့ကြီးတစ်ခုဖြစ်ခဲ့သည်။ တောင်ငူ ၅၂ မြို့ကို တောင်ငူ မြို့မှ စီမံအုပ်ချုပ်သည်။

ကိုလိုနီခေတ် ၁၈၆၄ ခုနှစ်တွင် တောင်ငူခံတပ်ကို ဆောက်လုပ်သည်။ မင်းကြီးညိုတည်ခဲ့သော အရှေ့မျက်နှာ တံခါးငါးခုအနက် တောင်ဘက်အစွန်ဆုံး ကျောက်ရင်းတံခါးသည် ခံတပ်၏ အဓိကဝင်ပေါက်ဖြစ်လာသည်။ သာရမဏ္ဍူ မြို့ထောင့်စေတီကို ဖြိုဖျက်ကာ ခံတပ်ကြီး တည်ဆောက်ခဲ့ကြသည်။

၁၈၅၂ ဒုတိယစစ်ပွဲအပြီးတွင် မြန်မာဘုရင်၏ ရန်မှ ကာကွယ်ရန် ရောဂတီနှင့် စစ်တောင်းမြစ်ကမ်းပေါ်တွင် ခံတပ်များ ဆောက်လုပ်သည်။ သရက်နှင့် တောင်ငူမြို့များတွင် ခံတပ်များ ဆောက်လုပ်သည်။ အဓိကရေကြောင်းလမ်းဖြစ်သော ရောဝတီမြစ်၏ အနောက်ဘက်ကမ်းတွင် တည်ရှိသော သရက်ခံတပ်မှာ အလျား ကိုက် ၅၀၀၊ အနံ ကိုက် ၂၅၀ ရှိပြီး ပိုမိုကြီးမားခိုင်ခံ့သည်။

## ခံတပ်အရွယ်အစား

စစ်တောင်းမြစ်ကမ်းတွင် တည်ရှိသော တောင်ငူခံတပ်မှာ အရွယ်အစားသေးငယ်သည်။ အဓိကရည်ရွယ်ချက်မှာ ဗြိတိသျှစစ်တပ် စခန်းချရန်နှင့် စစ်ဖြစ်ပွားလာပါက ဥရောပတိုက်သားများ ခိုလှုံနိုင်ရန်ဖြစ်သည်။ မင်းကြီးညိုတည်ခဲ့သော ကေတုမတီမြို့၏ အရှေ့တောင်ထောင့်မြို့ရိုးပေါ်တွင် တည်ဆောက်သည့်ခံတပ်မှာ လေးထောင့် စတုဂံပုံသဏ္ဌာန်ရှိပြီး အရှေ့ဘက်နှင့် တောင်ဘက်မျက်နှာမှာ ပေ ၉၀၀ ရှည်လျားပြီး၊ မြောက်ဘက်နှင့် အနောက်ဘက် မျက်နှာ ပေ ၇၅၀ ရှည်လျားသည်။ ၁၈၆၄ ခုနှစ်တွင် ကာနယ်ဘရောင်းက တည်ဆောက်ခဲ့သည်။ အရှေ့ဘက်နှင့် တောင်ဘက်မှာ မြို့ရိုးဟောင်းပေါ်တွင် အုတ်တံတိုင်း ထပ်ဆင့်ပြီး မြောက်ဘက်နှင့် အနောက်ဘက်မှာ ၂၃ ပေ မြင့်သော အုတ်ရိုးအသစ် တည်ဆောက်ရသည်။ အရှေ့ဘက်နှင့် တောင်ဘက်မှာ ကျုံးများ ကာရံထားပြီး ကျန်နှစ်ဖက်မှာ ကျုံးမရှိပေ။ ၁၈၇၃ မြေပုံတွင် ယင်းကျန်နှစ်ဖက်ကို ပတ်၍ မြောင်းတူးထားသည်ကို တွေ့ရသည်။

၁၈၇၁ ခုနှစ် ဗိုလ်မှူးချုပ်နော်မန်၏ အစီရင်ခံစာအရ ခံတပ်တွင် ၁၂ ပေါင်ဒါ တောင်ပေါ်ပစ် ဟောင်ဝစ်ဇာ အမြောက် ၄ လက်၊ ၈ လက်မဟောင်ဝစ်ဇာ အမြောက် ၁ လက်၊ ကယ်ရီယာပါ ၉ ပေါင်ဒါအမြောက် ၉ လက် ရှိကြောင်း သိရသည်။ ခံတပ်တွင် အမြောက်တပ်ခွဲ တစ်ခွဲထားပြီး ဆင်ဖြင့် သယ်ဆောင်သော ၉ ပေါင်ဒါ အမြောက်တပ်ခွဲကို ၁၈၈၅ ခုနှစ်တွင် ထပ်မံတိုးချဲ့ထားသည်။ ထိုအချိန်က တောင်ငူသို့ ရထားလမ်းမဖောက်သေးပါ။ ၁၈၇၃ ခုနှစ် မြေပုံတွင် ယခုဘူတာနေရာ၌ ရေအိုင်ကြီးသာ တွေ့ရသည်။ တောင်ဘက်မြို့ရိုးနှင့် အရှေ့ဘက်မြို့ရိုးများမှာလည်း အကောင်း ပကတိရှိသေးသည်။ ၁၈၈၅ ခုနှစ် ဇူလိုင်လတွင် တောင်ငူသို့ ရထားလမ်းဖောက်သောအခါမှ တောင်ဘက်မြို့ရိုး၊ အရှေ့ဘက် မြို့ရိုးများကို ဖြိုချဖောက်လုပ်ခြင်းဖြစ်သည်။

## မထိန်းသိမ်းပါက ပြိုကျနိုင်ခြေရှိ


မင်းကြီးညို မြို့တည်စဉ်က အရှေ့တောင်ထောင့်မြို့ထောင့်စေတီ သာရမဏ္ဍူဘုရားမှာ ခံတပ်ဆောက်လုပ်စဉ်က ဖျက်ဆီးခံရသည်။ အရှေ့ဘက်မြို့ရိုး၏ တောင်ဘက်အစွန်ဆုံး ကျောက်ရင်းတံခါးမှာ ခံတပ်၏ တံခါးမကြီးအဖြစ် အုတ်ခုံးကြီးဖြင့် တည်ထားလာခဲ့သည်။ ယခုလူများက လိုဏ်ဂူဟုထင်နေသည်မှာ ကျောက်ရင်းတံခါးပေါက် ဂိတ်မကြီးဖြစ်သည်။ ယခုအခါတွင် ဘိုးဘွားရိပ်သာ ဆောက်လိုက် သဖြင့် ဂိတ်ဝပိတ်သွားသည်။ မြောက်ဘက် ရဲစခန်းဘက်မှ အဝင်ပေါက်မှာ ယခင်က မလွယ်ပေါက်ဖြစ်သည်။ ၂၃ ပေမြင့်သော အုတ်တံတိုင်းကြီးမှာ ပျက်စီးယိုယွင်းစပြုလာပါပြီ။ အရှေ့ဘက် မိန်းဂိတ်အပေါ်မှ လိုဏ်အမိုးမှာ အက်ကြောင်းများ ပေါ်လာပြီး ထိန်းသိမ်းမှုမပြုပါက မကြာမီနှစ်များအတွင်း ပြိုကျတော့မည်။ မြို့ရိုးတံတိုင်းဖြင့် သီးခြားတည်ရှိနေသော ခံတပ်ကို ဒေသခံများက မြို့လေးခံတပ်၊ မြို့လေးဝင်းဟု ခေါ်ကြသည်။ ခေတ်အဆက်ဆက် စစ်တပ်၊ အမြောက်တပ်များ နေခဲ့ကြသည်။ မြောက်ဘက်ဂိတ်မှ ဝင်ဝင်ချင်းတွင် အုတ်တံတိုင်း အနိမ့်လေး ကာရံထားသော အထိမ်းအမှတ် ကျောက်တိုင် တစ်ခုရှိသည်။ ၁၉၄၉ ခုနှစ်က သောင်းကျန်းသူများကို ခုခံရင်းကျဆုံးသွားသော ရဲတပ်ဖွဲ့ဝင်များ အထိမ်းအမှတ် ကျောက်တိုင် ဖြစ်ပါသည်။ ၂၀၀၀ ပြည့်နှစ်တွင် ခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ထွန်းရီက သာရမဏ္ဍူ မြို့ထောင့်စေတီကို မူလနေရာတွင် အသစ် ပြန်လည်တည်ထားခဲ့ပါသည်။ ဘုရားဖူးများ ဝင်ထွက်သွားလာရာတွင် လုံခြုံရေးအခြေအနေအရ ကန့်သတ်မှုများရှိသဖြင့် အခက်အခဲရှိပါသည်။

## ခရီးသွားများအား ဆွဲဆောင်ထား နိုင်

ကမ္ဘာလှည့်ခရီးသည်များ စိတ်ပါဝင်စားသော ရှေးဟောင်းအဆောက်အအုံဖြစ်သဖြင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ရှေးဟောင်းသုတေသနနှင့် ပြတိုက်ဦးစီးဌာနက လက်ခံထိန်းသိမ်းနိုင်လျှင် ပိုမို အဆင်ပြေမည်ဖြစ်ပါသည်။ ယခုလည်း ပဲခူးတိုင်းဒေသကြီး ရှေးဟောင်း သုတေသနဌာနမှ အသေးစားပြုပြင် မွမ်းမံရန် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ လွန်ခဲ့သည့် ၁၅၆ နှစ်ခန့်က ဆောက်လုပ်ခဲ့သော ဤခံတပ်ကြီးကို ရှေးဟောင်းအမွေအနှစ်အဖြစ် ထိန်းသိမ်းပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သင့်ပါသည်။ တစ်ချိန်က ဆုံးရှုံးခဲ့ရသော အချုပ်အခြာအာဏာကို ထပ်မံမဆုံးရှုံးစေရန် တစ်နည်းအားဖြင့် သတိပေးနေသော သင်္ကေတ တစ်ခုလည်းဖြစ်ပါသည်။

ယခုအခါ ကေတုမတီမြို့၏ ရှေးဟောင်းအမွေအနှစ် ကျုံးမြို့ရိုးများကို ဖော်ထုတ်ပြုပြင်နေပါသည်။ အုတ်ကြွပ်တန်းရပ်ရှိ သမိုင်းဝင် ယိုးဒယားပေါက်ကို ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဖော်ထုတ်ထိန်းသိမ်းပြီး ဖြစ်ပါသည်။ ပဲခူးတိုင်းဒေသကြီး အစိုးရရန်ပုံငွေဖြင့် မြောက်ဘက်မြို့အဝင် ဘုရင့်နောင်ကြေးရုပ်မှ အရှေ့ဘက်ကျုံးပတ်လမ်းအတိုင်း ယိုးဒယားပေါက်အထိ ကျုံးပတ်လမ်းခင်းခြင်း၊ မြေယာရှုခင်းအလှဆောင်ရွက်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ဤမြို့လေးခံတပ်ကိုလည်း ပြုပြင်ထိန်းသိမ်းပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

ကျမ်းကိုး - 20 th Century artillary Fortification in Burma by fortress study group






**"ကမ္ဘာလှည့်ခရီးသည်များ စိတ်ပါဝင်စားသော ရှေးဟောင်းအဆောက်အအုံဖြစ်သဖြင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ရှေးဟောင်းသုတေသနနှင့် ပြတိုက်ဦးစီးဌာနက လက်ခံထိန်းသိမ်းနိုင်လျှင် ပိုမိုအဆင်ပြေမည်ဖြစ်။ ယခုလည်း ပဲခူးတိုင်းဒေသကြီး ရှေးဟောင်းသုတေသနဌာနမှ အသေးစားပြုပြင် မွမ်းမံရန် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိ။ လွန်ခဲ့သည့် ၁၅၆ နှစ်ခန့်က ဆောက်လုပ်ခဲ့သော ဤခံတပ်ကြီးကို ရှေးဟောင်းအမွေအနှစ်အဖြစ် ထိန်းသိမ်းပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သင့်"**

● *ကျောဖုံးမှ*

ဖော်ပြပြီး အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် COVID – 19 ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (COVID – 19 Economic Relief Plan – CERP) နှင့် စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင် က ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် CERP လုပ်ငန်းစဉ်များကို အမြန်ဆုံးနှင့်အထိရောက်ဆုံး အကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း၊ ထို့ပြင် မြန်မာ့စီးပွားရေးတုံ့ပြန်မှု၊ ကမ္ဘာ့ဝယ်လိုအားအခြေအနေ၊ COVID – 19 ကာကွယ်ဆေးပေါ်ပေါက်မှု အခြေအနေများအပေါ်မူတည်၍ ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် CERP လုပ်ငန်းစဉ်များကို မည်မျှအထိ ဆက်လက်အကောင်အထည်ဖော်၍ စီးပွားရေးနာလန်ထူရေးကို မည်သည့်အချိန်တွင် စတင်အကောင်အထည်ဖော်မည်တို့အပြင် ယင်းနှစ်ခုစလုံးကို မည်သည့်အတိုင်းအတာအထိ အကောင်အထည်ဖော်မည်ကို အသေးစိတ်တွက်ချက်ရမည် ဖြစ်ပါကြောင်း။

## အကြံပြုချက်များအတိုင်း အလေးထားဆောင်ရွက်သွားမည်

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် CERP အတွက်သာမက စီးပွားရေးနာလန်ထူရေးစီမံချက်ဖြစ်သည့် Economic recovery Plan အတွက်ပါ ဆက်လက်အကြံပြုလိုသည်များရှိပါက စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနကို ဆက်သွယ်အကြံပြုနိုင်ပါကြောင်း၊ အကြံပြုသည့် လုပ်ငန်းစဉ်များသည် လုပ်ငန်းစဉ်ခွဲများ ပြန်လည်ရေးဆွဲစရာမလိုသည့် အသေးစိတ်လုပ်ငန်းစဉ်များဖြစ်ရန် အရေးကြီးပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် COVID – 19 စီးပွားရေးထိခိုက်မှုသက်သာရေး စီမံချက်အပေါ် ယခုကဲ့သို့ ပြည်ထောင်စုလွှတ်တော်နာယကမှတစ်ဆင့် ဝေဖန်ထောက်ပြအကြံပြုပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် အကြံပြုချက်များအတိုင်း အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က COVID – 19 ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (COVID – 19 Economic Relief Plan – CERP)နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်၏ ရှင်းလင်းတင်ပြချက်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော COVID – 19 ၏ သက်ရောက်မှုများကို တုံ့ပြန်ခြင်းနှင့် အသုံးစရိတ်ဆိုင်ရာ အထောက်အပံ့အစီအစဉ်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ထံမှ အမေရိကန်ဒေါ်လာ သန်း ၂၅၀ ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း က လွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် မြန်မာနိုင်ငံအနေဖြင့် CERP တွင် ချမှတ်ထားသော Action Plans များကို ရေတို၊ ရေရှည် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းသို့ဆောင်ရွက်နိုင်ရန် ကူညီပံ့ပိုးမည့် ဘဏ္ဍာငွေအရင်းအမြစ်တစ်ခုအဖြစ် အာရှဖွံ့ဖြိုးရေးဘဏ်ထံမှ COVID – 19 ၏ သက်ရောက်မှုများကို တုံ့ပြန်ခြင်းနှင့် အသုံးစရိတ်ဆိုင်ရာအထောက်အပံ့အစီအစဉ် ချေးငွေအမေရိကန်ဒေါ်လာ သန်း ၂၅၀ ရယူသင့်သည်ကို ပြည်ထောင်စုအစိုးရအဖွဲ့က ဆုံးဖြတ်ခဲ့ပါကြောင်း။

## ချေးငွေသုံးစွဲရမည့်ကိစ္စများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့်သာ ဆောင်ရွက်ရမည်

အာရှဖွံ့ဖြိုးရေးဘဏ်၏ ချေးငွေဆိုင်ရာ စည်းကမ်းချက်များအနေဖြင့် ဆိုင်းငံ့ကာလ ရှစ်နှစ်၊ ပြန်ဆပ်ကာလ ၁၆ နှစ်၊ စုစုပေါင်း ၂၄ နှစ် ဖြစ်ပါကြောင်း၊ အတိုးနှုန်းအနေဖြင့် တစ်နှစ်လျှင် ဆိုင်းငံ့ကာလအတွင်း ၁ ဒသမ ၀ ရာခိုင်နှုန်းဖြစ်ပြီး ပြန်ဆပ်ကာလအတွင်း ၁ ဒသမ ၅ ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ အဆိုပါချေးငွေစည်းကမ်းချက်များအရ Grant Element ၄၃ ရာခိုင်နှုန်းခန့် ဖြစ်သဖြင့် သက်သာသောချေးငွေ ဖြစ်ပါကြောင်း၊ ချေးငွေကို ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက တာဝန်ယူစီမံခန့်ခွဲဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ချေးငွေသုံးစွဲရမည့်ကိစ္စများကိုလည်း ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့်သာ ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ အဓိကသုံးစွဲမည့် အသုံးစရိတ်များမှာ CERP ပါ Action Plan များအတွက် ရည်ရွယ်ထားပါကြောင်း၊ သို့ပါ၍ ချေးငွေ အမေရိကန်ဒေါ်လာသန်း ၂၅၀ ရယူနိုင်ရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုချက်ရယူပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် ဇူလိုင် ၂၇ ရက်တွင် ဆွေးနွေးရန်လျာထားပါကြောင်း ကြေညာသည်။

ဆက်လက်၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော အမျိုးသားစာကြည့်တိုက် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာ မြတ်ဉာဏစိုးက တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြ၍ ပြည်ထောင်စုလွှတ်တော်နာယက က လွှတ်တော်၏ သဘောထားမေးမြန်းရယူအတည်ပြုသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က အတည်ပြုခဲ့သည့် အပိုဒ်၊ အပိုဒ်ခွဲများကို လွှတ်တော်နှစ်ရပ် အတည်ပြုချက်အတိုင်း လည်းကောင်း၊ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့် အပိုဒ်၊ အပိုဒ်ခွဲများကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်များအတိုင်း လည်းကောင်း ပြန်လည်ပြင်ဆင်၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (အဆင့် – ၃)



ပြည်ထောင်စုဝန်ကြီး
ဦးဟန်ဇော်



ပြည်ထောင်စုဝန်ကြီး
ဦးသန့်စင်မောင်



ဒုတိယဝန်ကြီး
ဦးဆက်အောင်



ဒုတိယဝန်ကြီး
ဦးမောင်မောင်ဝင်း

အကောင်အထည်ဖော်ဆောင်ရွက်ရန် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ထံမှ ဂျပန်ယန်း ၁၅ ဘီလီယံ ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် ဇူလိုင် ၃၁ ရက်တွင် ဆွေးနွေးရန် လျာထားပါကြောင်း ကြေညာသည်။

ဆက်လက်၍ ၂၀၁၈ – ၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းနှစ်ပတ်လည် အစီရင်ခံစာနှင့် ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဟန်ဇော်က ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများတွင် ကြုံတွေ့နေရသည့်အခက်အခဲများ အဆင်ပြေချောမွေ့စေရန်အတွက် နိုင်ငံတော်စီးပွားရေးရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီနှင့်ပူးပေါင်း၍ တည်ဆောက်ရေးတင်ဒါဆိုင်ရာ စံထားသတ်မှတ်သည့် လုပ်ထုံးလုပ်နည်း (SOP) ထုတ်ပြန်နိုင်ရန် မူကြမ်းရေးဆွဲတင်ပြထားပါကြောင်း၊ အဆိုပါမူကြမ်းတွင် တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် တစ်နှစ်ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ဒီဇိုင်းပုံစံများပြည့်စုံစွာ ရေးဆွဲအတည်ပြုပြီး စီမံကိန်းတန်ဖိုးကို ကျွမ်းကျင်မှုဆိုင်ရာခွင့်ပြုချက် ရယူထားရန်၊ ဒီဇိုင်းပုံစံများ ရေးဆွဲရာတွင် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စည်းမျဉ်းများနှင့် သက်ဆိုင်ရာဒေသ လုပ်ငန်းနယ်ပယ်အသီးသီးအတွက် ပြဋ္ဌာန်းထားသည့် စံချိန်စံညွှန်း စည်းမျဉ်းများလိုက်နာရန်၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနှင့် မြန်မာနိုင်ငံဗိသုကာကောင်စီတို့မှ သက်ဆိုင်ရာ ဘာသာရပ်အလိုက် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသည့် လက်မှတ်ရပညာရှင်များက ပုံထုတ်ရေးဆွဲရန် ညွှန်ကြားချက်များ ပါရှိပါကြောင်း။

## နိုင်ငံ့ဘဏ္ဍာရန်ပုံငွေများ လေလွင့်မှုမရှိစေဘဲ စီမံကိန်းလုပ်ငန်းများအား သတ်မှတ်ကာလအတွင်း ပြီးစီးအောင်မြင်အောင် ဆောင်ရွက်သွားမည်

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် အဆောက်အအုံဆောက်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို အခြေခံအဆောက်အအုံများ ဆောက်လုပ်ရာတွင် သက်ဆိုင်ရာ စည်းမျဉ်း၊ စံချိန်စံညွှန်းများနှင့်အညီ ပုံစံထုတ်ခြင်း၊ တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် စစ်ဆေးခြင်းများ စနစ်တကျ ဆောင်ရွက်နိုင်ရန်၊ သက်တမ်းအလိုက် ကြံ့ခိုင်မှုရှိစေရန်၊ အရည်အသွေးပြည့်မီသော ဆောက်လုပ်ရေးပစ္စည်းများကိုသာ ရောင်းဝယ်အသုံးပြုစေရန်၊ အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ဝန်ဆောင်မှုအဖွဲ့များ အရည်အသွေးတိုးတက်ကောင်းမွန်ရန် ရည်ရွယ်ရေးဆွဲထားပြီး အတည်ပြုထုတ်ပြန်နိုင်ရေးအတွက် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီသို့ တင်ပြထားပြီးဖြစ်ပါကြောင်း၊ အဆိုပါ လုပ်ထုံးလုပ်နည်းများ စည်းမျဉ်းများ၊ ဥပဒေများကို လိုက်နာဆောင်ရွက်ခြင်းဖြင့် စီမံကိန်းများ အရည်အသွေးပြည့်မီစွာဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် နိုင်ငံ့ဘဏ္ဍာရန်ပုံငွေများ လေလွင့်မှုမရှိစေဘဲ စီမံကိန်းလုပ်ငန်းများအား သတ်မှတ်ကာလအတွင်း ပြီးစီးအောင်မြင်အောင် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ဝန်ကြီးဌာန၏ ၂၀၁၈ – ၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်အတွက် ခွင့်ပြုငွေကျပ် ၁၀၆၅ ဒသမ ၁၅၃ ဘီလီယံတွင် သုံးစွဲငွေကျပ် ၉၈၃ ဒသမ ၁၉၆ ဘီလီယံ ရှိခဲ့သည့်အတွက် ပိုလျှံငွေကျပ် ၈၁ ဒသမ ၉၅၇ ဘီလီယံဖြစ်ပေါ်ခဲ့ပါကြောင်း၊ ရာခိုင်နှုန်းအားဖြင့် ၈ ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ စိစစ်ချက်အရ သာမန်အသုံးစရိတ်တွင် ပိုလျှံငွေကျပ် ၉ ဒသမ ၉၅၁ ဘီလီယံ၊ ငွေလုံးငွေရင်း အသုံးစရိတ်တွင် ပိုလျှံငွေကျပ် ၆၈ ဒသမ ၂၇၁ ဘီလီယံနှင့် ကြွေးမြီအသုံးစရိတ်တွင် ပိုလျှံငွေကျပ် ၃ ဒသမ ၇၃၅ ဘီလီယံ ဖြစ်ပါကြောင်း။

၂၀၁၈ – ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အပ်နှံခဲ့သည့် သာမန်အသုံးစရိတ် ပိုလျှံငွေကျပ် ၉ ဒသမ ၉၅၁ ဘီလီယံမှာ ပြည်ပအကူအညီရငွေ ငွေကျပ် ၅ ဒသမ ၅၄၀ ဘီလီယံပါဝင်ပြီး နိုင်ငံတော်ဘတ်ဂျက်မှ ငွေကျပ် ၄ ဒသမ ၄၁၁ ဘီလီယံ ပါဝင်ပါကြောင်း၊ ဘဏ္ဍာနှစ်အတွင်း လျာထားချက်နှင့်အညီ လုပ်ငန်းများစီမံဆောင်ရွက်ရာတွင် လိုအပ်သည့်ဝန်ထမ်းများ ခန့်ထားနိုင်မှု အခြေအနေအရ အပြည့်အဝမခန့်ထားနိုင်ခြင်း၊ ပင်စင်ယူခြင်း၊ နုတ်ထွက်ခြင်းနှင့် ပြောင်းရွှေ့ခြင်းတို့ကြောင့် လျာထားလစာငွေမှ ပိုလျှံခြင်းများ ရှိခဲ့ပါကြောင်း၊ အတိုးပေးငွေများသည်လည်း သက်ဆိုင်ရာ စီမံကိန်းများတွင် အဖွဲ့အစည်းများအကြား ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများနှင့် ညှိနှိုင်းမှုများ ကြာမြင့်ခြင်းတို့ကြောင့် အတိုးပေးငွေများ ပိုလျှံခြင်းနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း ပြောင်းလဲမှုကြောင့် ပိုလျှံခြင်းတို့ ဖြစ်ပေါ်ရခြင်း ဖြစ်ပါကြောင်း။

ထို့ပြင် ပြည်ပချေးငွေများ ထုတ်ယူသုံးစွဲရာတွင် နှောင့်နှေးကြန့်ကြာမှုရှိခြင်းနှင့် ထိုသို့နှောင့်နှေးမှုများကြောင့် ချေးငွေစီမံကိန်းပါ လုပ်ငန်းရပ်များ သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးမှုမရှိခြင်းတို့အပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီမှ သဘောထားမှတ်ချက် (၃) ရပ် ချမှတ်ခဲ့မှုကို လိုက်နာကြိုးကြပ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လာမည့်ဘဏ္ဍာရေးနှစ်များတွင်လည်း နိုင်ငံတော်သမ္မတရုံး ညွှန်ကြားချက်များ၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ မူဝါဒ၊ ဘဏ္ဍာရေး စည်းမျဉ်း စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်ကာလအလိုက် စီမံကိန်းများ အချိန်မီပြီးစီးရေးကို အလေးအနက်ထား အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည့်အလျောက် ပိုလျှံငွေ ဖြစ်ပေါ်အပ်နှံရမှုများအတွက် စနစ်တကျ ထိန်းကျောင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဦးခင်မောင်သန်း က ကော်မတီ၏ အစီရင်ခံစာ (၄/၂၀၂၀) နှင့် (၅/၂၀၂၀)တို့ကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ကော်မတီ၏ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် ကော်မတီ၏ အစီရင်ခံစာ (၄/၂၀၂၀) နှင့် (၅/၂၀၂၀) တို့ကို လွှတ်တော်က သဘောတူအတည်ပြုကြောင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သည့် ၂၀၁၈ – ၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းနှစ်ပတ်လည်အစီရင်ခံစာ နှင့် ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

## အာရှရထားလမ်းမကြီး ကွန်ရက်ဆိုင်ရာ အစိုးရချင်းသဘောတူညီချက်တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေး

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာရှရထားလမ်းမကြီး ကွန်ရက်ဆိုင်ရာ အစိုးရချင်းသဘောတူညီချက်တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ် က အာရှရထားလမ်းမကြီး ကွန်ရက်ဆိုင်ရာ အစိုးရချင်းသဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးပြီး အိမ်နီးချင်းနိုင်ငံများ၊ အာရှနှင့် ပစိဖိတ်ဒေသတွင်း နိုင်ငံများနှင့် ရထားလမ်းချိတ်ဆက်ပြီးပါက ကမ္ဘာလှည့်ခရီးသွားများ တိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း၊ ထို့ပြင် အဆိုပါ ရထားလမ်းချိတ်ဆက်နိုင်ရေးသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများနှင့်အတူ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကုန်သွယ်မှုပြုလုပ်ရာတွင် အရေးပါသည့်လုပ်ငန်းတစ်ခုအဖြစ် တည်ရှိမည်ဖြစ်ပါကြောင်း၊ ထို့ပြင် နယ်စပ်များတွင် ပြတ်တောက်နေသည့် ရထားလမ်းများ ချိတ်ဆက်နိုင်ရေးအတွက် နည်းပညာနှင့် ငွေကြေးအကူအညီများလည်း ရရှိလာမည်ဖြစ်သည့်အတွက် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ်၊ သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ ဦးမောင်မောင်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာမြသောင်း၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ကျော်ဇင်ဝင်းနှင့် ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်းတို့က ဆက်လက်ဆွေးနွေးကြသည်။

*စာမျက်နှာ ၈ သို့*

# အခြေခံပညာအထက်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်နေသည့်အခြေအနေများအား ပြည်ထောင်စုဝန်ကြီးများ ကြည့်ရှု

**နေပြည်တော် ဇူလိုင် ၂၂**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးတို့သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ် (၂၂) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်းများသို့ ရောင်တခင်သွားရောက်ခဲ့ကာ ကျောင်းများပြန်လည်ဖွင့်လှစ်နေသည့် အခြေအနေများအား လှည့်လည်ကြည့်ရှုသည်။

ထိုသို့သွားရောက်ခဲ့ရာတွင် ကျောင်းဝင်းအတွင်းသို့ မဝင်ရောက်မီ ဆောင်ရွက်မှု၊ ကျောင်းဝင်းအတွင်း ပြင်ဆင်ထားရှိမှု၊ စာသင်ခန်းများတွင် ကျောင်းသား ကျောင်းသူများအား သင်ကြားနေမှု အပါအဝင် အခြေခံပညာအထက်တန်းကျောင်းများတွင် ကိုဗစ်-၁၉ ကာကွယ်တားဆီးရေး စည်းကမ်းသတ်မှတ်ချက်နှင့် လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်နေမှုများအား လှည့်လည်ကြည့်ရှုသည်။

### မေးမြန်းဖြည့်ဆည်း

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဆရာ ဆရာမများအား တွေ့ဆုံအားပေးစကားပြောကြားခဲ့ပြီး လိုအပ်ချက်များအား မေးမြန်းဖြည့်ဆည်းပေးသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာ ဆရာမများအား ယခုကဲ့သို့ ကျောင်းများတွင် ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှုများ မဖြစ်ပွားစေရေးအတွက် စနစ်တကျ ဆောင်ရွက်နေမှုများအား တွေ့ရှိရသဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ ကျောင်းများတွင် ကျောင်းသား ကျောင်းသူများ ကျောင်းဝင်းအတွင်းသို့ စနစ်တကျ ခပ်ခွာခွာဖြင့် တန်းစီဝင်ရောက်ချိန်တွင် ဆရာ ဆရာမများက လက်ကိုင်အသံချဲ့စက်များ အသုံးပြုကာ ကိုဗစ်-၁၉ ကာကွယ်တားဆီးရေး အသိပညာပေးအချက်များ ပြောကြားနိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ပညာရေးဝန်ကြီးဌာနထံသို့ လက်ကိုင်အသံချဲ့စက်များ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ ကျောင်းများတွင် ကပ်ထားရန်အတွက် ကျန်းမာရေး အသိပညာအချက်အလက် QR Code များ၊ လက်ကိုင်အသံချဲ့စက်နှင့် ပြောကြားရန် အချက်အလက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ယနေ့ပင် ပေးအပ်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးတို့သည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ပြုလုပ်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ပညာရေးဝန်ကြီးဌာနထံသို့ လက်ကိုင်အသံချဲ့စက် အခု ၅၀၀၀ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကိုဗစ်-၁၉ ကပ်ရောဂါကဲ့သို့သော ကူးစက်ရောဂါများကို ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရောဂါ၏ သဘောသဘာဝ၊ ဖြစ်ပွားကူးစက်မှုပုံသဏ္ဌာန်တို့ အပါအဝင် ပြောင်းလဲလျက်ရှိသော အခြေအနေအရပ်ရပ်နှင့် လိုက်လျောညီထွေဖြစ်စေရန် အလိုက်သင့်တုံ့ပြန်ဆောင်ရွက်ခြင်း လုပ်ငန်းဗျူဟာများ ချမှတ်ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ရခြင်းဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနရှိ ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဦးဆောင်သော ဆရာ ဆရာမများနှင့် ဘွဲ့လွန်ကျောင်းသား၊ ကျောင်းသူများသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် ပတ်သက်၍ မြန်မာပြည်သူလူထု၏ သိမြင်နားလည်မှုအခြေအနေဆန်းစစ်မှု သုတေသနကို မတ်လအတွင်းက ပြုလုပ်ခဲ့ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးတို့ အခြေခံပညာအထက်တန်းကျောင်း စာသင်ခန်းတွင် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုစဉ်။ သတင်းစဉ်

### ဗဟုသုတနည်းပါးနေသေး

ထိုသို့သုတေသနပြုဆန်းစစ်ရာတွင် ပြည်သူများတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု၊ ရောဂါကူးစက်မှုအန္တရာယ်နှင့် ရောဂါကာကွယ်နိုင်မည့် နည်းလမ်းများနှင့် ပတ်သက်သော ဗဟုသုတနည်းပါးနေသေးသည်ကို တွေ့ရှိရပါကြောင်း၊ ထို့အတွက် ကျန်းမာရေးအသိပညာပေးနှိုးဆော်မှုများကို ရပ်ကွက်၊ ကျေးရွာများ၌ လက်ကိုင်အသံချဲ့စက်များ၊ အသံချဲ့စက်များကို အသုံးပြု၍ နေ့စဉ် ငါးကြိမ်ကြေညာနှိုးဆော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထိုသို့ ရပ်ကွက်၊ ကျေးရွာများ၌ ကျန်းမာရေးအသိပညာပေးနှိုးဆော်မှုများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆက်လက်ဆောင်ရွက်နေရမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင်လည်း ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများထံ ကျန်းမာရေးအသိပညာအချက်အလက်များကို လက်ကိုင်အသံချဲ့စက်များ အသုံးပြုကာ ပြောကြားနိုင်ရန် လွှဲပြောင်းပေးအပ်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦးက အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းထံသို့ လက်ကိုင်အသံချဲ့စက် (handheld speaker) ၅၀၀၀ အား လွှဲပြောင်းပေးအပ်သည်။

### လိုက်နာဆောင်ရွက်

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ကျေးဇူးတင်စကားပြောကြားရာတွင် မိမိတို့မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်ထားနိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအားလုံးက ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့မြင်နေရပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ရောဂါကာကွယ်တားဆီးရေးဆိုင်ရာ လမ်းညွှန်ချက်များ၊ လုပ်ငန်းလမ်းညွှန်များနှင့် ကျန်းမာရေးအသိပညာပေးနှိုးဆော်မှု အချက်အလက်များကို စနစ်တကျ ထုတ်ပြန်ကာ ဆောင်ရွက်လျက်ရှိပြီး ပညာရေးဝန်ကြီးဌာနအနေဖြင့် စည်းကမ်းသတ်မှတ်ချက်နှင့် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုလွှဲပြောင်းပေးအပ်သည့် လက်ကိုင်အသံချဲ့စက်များသည် ကျောင်းများ၌ လူစုလူဝေး မဖြစ်စေရေး၊ ခပ်ခွာခွာနေရေး၊ ပါးစပ်နှင့် နှာခေါင်းစည်း(mask)ကို စနစ်တကျ တပ်ဆင်ရေးနှင့် လက်ကိုစနစ်တကျ ဆေးကြောရေးတို့ အပါအဝင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေး ကျန်းမာရေးအသိပညာများ ဖြန့်ဝေရာတွင် အထူးအကျိုးရှိမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍအတွက် ထောက်ပံ့မှုအဖြစ် ဥရောပသမဂ္ဂက ယူရိုငွေ ၃၇ ဒသမ ၆၂၅ သန်း ပေးအပ်

**ရန်ကုန် ဇူလိုင် ၂၂**

ကိုဗစ်-၁၉ ကြောင့် ပေါ်ပေါက်လာသော လိုအပ်ချက်များတွင် မြန်မာနိုင်ငံကို အကူအညီပေးရာ၌ ကလေးသူငယ်များ ဘေးကင်းလုံခြုံစွာ ကျောင်းတက်နိုင်ရန်၊ နိုင်ငံတစ်ဝန်း ပညာရေးအရည်အသွေးနှင့် အသက်မွေးဝမ်းကျောင်း သင်တန်းကျောင်းများ ပိုမိုတိုးတက်လာစေရန်နှင့် ကလေးသူငယ်များအားလုံး ပညာရေးကို လက်လှမ်းမီသင်ယူနိုင်စေရန် ဥရောပသမဂ္ဂ(အီးယူ)မှ ယမန်နေ့က ပညာရေးဝန်ကြီးဌာနသို့ မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍကို ထောက်ပံ့ကူညီမှုအဖြစ် ယူရိုငွေ ၃၇ ဒသမ ၆၂၅ သန်း ထောက်ပံ့ခဲ့ကြောင်း သိရသည်။

အီးယူ၏ ယခုထောက်ပံ့မှုတွင် အထည်ချုပ် လုပ်သားများအတွက် ယူရိုငွေ ၅ သန်း သီးသန့်ဆောင်ရွက်မှုအတွက်လည်းကောင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ စီမံကိန်းတွင် ယူရိုငွေ ၁၄ ဒသမ ၆ သန်းကို လည်းကောင်း၊ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနနှင့် တွဲဖက်လုပ်ကိုင်မှုယူရို ငွေ ၅ဒသမ ၂ သန်းကို လည်းကောင်း၊ အီးယူအဖွဲ့ဝင်နိုင်ငံများ ယူရိုငွေ ၈၇ သန်း ကြွေးမြီဆိုင်းငံ့ခြင်းကိုလည်းကောင်း၊ ယူရိုငွေ ၂ သန်းအား လူသားချင်း စာနာထောက်ထားမှု အကူအညီနှင့် အခြားသော ပဏာမစီမံချက်အမျိုးမျိုးတို့ လည်းကောင်း ပါဝင်ကြောင်း သိရသည်။

"ကျောင်းတွေ ပြန်ဖွင့်ဖို့ကိစ္စကို တစ်ကမ္ဘာလုံးမှာ ဆွေးနွေးငြင်းခုံနေကြတာပါ။ အစိုးရဟာ မြန်မာနိုင်ငံမှာ ရှိတဲ့ ကလေးတွေအားလုံးအတွက် ကိုဗစ်-၁၉ အလွန်မှာ ကျောင်းတွေကို ဘေးကင်းလုံခြုံစေဖို့ ကြိုးပမ်းအားထုတ်နေသလို တစ်ဖက်မှာလည်း ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုကို ဆက်ပြီးဆောင်ရွက်နေတဲ့အတွက် အားတက်မိပါတယ်"ဟု အီးယူသံအမတ်ကြီး Kristian Schmidt က ပြောကြားသည်။

ပညာရေး ဝန်ကြီးဌာနအား ထောက်ပံ့သည့် ရန်ပုံငွေ ယူရိုငွေ ၂၂ သန်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် အီးယူ၏ အကူအညီတွင် မြန်မာနိုင်ငံ အစိုးရနှင့် တိုက်ရိုက်ပူးပေါင်းဆောင်ရွက်၍ ယူရိုငွေ ၁၇၅ သန်း အထောက်အပံ့ပေးမည့် အစီအစဉ်တွင် အီးယူသည် ယနေ့ထိ ဤရန်ပုံငွေမှ ယူရိုငွေ ၆၇ သန်းကို ထောက်ပံ့ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ပညာရေးဝန်ကြီးဌာနသည် ဇူလိုင် ၂၁ ရက်တွင် ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရန် စာသင်ခန်းများ ထပ်မံတိုးချဲ့ခြင်း၊ သင်ကြားရေး၌ အချိန်ခွဲ၍ သင်ကြားခြင်းကို မိတ်ဆက်ပေးခြင်း၊ ကျောင်းတွင် အာဟာရ တိုက်ကျွေးခြင်းနှင့် ကျောင်းကြို/ပို့ ယာဉ်များအတွက် ကြိုတင်ပြင်ဆင်မှုတို့ကို ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံ ပညာရေးဖွံ့ဖြိုးတိုးတက်မှု ပလက်ဖောင်း (Myanmar Education Development Platform-MDEP) မှတစ်ဆင့် သင်ရိုးညွှန်းတမ်းအသစ်များကို ဆရာ ဆရာမများအား လေ့ကျင့်သင်ကြားပေးခဲ့သည်။

ဥရောပသမဂ္ဂ အစီအစဉ်သည် အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်း ၂၀၁၆-၂၀၂၁ တွင် ပါဝင်သည့် အရည်အသွေး ပိုမိုကောင်းမွန်သော အလယ်တန်း၊ အထက်တန်းပညာရေးနှင့် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး (TV ET)အား တန်းတူညီမျှ လက်လှမ်းမီရေးကို အလေးထားလုပ်ဆောင်အကူအညီပေးလျက်ရှိကာ မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍအတွက် ထောက်ပံ့မှုအဖြစ် ဥရောပသမဂ္ဂ (အီးယူ)က ယူရိုငွေ ၃၇ ဒသမ ၆၂၅ သန်း ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**သန်းထိုက်**

*စာမျက်နှာ ၇ မှ*

အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ဆွေးနွေးသွားသည့် လွှတ်တော်ကိုယ်စားလှယ်အားလုံးသည် ယေဘုယျအားဖြင့် အာရှရထားလမ်းမကြီး ကွန်ရက်ဆိုင်ရာ အစိုးရချင်းသဘောတူညီချက်တွင် မြန်မာနိုင်ငံမှ ပါဝင် လက်မှတ်ရေးထိုးနိုင်ရေးနှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံသို့ ပေးပို့နိုင်ရန် ထောက်ခံထားသည်ကို တွေ့ရှိရပါကြောင်းနှင့် လွှတ်တော်မှ ဆုံးဖြတ်ပေးပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အာရှရထားလမ်းမကြီး ကွန်ရက်ဆိုင်ရာ အစိုးရချင်းသဘောတူညီချက်တွင် မြန်မာနိုင်ငံမှ ပါဝင် လက်မှတ်ရေးထိုးနိုင်ရေးကိစ္စကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူရာ သဘောမတူသူမရှိသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကုန်းတွင်းဆိပ်များဆိုင်ရာ အစိုးရများအကြား သဘောတူစာချုပ်တွင် မြန်မာနိုင်ငံမှ အတည်ပြု ပါဝင်နိုင်ရေးနှင့်စပ်လျဉ်း၍ သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်နှင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမောင်မောင်အုန်းတို့က ဆွေးနွေးကြသည်။

အဆိုပါ ကိစ္စနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံမှ အတည်ပြုပါဝင်နိုင်ရေးအတွက် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူ မရှိသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ရန်ကုန်မြို့တော် ရေဖူလုံရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ထံမှ အမေရိကန်ဒေါ်လာသန်း ၁၈၀ ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်းက ချေးငွေနှင့်ပတ်သက်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ကိုယ်ပိုင်ဘဏ္ဍာငွေဖြင့် ရပ်တည်သည့်အဖွဲ့ ဖြစ်သည့်အတွက် မိမိရငွေဖြင့် ပြန်လည်ပေးဆပ်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ချေးငွေကိစ္စနှင့် ပတ်သက်၍ လေလွင့်ဆုံးရှုံးမှုများကို မှတ်တမ်းမှတ်ရာဖြင့် ထားရှိရန်၊ လေလွင့်ဆုံးရှုံးမှုများ လျော့နည်းသက်သာရေးအတွက် မည်သို့ဆောင်ရွက်၍ လက်ရှိတွင်လည်း မည်သည့် ပမာဏဆုံးရှုံးမှုရှိနေသည်ကို ရှင်းလင်းတင်ပြပေးရန် လိုအပ်ပါကြောင်း၊ ထို့ပြင် လက်ရှိ ရေဖိုးရေခကောက်ခံမှုအခြေအနေတို့ကို လွှတ်တော်သို့ ပွင့်လင်းမြင်သာစွာဖြင့် ရှင်းလင်းတင်ပြပေးပါရန် မေတ္တာရပ်ခံလိုပါကြောင်း ဆွေးနွေးသည်။

ယင်းချေးငွေရယူရေးနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၃) မှ ဒေါ်ရွှေရွှေစိန်လတ်၊ လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကျော်မင်းထွန်းနှင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဝင်းမင်းထွန်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ဇူလိုင် ၂၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**

# အခြေခံပညာအထက်တန်းအဆင့်သင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် ဆန်းစစ်အကဲဖြတ်မှုအခြေအနေ

COVID–19 ရောဂါ ကာကွယ်ထိန်းချုပ်တားဆီးရေးနှင့် ကျန်းမာရေးနှင့်ညီညွတ်ပြီး လုံခြုံဘေးကင်းသည့် အခြေခံပညာအထက်တန်းအဆင့်သင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရန်အတွက် အထွေထွေအုပ်ချုပ်ရေးမှူးများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဒေသအာဏာပိုင်များ၊ အခြေခံပညာဦးစီးဌာန၊ မိဘဆရာအသင်းများနှင့် တာဝန်ရှိသူများ ပူးပေါင်းပါဝင်သော အဖွဲ့များ ဖွဲ့စည်း၍ ၁၇–၇–၂၀၂၀ ရက်နေ့မှစ၍ ၂၂–၇–၂၀၂၀ ရက်နေ့အထိ အခြေခံပညာအထက်တန်းအဆင့်ကျောင်း စုစုပေါင်း ၇၁၇၃ ကျောင်းများအနက် ၆၂၇၆ ကျောင်းတို့အား ဆန်းစစ်အကဲဖြတ်ဆောင်ရွက်ရာတွင် အဆင်သင့်ဖြစ်သော (A အဆင့်)ကျောင်း ၃၉၉၉ ကျောင်း၊ ဖြည့်ဆည်းရန်လိုအပ်သော (B အဆင့်) ကျောင်း ၁၃၆၀ ၊ ဖြည့်ဆည်းရန် အထူးလိုအပ်သော (C အဆင့်)ကျောင်း ၉၁၇ ကျောင်းဖြစ်ကြောင်း စိစစ်တွေ့ရှိခဲ့ရသည်။

သို့ဖြစ်၍ ဆန်းစစ်အကဲဖြတ်မှုအရ အခြေခံပညာအထက်တန်းအဆင့်သင်ကျောင်းများတွင် အဆင်သင့်ဖြစ်သော (A အဆင့်)ကျောင်း စုစုပေါင်း ၃၉၉၉ ကျောင်းအား ၂၂–၇–၂၀၂၀ ရက်နေ့မှစ၍ ပြန်လည်ဖွင့်လှစ်လျက်ရှိကြောင်းနှင့် ဖြည့်ဆည်းရန်လိုအပ်ချက်ရှိသော ကျောင်းများအားလုံးတို့ကို အမြန်ဆုံးပြန်လည်ဖြည့်ဆည်းပြီး ဆန်းစစ်အကဲဖြတ်မှု ထပ်မံဆောင်ရွက်ပြီးအခြေအနေအရ ဆက်လက်ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

### အထက်တန်းအဆင့်သင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် COVID–19 ရောဂါ ကာကွယ်တားဆီးရေးအတွက် စီစဉ်ဆောင်ရွက်မှု အခြေအနေများအား ဆန်းစစ်မှုအခြေအနေ

ရက်စွဲ။ (၁၇–၇–၂၀၂၀) မှ (၂၁–၇–၂၀၂၀) ရက်နေ့အထိ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | အခြေခံကျောင်းဦးရေ | | | | | (ကပက)ကျောင်းဦးရေ | | | | | (ဘက)ကျောင်းဦးရေ | | | | | စာရင်းရှိကျောင်းပေါင်း | စစ်ဆေးပြီးကျောင်းများ၏ရလဒ် | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရှိ | စစ်ဆေးပြီး | စစ်ဆေးမှုရလဒ် A အဆင့်ကျောင်းဦးရေ | B အဆင့်ကျောင်းဦးရေ | C အဆင့်ကျောင်းဦးရေ | ရှိ | စစ်ဆေးပြီး | စစ်ဆေးမှုရလဒ် A အဆင့်ကျောင်းဦးရေ | B အဆင့်ကျောင်းဦးရေ | C အဆင့်ကျောင်းဦးရေ | ရှိ | စစ်ဆေးပြီး | စစ်ဆေးမှုရလဒ် A အဆင့်ကျောင်းဦးရေ | B အဆင့်ကျောင်းဦးရေ | C အဆင့်ကျောင်းဦးရေ | | စစ်ဆေးပြီးကျောင်းပေါင်း | A အဆင့်ကျောင်းဦးရေ | B အဆင့်ကျောင်းဦးရေ | C အဆင့်ကျောင်းဦးရေ |
| ၁ | ကချင် | ၁၉၄ | ၁၉၂ | ၆၁ | ၄၉ | ၈၂ | ၅၃ | ၄ | ၂ | ၀ | ၂ | | | | | | ၂၄၇ | ၁၉၆ | ၆၃ | ၄၉ | ၈၄ |
| ၂ | ကယား | ၅၆ | ၅၆ | ၁၈ | ၃၆ | ၂ | ၆ | ၆ | ၄ | ၂ | ၀ | | | | | | ၆၂ | ၆၂ | ၂၂ | ၃၈ | ၂ |
| ၃ | ကရင် | ၂၁၄ | ၂၁၄ | ၁၂၇ | ၅၄ | ၃၃ | ၉ | ၉ | ၈ | ၁ | ၀ | | | | | | ၂၂၃ | ၂၂၃ | ၁၃၅ | ၅၅ | ၃၃ |
| ၄ | ချင်း | ၂၀၇ | ၁၆၁ | ၃၂ | ၄၅ | ၈၄ | ၉ | ၃ | ၀ | ၂ | ၁ | | | | | | ၂၁၆ | ၁၆၄ | ၃၂ | ၄၇ | ၈၅ |
| ၅ | စစ်ကိုင်း | ၇၄၀ | ၅၅၃ | ၂၉၄ | ၁၃၀ | ၁၂၉ | ၁၄၁ | ၉၁ | ၇၃ | ၁၃ | ၅ | | | | | | ၈၈၁ | ၆၄၄ | ၃၆၇ | ၁၄၃ | ၁၃၄ |
| ၆ | တနင်္သာရီ | ၁၇၃ | ၁၇၃ | ၇၇ | ၄၈ | ၄၈ | ၈ | ၈ | ၅ | ၃ | ၀ | | | | | | ၁၈၁ | ၁၈၁ | ၈၂ | ၅၁ | ၄၈ |
| ၇ | ပဲခူး(ရှေ့) | ၃၁၁ | ၃၁၁ | ၃၀၂ | ၈ | ၁ | ၆၅ | ၅၅ | ၅၅ | ၀ | ၀ | | | | | | ၃၇၆ | ၃၆၆ | ၃၅၇ | ၈ | ၁ |
| ၈ | ပဲခူး(နောက်) | ၂၀၁ | ၂၀၁ | ၉၅ | ၇၃ | ၃၃ | ၃၆ | ၂၇ | ၂၂ | ၃ | ၂ | | | | | | ၂၃၇ | ၂၂၈ | ၁၁၇ | ၇၆ | ၃၅ |
| ၉ | မကွေး | ၈၇၇ | ၈၆၁ | ၅၇၄ | ၁၆၈ | ၁၁၉ | ၆၁ | ၄ | ၄ | ၀ | ၀ | | | | | | ၉၃၈ | ၈၆၅ | ၅၇၈ | ၁၆၈ | ၁၁၉ |
| ၁၀ | မန္တလေး | ၇၀၉ | ၇၀၇ | ၅၁၂ | ၁၁၄ | ၈၁ | ၁၈၂ | ၁၅၈ | ၁၅၆ | ၁ | ၁ | ၂ | ၂ | ၂ | ၀ | ၀ | ၈၉၃ | ၈၆၇ | ၆၇၀ | ၁၁၅ | ၈၂ |
| ၁၁ | မွန် | ၁၉၂ | ၁၉၂ | ၁၄၀ | ၃၇ | ၁၅ | ၂၀ | ၂၀ | ၁၅ | ၅ | ၀ | | | | | | ၂၁၂ | ၂၁၂ | ၁၅၅ | ၄၂ | ၁၅ |
| ၁၂ | ရခိုင် | ၄၄၀ | ၁၉၀ | ၂ | ၇၃ | ၁၁၅ | ၃၇ | ၀ | ၀ | ၀ | ၀ | | | | | | ၄၇၇ | ၁၉၀ | ၂ | ၇၃ | ၁၁၅ |
| ၁၃ | ရန်ကုန် | ၄၀၈ | ၄၀၇ | ၃၆၆ | ၃၉ | ၂ | ၁၉၀ | ၁၈၉ | ၁၆၉ | ၁၂ | ၈ | | | | | | ၅၉၈ | ၅၉၆ | ၅၃၅ | ၅၁ | ၁၀ |
| ၁၄ | ရှမ်း(တောင်) | ၂၇၂ | ၂၇၂ | ၁၈၄ | ၈၈ | ၀ | ၄၉ | ၈ | ၆ | ၀ | ၂ | | | | | | ၃၂၁ | ၂၈၀ | ၁၉၀ | ၈၈ | ၂ |
| ၁၅ | ရှမ်း(မြောက်) | ၁၇၄ | ၁၃၅ | ၆၆ | ၆၁ | ၈ | ၅၂ | ၃၆ | ၃၅ | ၁ | ၀ | | | | | | ၂၂၆ | ၁၇၁ | ၁၀၁ | ၆၂ | ၈ |
| ၁၆ | ရှမ်း(ရှေ့) | ၅၂ | ၅၁ | ၂၄ | ၁၁ | ၁၆ | ၇ | ၂ | ၂ | ၀ | ၀ | | | | | | ၅၉ | ၅၃ | ၂၆ | ၁၁ | ၁၆ |
| ၁၇ | ဧရာဝတီ | ၈၂၂ | ၇၇၉ | ၄၅၀ | ၂၁၆ | ၁၁၃ | ၂၂ | ၁၇ | ၁၃ | ၄ | ၀ | | | | | | ၈၄၄ | ၇၉၆ | ၄၆၃ | ၂၂၀ | ၁၁၃ |
| ၁၈ | နေပြည်တော် | ၁၂၉ | ၁၂၉ | ၆၁ | ၅၆ | ၁၂ | ၅၃ | ၅၃ | ၄၃ | ၇ | ၃ | | | | | | ၁၈၂ | ၁၈၂ | ၁၀၄ | ၆၃ | ၁၅ |
| | **စုစုပေါင်း** | **၆၁၇၁** | **၅၅၈၄** | **၃၃၈၅** | **၁၃၀၆** | **၈၉၃** | **၁၀၀၀** | **၆၉၀** | **၆၁၂** | **၅၄** | **၂၄** | **၂** | **၂** | **၂** | **၀** | **၀** | **၇၁၇၃** | **၆၂၇၆** | **၃၉၉၉** | **၁၃၆၀** | **၉၁၇** |

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လအတွင်း အလုပ်သမားရေးရာဆိုင်ရာ ဆောင်ရွက်ချက်များ

**နေပြည်တော် ဇူလိုင် ၂၂**

နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားတိုးတက်စေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရာတွင် စက်ရုံအလုပ်ရုံများ၏ ကုန်ထုတ်စွမ်းအား တိုးတက်ရေးအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်း၊ ဥပဒေပါရပိုင်ခွင့်များကို ပြည့်ပြည့်ဝဝ မှန်မှန်ကန်ကန်ရရှိစေရေးတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပုံစံဖြင့် ကျား ၅၇၄၆ ဦး၊ မ ၉၅၂၀ တို့အတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် စုစုပေါင်း ၁၅၂၆၆ ဦး ချုပ်ဆိုခဲ့သည်။ အလုပ်ရှင်/အလုပ်သမား အငြင်းပွားမှုများကို ညှိနှိုင်းဖျန်ဖြေပေးရန်အတွက် မြို့နယ်များတွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းထားရှိဆောင်ရွက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် ဇွန်လအတွင်း လက်ခံရရှိမှု ၂၃၁ မှုတွင် အခြားဌာနသို့ လွှဲပြောင်းမှု ၅ မှု၊ ကျေအေးမှု ၂၄ မှု၊ ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းမှု ၅၃ မှု၊ ပိတ်သိမ်းမှု ၂၂ မှု၊ ငွေကြေးအကျိုးခံစားခွင့် ၇၉ မှုနှင့် လက်ကျန်အမှု ၄၈ မှုတို့ ဖြစ်ပြီး ငွေကြေးအကျိုးခံစားခွင့်ရှိသူ ၇၆၅ ဦးအား ငွေကျပ် ၃၅၈၅၉၈၆၂၄ ကို ခံစားခွင့်ရရှိစေခဲ့သည်။

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနအနေဖြင့် အများပြည်သူအလုပ်ပိတ်ရက် အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကို ငွေကြေးဖြင့်ခံစားခွင့်ပေးခြင်း၊ လုပ်အားခကျန်ငွေမရရှိမှုများ၊ ရှောင်တခင်ခွင့်၊ ဆေးခွင့်နှင့် မီးဖွားခွင့်များယူရာတွင် ငွေကြေးခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးခဲ့ရာ ငွေကြေးခံစားခွင့် ငွေကျပ် သိန်းပေါင်း ၅၀၀၀ ကျော်ကို ခံစားခွင့်ပေးနိုင်ခဲ့သည်။

အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနအနေဖြင့် အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုများ ဖြေရှင်းဆောင်ရွက်ရာ၌ ခုံသမာဓိအဖွဲ့တွင် ၃၃ မှုနှင့် ခုံသမာဓိကောင်စီတွင် ၂၂ မှုကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးဥပဒေတွင် အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ရာတွင် ငွေကြေးအကျိုးခံစားခွင့်များ ထုတ်ပေးမှုအနေဖြင့် အာမခံအလုပ်သမားများအား ငွေကြေးအကျိုးခံစားခွင့်များအလိုက် ငွေကျပ် သိန်းပေါင်း ၇၇၀၀၀ ကျော် အကျိုးခံစားခွင့်ပေးခဲ့ပြီး အာမခံအလုပ်သမား ၁၁၃၀ အတွက် ဆေးဖိုးကုန်ကျငွေကျပ်သိန်း ၁၃၀၀ ကျော် ပြန်လည်ထုတ်ပေးခဲ့သည်။

အာမခံအလုပ်သမားများအား ၂၀၂၀ပြည့်နှစ်၊ ဇွန်လအတွင်း အလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေးဆေးခန်းများနှင့် ဌာနကြီးဆေးခန်းများတွင် ဆေးကုသပေးမှု အခြေအနေများမှာ အလုပ်သမားဆေးရုံကြီး သုံးရုံ (ပြင်ပလူနာ ၆၄၄၆ ဦး ၊ အတွင်းလူနာ ၄၆၃ ဦး)တွင် ၆၉၀၉ ဦး၊ လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ တိုင်းရင်းဆေးခန်း တစ်ခန်း၊ ဌာနကြီးဆေးခန်း ၅၉ ခန်းနှင့် လူမှုဖူလုံရေး –ကဲဝဲလ်ဆေးခန်း ၁၂ ခန်းနှင့် PPS စနစ်ဖြင့် စာချုပ်ချုပ်ဆိုထားသည့်ဆေးခန်း ခုနစ်ခန်းတို့မှ ဆေးကုသပေးမှုအနေဖြင့် ၈၈၈၅၆ ဦး၊ လူမှုဖူလုံရေးဆေးခန်းများမှ ဆရာဝန်များ ကွင်းဆင်းဆေးကုသမှု ၁၃ ကြိမ်မှ ၁၃၆ ဦးတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❂ ကျောဖုံးမှ

ဦးအောင်ကိုဝင်းက ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီသို့ ငွေကျပ်သိန်း ၅၀၀၀ ကို ပေးအပ်လှူဒါန်းရာ ကော်မတီနာယက ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်တို့က လက်ခံရယူကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် တောင်ကြီးမြို့ရှိ မိုးကုတ်ဝိပဿနာ တရားစခန်းကျောင်း၌ နေရပ်ပြန်ပြည်သူများအတွက် ဖွင့်လှစ်ထားသည့် အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်းသို့ သွားရောက်၍ သွားလာကန့်သတ်စောင့်ကြည့်ခံယူမှုဝင်ရောက်နေသော ရှမ်းပြည်နယ်အတွင်းမှ နေရပ်ပြန်ပြည်သူများအနက် ကိုယ်ဝန်ဆောင်မိခင်များအား ပြည်နယ်ဝန်ကြီးချုပ်က စားနပ်ရိက္ခာထုပ်များနှင့် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ စီတို့ကိုလည်းကောင်း၊ ကမ္ဘောဇဘဏ်နာယက ဦးအောင်ကိုဝင်းက စောင့်ကြည့်လူနာ ၁၈၀ အတွက် စားနပ်ရိက္ခာထုပ်များနှင့် တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ စီတို့ကိုလည်းကောင်း ထောက်ပံ့ပေးအပ်လှူဒါန်းသည်။

ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီသည် ကမ္ဘောဇဘဏ်၏ စုစုပေါင်းလှူဒါန်းငွေကျပ် သိန်း ၁၅၀၀၀ နှင့် အများပြည်သူများ၏ လှူဒါန်းငွေများဖြင့် ရှမ်းပြည်နယ်အတွင်း တိုင်းရင်းသားပေါင်းစုံနေထိုင်ရာ ဒေသများသို့ စားနပ်ရိက္ခာများ ဆက်လက်ထောက်ပံ့ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ကုသရေးအတွက် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန်များအား စောင့်ကြည့်ရေးစခန်းများ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ဆေးပေးခန်းများသို့ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို နေရာအရောက် ဆက်လက်ထောက်ပံ့ပေးအပ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**စိုးညွန့်ရွှေ (ပြန်/ဆက်)**

# တိုင်းရင်းဆေးဝါးဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

(ဒ) **အရည်အသွေးအာမခံချက်** ဆိုသည်မှာ တိုင်းရင်းဆေးဝါး ထုတ်လုပ်သူ၊ ကျန်းမာရေးဖြည့်စွက်ခတ်စာ ထုတ်လုပ်သူ သို့မဟုတ် ပြည်ပမှ တာဝန်ခံတင်သွင်းသူမှ မိမိ၏ ဆေးဝါးတွင် ဖော်ပြသောရောဂါ တစ်မျိုးအတွက်ဖြစ်စေ၊ တစ်မျိုးထက်ပိုသော ရောဂါများအတွက် ဖြစ်စေ၊ အကျိုးသက်ရောက်မှုရှိ၍ စစ်မှန်ပြီး ဘေးဥပဒ်ကင်းကြောင်း အာမခံခြင်းကိုဆိုသည်။

(ဓ) **ကြော်ငြာခြင်း** ဆိုသည်မှာ အများပြည်သူ တွင်ကျယ်စွာသိရှိနိုင်စေရန် တစ်နည်းနည်းဖြင့် ဆောင်ရွက်ခြင်းကိုဆိုသည်။

(န) **မူလဓာတ်ခွဲခန်း** ဆိုသည်မှာ ဆေးဝါးနမူနာများကို ဓာတ်ခွဲစစ်ဆေးနိုင်ရေးအတွက် အာဏာပိုင်အဖွဲ့က အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထားသော ဓာတ်ခွဲခန်းကိုဆိုသည်။

(ပ) **အယူခံဓာတ်ခွဲခန်း** ဆိုသည်မှာ ဆေးဝါးကိုစစ်ဆေးသော မူလဓာတ်ခွဲခန်း၏ စစ်ဆေးတွေ့ရှိချက်ကို တစ်ဖက်ဖက်မှ ကျေနပ်မှုမရှိ၍ အယူခံဝင်ခြင်းကြောင့် ဆေးဝါးနမူနာကို ထပ်မံဓာတ်ခွဲစစ်ဆေးပြီး အပြီးသတ်အဆုံးအဖြတ်ပြုနိုင်ရန် အာဏာပိုင်အဖွဲ့က သီးခြားသတ်မှတ်ပေးသော ဓာတ်ခွဲခန်းကိုဆိုလိုသည်။

(ဖ) **တိုင်းရင်းဆေးဝါးကြီးကြပ်သူ** ဆိုသည်မှာ ဤဥပဒေပါ ဆေးဝါးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စနစ်တကျကြီးကြပ်ကွပ်ကဲနိုင်ရန် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီမှ ထုတ်ပေးသော တရားဝင်တိုင်းရင်းဆေးဆရာ မှတ်ပုံတင်လက်မှတ်(တဆ) ကိုင်ဆောင်သော တိုင်းရင်းဆေးပညာရှင်ကို ဆိုသည်။

(ဗ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို ဆိုသည်။

(ဘ) **ဦးစီးဌာန** ဆိုသည်မှာ တိုင်းရင်းဆေးပညာဦးစီးဌာနကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တိုင်းရင်းဆေးပညာ၊ တိုင်းရင်းဆေးဝါးများ၊ တိုင်းရင်းဆေးဝါး ထုတ်လုပ်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရန်။

(ခ) အရည်အသွေး စစ်မှန်ကောင်းမွန်၍ ဘေးဥပဒ်ကင်းပြီး အကျိုးသက်ရောက်မှုရှိသော ဆေးဝါးကို အများပြည်သူတို့ သုံးစွဲခွင့်ရရှိရန်။

(ဂ) ဆေးဝါးကို စနစ်တကျ မှတ်ပုံတင်ထားရှိနိုင်ရန်။

(ဃ) ဤဥပဒေပါ ဆေးဝါးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စနစ်တကျကြီးကြပ်ကွပ်ကဲရန်။

## အခန်း(၃)
## အာဏာပိုင်အဖွဲ့ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုအစိုးရသည် တိုင်းရင်းဆေးဝါးဆိုင်ရာ ကိစ္စများဆောင်ရွက်နိုင်ရန် -

(က) ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ဆေးဝါးနှင့်ဥယျာဉ်ဌာနခွဲ ညွှန်ကြားရေးမှူးက တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ လုပ်ငန်းသဘောအရ ဆက်စပ်နေသော သက်ဆိုင်ရာဌာနများ၏ အကြီးအမှူးများ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီမှ ကိုယ်စားလှယ်တစ်ဦးနှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာများအသင်းမှ ကိုယ်စားလှယ်တစ်ဦးတို့ကို အဖွဲ့ဝင်များအဖြစ်လည်းကောင်းပါဝင်သော မြန်မာနိုင်ငံတိုင်းရင်းဆေးဝါး အာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသော အာဏာပိုင်အဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အာဏာပိုင်အဖွဲ့ဝင်သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေနှင့် စရိတ်များကို ခံစားခွင့်ရှိသည်။

၆။ အာဏာပိုင်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဆေးဝါးဆိုင်ရာ မူဝါဒချမှတ်ခြင်း၊

(ခ) မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသော ဆေးဝါးနှင့်စပ်လျဉ်း၍ သမားစဉ်ဆက် ဖော်စပ်အသုံးပြုခြင်းများ၊ ဆေးကျမ်းများနှင့် ကိုက်ညီမှု ရှိ- မရှိ၊ အရည်အသွေးနှင့် အကျိုးသက်ရောက်မှု ရှိ- မရှိ၊ ဘေးဥပဒ်ကင်းရှင်းမှု ရှိ- မရှိတို့ကို လိုအပ်သလို စိစစ်စေခြင်း၊ စမ်းသပ်စေခြင်း၊ စစ်ဆေးစေခြင်း၊

(ဂ) မှတ်ပုံတင်ထားသောဆေးဝါးကို ထုတ်လုပ်ရန်အတွက် လိုင်စင်လျှောက်ထားခွင့်ရှိသူ၏ အရည်အချင်းများသတ်မှတ်ခြင်း၊ လိုင်စင်စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ဃ) မှတ်ပုံတင်ထားသော ဆေးဝါးကို အမှတ်တံဆိပ်ပြုလုပ်ခြင်း၊ အမှတ်တံဆိပ်ပြင်ဆင်ပြောင်းလဲခြင်း၊ ကြော်ငြာခြင်းနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(င) မှတ်ပုံတင်ထားသောတိုင်းရင်းဆေးဝါးအရည်အသွေးအာမခံချက်နှင့် စပ်လျဉ်း၍ စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(စ) အဓိကတိုင်းရင်းဆေးဝါးများကို ရွေးချယ်သတ်မှတ်ခြင်း၊

(ဆ) ကုန်ကြမ်းအဖြစ် သတ်မှတ်သောပစ္စည်းများကို ကြေညာခြင်း၊

(ဇ) ဆေးဝါးများ ကုန်ကြမ်းစုဆောင်းခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ထိန်းသိမ်းခြင်းများနှင့်စပ်လျဉ်း၍ နည်းပညာဖြန့်ဖြူးရန် လမ်းညွှန်ခြင်း၊

(ဈ) တိုင်းရင်းဆေးဝါးကုန်ကြမ်း သို့မဟုတ် တိုင်းရင်းဆေးဝါးကို ပြည်ပသို့ တင်ပို့သော သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းသော အစိုးရဌာန၊ အဖွဲ့အစည်းများအား အကြံဉာဏ်ပေးခြင်း၊

(ည) ကျွမ်းကျင်မှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်နိုင်ရန် လိုအပ်သော ကော်မတီများ ဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီတို့၏ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ဋ) ဆေးဝါးနှင့်သက်ဆိုင်သည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကြီးကြပ်နိုင်ရန် ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေ၊ ခရိုင်၊ မြို့နယ်တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီများ ဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီများ၏ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ဌ) မူလဓာတ်ခွဲခန်းနှင့် အယူခံဓာတ်ခွဲခန်းများ သတ်မှတ်ခြင်း၊

(ဍ) ဆေးဝါးနှင့်ပတ်သက်၍အများပြည်သူသို့အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဎ) မှတ်ပုံတင်ခြင်း၊ လိုင်စင်လျှောက်ထားခြင်းနှင့် ဆေးဝါးဆိုင်ရာကိစ္စရပ်များကို စိစစ်ဆုံးဖြတ်ခြင်းနှင့် ယင်းတို့နှင့်ပတ်သက်၍ အခကြေးငွေများ သတ်မှတ်ခြင်း။

၇။ အာဏာပိုင်အဖွဲ့သည် ဝိဝါဒကွဲပြားမှု သို့မဟုတ် အငြင်းပွားမှုများပေါ်ပေါက်သော ပစ္စည်းနှင့် စပ်လျဉ်း၍ ဆေးဝါးအဖြစ်လည်းကောင်း၊ ကုန်ကြမ်းအဖြစ်လည်းကောင်း၊ သတ်မှတ်နိုင်ခြင်း ရှိ-မရှိ စိစစ်ဆုံးဖြတ်ပေးရမည်။

၈။ အာဏာပိုင်အဖွဲ့သည် ကုန်ကြမ်းများစုဆောင်းခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းဝယ်ခြင်း၊ ပြည်ပသို့တင်ပို့ခြင်းနှင့် ပြည်တွင်းသို့ တင်သွင်းခြင်းများကို ကြီးကြပ်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၉။ အာဏာပိုင်အဖွဲ့သည် မိမိ၏လုပ်ငန်းတာဝန်များကို ဦးစီးဌာနသို့လွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။

## အခန်း(၄)
## တိုင်းရင်းဆေးဝါးကြီးကြပ်သူခန့်ထားခြင်း

၁၀။ တိုင်းရင်းဆေးဝါးထုတ်လုပ်လိုသူသည် တိုင်းရင်းဆေးဝါးထုတ်လုပ်မှုအတွက် တိုင်းရင်းဆေးဝါးကြီးကြပ်သူ ခန့်အပ်ရာတွင် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများကိုသာခန့်အပ်ရမည်–

(က) မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီမှ ထုတ်ပေးထားသော တရားဝင်တိုင်းရင်းဆေးဆရာ မှတ်ပုံတင်လက်မှတ်ရရှိပြီးသူ ဖြစ်ရမည်၊

(ခ) မိမိကြီးကြပ်သည့် တိုင်းရင်းဆေးဝါးနှင့်ပတ်သက်၍ စစ်မှန်မှု၊ ဘေးအန္တရာယ်ကင်းရှင်းမှု၊ အစွမ်းထက်မှု၊ အရည်အသွေး စသည်တို့အပေါ် တာဝန်ခံနိုင်သူ ဖြစ်ရမည်။

## အခန်း(၅)
## တိုင်းရင်းဆေးဝါးများကို မှတ်ပုံတင်ခြင်း

၁၁။ မှတ်ပုံတင်လိုသူသည် ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသို့ သတ်မှတ်ချက်နှင့် အညီ လျှောက်ထားရမည်။

၁၂။ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသည်–

(က) မှတ်ပုံတင်ခြင်းပြုရန် လျှောက်ထားသောဆေးဝါးကို သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ-မရှိ စိစစ်ခြင်းနှင့် လိုအပ်ပါက မူလဓာတ်ခွဲခန်းသို့ပေးပို့၍ စစ်ဆေးခြင်းပြုရမည်၊

(ခ) ပုဒ်မခွဲ (က)နှင့်အညီ စိစစ်တွေ့ရှိချက်အရ -

(၁) သတ်မှတ်ချက်များနှင့် ညီညွတ်ပါက မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်၊

(၂) သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိပါက ကျိုးကြောင်းဖော်ပြ၍ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ငြင်းပယ်နိုင်သည်။

၁၃။ မှတ်ပုံတင်လက်မှတ် သက်တမ်းသည် မှတ်ပုံတင်သည့်နေ့မှစ၍ ငါးနှစ်ဖြစ်သည်။

၁၄။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် -

(က) ကျသင့်သော မှတ်ပုံတင်ကြေးကို ပေးဆောင်ရမည်၊

(ခ) မှတ်ပုံတင်ခြင်းဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာရမည့်အပြင် ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီက အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်ညွှန်ကြားချက်များကို လိုက်နာရမည်။

(ဂ) မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးသည့်အခါ သတ်မှတ်ချက်များနှင့်အညီ စိစစ်မှုခံယူပြီး၊ သက်တမ်းတိုးမြှင့်ရန် မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးမြှင့်ကြေးပေးဆောင်၍ လျှောက်ထားရမည်။

၁၅။ မှတ်ပုံတင်လက်မှတ်ရရှိသူက မှတ်ပုံတင်ခွင့်ဆိုင်ရာ စည်းကမ်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီက ထုတ်ပြန်သော အမိန့်ညွှန်ကြားချက် တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိပါက ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီက မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၁၆။ ကာလအကန့်အသတ်ဖြင့် မှတ်ပုံတင်လက်မှတ် ရုပ်သိမ်းခြင်းခံရသူသည် ကန့်သတ်သည့် ကာလကုန်ဆုံးသောအခါ မှတ်ပုံတင်လက်မှတ်အသစ် ထုတ်ပေးရန် ဗဟိုတိုင်းရင်းဆေးဝါးကြီး ကြပ်ရေးကော်မတီသို့ လျှောက်ထားနိုင်သည်။ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီက စိစစ်၍ မှတ်ပုံတင်လက်မှတ်အသစ် ထုတ်ပေးနိုင်သည်။

၁၇။ မှတ်ပုံတင်လက်မှတ်ပယ်ဖျက်ခြင်းခံရသူသည် မိမိလက်ဝယ်ရှိ မှတ်ပုံတင်လက်မှတ် ပယ်ဖျက်ခြင်းခံရသော တိုင်းရင်းဆေးဝါးနှင့်စပ်လျဉ်း၍ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီက ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

## အခန်း(၆)
## လိုင်စင်လျှောက်ထားခြင်း

၁၈။ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေး ကော်မတီသည် ဆေးဝါးနှင့်စပ်လျဉ်း၍ အောက်ပါ လိုင်စင်များကို ခွင့်ပြုနိုင်သည် -

(က) ဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်၊

(ခ) ဤဥပဒေအရ မှတ်ပုံတင်ထားသည့် ပြည်ပမှတင်သွင်းလာသော တိုင်းရင်းဆေးဖြစ်စေ ကျန်းမာရေး ဖြည့်စွက်ခတ်စာဖြစ်စေ၊ ပြုပြင်ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးခြင်းလိုင်စင်။

၁၉။ မှတ်ပုံတင်ထားသော တိုင်းရင်းဆေးဝါး ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် တိုင်းရင်းဆေးဝါး ထုတ်လုပ်ခွင့်လိုင်စင်ရရှိရေးအတွက် သတ်မှတ်ချက်များနှင့်အညီ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသို့ လျှောက်ထားရမည်။

၂၀။ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသည် လိုင်စင်လျှောက်ထားသော ဆေးဝါးထုတ်လုပ်ခြင်းလုပ်ငန်းကို ထုတ်လုပ်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ၊ အရည်အသွေး အာမခံချက်ဆိုင်ရာ စည်းကမ်းချက်များနှင့် ညီညွတ်ခြင်း ရှိ-မရှိ စိစစ်စေခြင်း၊ လိုအပ်ပါက စစ်ဆေးစေခြင်းများပြုလုပ်ပြီး လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၂၁။ လိုင်စင်သက်တမ်းသည် လိုင်စင်ထုတ်ပေးသည့် နေ့မှစ၍ သုံးနှစ်ဖြစ်သည်။

၂၂။ လိုင်စင်ရရှိသူသည် -

(က) သတ်မှတ်သော လိုင်စင်ကြေးကို ပေးဆောင်ရမည်၊

(ခ) လိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာရမည့်အပြင် ဗဟိုတိုင်းရင်းဆေးဝါး ကြီးကြပ်ရေးကော်မတီက အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်ညွှန်ကြားချက်များကို လိုက်နာရမည်၊

(ဂ) လိုင်စင်လက်မှတ်သက်တမ်း ကုန်ဆုံးသည့်အခါ သတ်မှတ်ချက်များနှင့်အညီ စိစစ်မှုခံယူပြီး သက်တမ်းတိုးမြှင့်ရန် လိုင်စင်လက်မှတ်သက်တမ်းတိုးမြှင့်ကြေးပေးဆောင်၍ လျှောက်ထားရမည်။

၂၃။ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသည် လိုင်စင်ရရှိသူက လိုင်စင်ပါ စည်းကမ်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ ထုတ်ပြန်သည့်အမိန့်၊ ညွှန်ကြားချက်တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိပါလျှင် လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၂၄။ ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရသူသည် ကန့်သတ်သည့် ကာလကုန်ဆုံးသောအခါ လိုင်စင်ပြန်လည်ထုတ်ပေးရန် သတ်မှတ်ချက်များနှင့်အညီ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသို့ လျှောက်ထားနိုင်သည်။

၂၅။ လိုင်စင်ပယ်ဖျက်ခြင်းခံရသူသည် -

(က) ပယ်ဖျက်ခြင်းခံရသော လိုင်စင်အတွက် ထပ်မံလျှောက်ထားခြင်း မရှိစေရ၊

(ခ) မိမိလက်ဝယ်ရှိ အရည်အသွေးပြည့်မီသည်ဟု ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီက သတ်မှတ်ထားသောဆေးဝါးကို လိုင်စင်ရရှိထားသည့် အခြားသူတစ်ဦးဦးအား ရက်ပေါင်း ၆၀ အတွင်း လွှဲပြောင်းခြင်း၊ ရောင်းချခြင်းပြုနိုင်သည်၊

(ဂ) မိမိလက်ဝယ်ရှိ အရည်အသွေးပြည့်မီသော ဆေးဝါးနှင့်စပ်လျဉ်း၍ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီက ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

၂၆။ အာဏာပိုင်အဖွဲ့၊ ဦးစီးဌာန သို့မဟုတ် ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသည် လိုင်စင်ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရသူက ထုတ်လုပ်ဖြန့်ဖြူးထားသည့် စံမညီဆေးဝါးများကို အများပြည်သူအား အသိပေးကြေညာခြင်း၊ သိမ်းဆည်းနိုင်ရန် သက်ဆိုင်ရာ တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီများသို့ ညွှန်ကြားခြင်းပြုနိုင်သည်။

၂၇။ တစ်ပိုင်တစ်နိုင် တိုင်းရင်းဆေးဝါးလုပ်ငန်းသည် တိုင်းရင်းဆေးဝါး ထုတ်လုပ်ခွင့်လိုင်စင် လျှောက်ထားခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

## အခန်း (၇)
## ဆေးဝါးထုတ်လုပ်ခြင်း

၂၈။ ဆေးဝါးထုတ်လုပ်လိုသူသည် ဆေးဝါးထုတ်လုပ်ခြင်းကို ကြီးကြပ်ကွပ်ကဲနိုင်ရန် ပုဒ်မ ၁၀ ပါ အရည်အချင်းနှင့်ပြည့်စုံသည့် တိုင်းရင်းဆေးပညာရှင်ကို တိုင်းရင်းဆေးဝါးကြီးကြပ်သူအဖြစ် ခန့်အပ်ရမည်။

၂၉။ လိုင်စင်ရရှိသူသည် ဆေးဝါးထုတ်လုပ်ခြင်းကိုလည်းကောင်း၊ အပင်ထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်နှင့်မြေထွက်ပစ္စည်း၊ ဓာတ်သတ္တုပစ္စည်းများ သိုလှောင်ထိန်းသိမ်းထားခြင်းကိုလည်း သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

၃၀။ လိုင်စင်ရရှိသူသည် ဆေးဝါးထုတ်လုပ်ရာတွင် ဝန်ကြီးဌာနက အခါအားလျော်စွာထုတ်ပြန်သည့်ဘေးဥပဒ်ဖြစ်စေနိုင်သောပစ္စည်းများ၊ ထည့်သွင်းဖော်စပ်ခြင်းမှ ရှောင်ကြဉ်ရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း နှစ်ကုန်ပိုင်းတွင် စတင်လေ့ကျင့်ရန် စီစဉ်

ရန်ကုန် ဇူလိုင် ၂၂

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရန် နှစ်ကုန်ပိုင်းတွင် စတင်လေ့ကျင့်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ကိုဗစ်-၁၉ ရောဂါကြောင့် စခန်းဝင်လေ့ကျင့်မှုရပ်နားထားပြီး လတ်တလော နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရန်မရှိသေးသောကြောင့် နှစ်ကုန်ပိုင်းမှသာ လေ့ကျင့်ရန် စီစဉ်ထားခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဖေဖော်ဝါရီလတွင် အိုလံပစ်တတိယအဆင့်ခြေစစ်ပွဲ ယှဉ်ပြိုင်ပြီးကတည်းက လေ့ကျင့်မှုရပ်နားထားခြင်းဖြစ်ပြီး အောက်တိုဘာ သို့မဟုတ် နိုဝင်ဘာလတွင် ကျင်းပရန်စီစဉ်ထားသည့် အမျိုးသမီးလိဂ်ပြိုင်ပွဲပြီးဆုံးမှသာ စတင်လေ့ကျင့်ဖွယ်ရှိနေသည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနည်းပြချုပ်သစ် ဦးတင်မြင့်အောင်သည် အမျိုးသမီးလိဂ်ပွဲစဉ်များကို ကြည့်ရှုကာ ကစားသမားများရွေးချယ်ရန် စီစဉ်ထားပြီး ကစားသမား ၃၀ ဝန်းကျင်ဖြင့် စတင်ဖွဲ့စည်းဖွယ်ရှိနေသည်။ မြန်မာအမျိုးသမီးအသင်းသည် လာမည့်နှစ်တွင် ယှဉ်ပြိုင်ရမည့် အာဆီယံအမျိုးသမီးပြိုင်ပွဲ၊ အာရှဖလား ခြေစစ်ပွဲနှင့် ၂၀၂၁ ဆီးဂိမ်းပြိုင်ပွဲတို့အတွက် အဓိကပြင်ဆင်ရမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲယှဉ်ပြိုင်ရန် မသေချာသေးဘဲ လာမည့်နှစ်တွင် ကျင်းပမည့်ပြိုင်ပွဲများအတွက်သာ အဓိကပြင်ဆင်ရမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ၂၀၁၉ ခုနှစ် နှစ်ကုန်တွင် နည်းပြအပြောင်းအလဲပြုလုပ်ခဲ့ပြီး စာချုပ်သက်တမ်းကုန်ဆုံးသွားသည့် ဦးဝင်းသူမိုး နေရာတွင် ပြည်တွင်းနည်းပြတစ်ဦးဖြစ်သည့် ဦးတင်မြင့်အောင်ကို တာဝန်ပေးအပ်ခဲ့ကာ အိုလံပစ် တတိယအဆင့် ခြေစစ်ပွဲတွင် ယာယီနည်းပြအဖြစ်သာ ဆောင်ရွက်ခဲ့သော်လည်း နှစ်လယ်ပိုင်းတွင် အမြဲတမ်းနည်းပြအဖြစ် တာဝန်ပေးအပ်ခံရခြင်းဖြစ်သည်။

ညီမြတ်သော်တာ



၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ - စိုးညွန့်

◆ *ကျောဖုံးမှ*

ဖြစ်သော်လည်း ဩဂုတ်လတွင် ယှဉ်ပြိုင်ကစားမည့် ယူရိုပါလိဂ်ကစားသမား စာရင်းတွင် ထည့်သွင်းထားခြင်းမရှိကြောင်း သိရသည်။

ဟန်ဒါဆန်နှင့် မန်ယူအသင်းတို့ ချုပ်ဆိုထားသော စာချုပ်သက်တမ်းသည် တစ်နှစ်သက်တမ်းတိုးခွင့် အပါအဝင် ၂၀၂၂ ခုနှစ်အထိ ချုပ်ဆိုထားကြောင်း သိရသည်။ မန်ယူအသင်းအနေဖြင့် ၎င်းကို ပထမအသင်းတွင် ကစားခွင့် မပေးပါက အသင်းပြောင်းရွှေ့ဖွယ်ရှိနေသည်။ ထို့ကြောင့် ချယ်လ်ဆီးအသင်းအနေဖြင့် အဆိုပါကစားသမားကို ခေါ်ယူသွားနိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။

မန်ယူနည်းပြဆိုးလ်ရှားသည် ချယ်လ်ဆီးအသင်းကို ရှုံးနိမ့်ခဲ့သော အက်ဖ်အေဖလား ဆီမီးဖိုင်နယ်တွင် ဒီဂီယာအနေဖြင့် ဂိုးခွင့်ပြုပေးရလောက်သည်အထိ အမှားကျူးလွန်ခဲ့သောကြောင့် အဆိုပါ ဂိုးသမား၏ စွမ်းဆောင်ရည်နှင့်ပတ်သက်ပြီး သတိပေးစကားဆိုခဲ့ကြောင်း သိရသည်။ ထို့အပြင် ဒီဂီယာသည် ယခုနှစ်ဘောလုံးရာသီတွင် အလားတူ အမှားမျိုးကို ပဲလေ့စ်၊ ဝက်ဖို့ဒ်၊ အဲဗာတန်နှင့် စပါးအသင်းတို့ ပွဲစဉ်တွင် ကျူးလွန်ခဲ့ကြောင်းလည်း မှတ်တမ်းများအရ သိရသည်။ အသင်းမှ ဒုတိယဦးစားပေး ဂိုးသမားဖြစ်သော ရိုမဲရိုးသည်လည်း လာမည့်နှစ်တွင် မန်ယူအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သောကြောင့် ဟန်ဒါဆန်ကို ဆိုးလ်ရှားအနေဖြင့် ပထမဦးစားပေးဂိုးသမားအဖြစ် ရွေးချယ်အသုံးပြုသွားမလား၊ သို့တည်းမဟုတ် ဟန်ဒါဆန်အနေဖြင့် လုပ်ခလစာ နှစ်ဆရရှိဖွယ်ရှိနေသည့် ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့သွားမလား စိတ်ဝင်စားဖွယ်ရာပင်။

အခြားဆက်စပ်သတင်းအနေဖြင့် ချယ်လ်ဆီးအသင်းသည် ဘာစီလိုနာအသင်းမှ တာစတီဂန်ကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။ ချယ်လ်ဆီးအသင်းသည် အသက် ၂၈ နှစ်အရွယ်ရှိ တာစတီဂန်၏ အခြေအနေကို စောင့်ကြည့်နေသော်လည်း ဘာစီလိုနာအသင်းအနေဖြင့် တာစတီဂန်ကို ထွက်ခွာခွင့်ပြုဖွယ်မရှိကြောင်း သိရသည်။ တာစတီဂန်နှင့် ဘာစီလိုနာအသင်းတို့ ချုပ်ဆိုထားသော စာချုပ်သက်တမ်းသည် ၂၀၂၂ ခုနှစ် ဇွန်လတွင် ကုန်ဆုံးမည်ဖြစ်သော်လည်း ဘာစီလိုနာအသင်းအနေဖြင့် တာစတီဂန်နှင့် စာချုပ်သစ်ချုပ်ဆိုရေးကို ဦးစားပေးလုပ်ဆောင်သွားဖွယ်ရှိနေသည်။ တာစီဂန်သည် ဘာစီလိုနာအသင်းအတွက် ယခုနှစ်ရာသီ လာလီဂါတွင် ၃၆ ပွဲ ပါဝင်ကစားထားကြောင်း သိရသည်။ ချယ်လ်ဆီးအသင်းအနေဖြင့် ဘာစီ လိုနာအသင်းမှ တာစတီဂန်ကို ခေါ်ယူရန် မအောင်မြင်ခဲ့ပါက အက်သလက်တီကို မက်ဒရစ်အသင်းမှ ဂျန်အော့ဘလက်ကို ခေါ်ယူသွားဖွယ်ရှိနေကြောင်းလည်း သိရသည်။

ချယ်လ်ဆီးအသင်းသည် ဇူလိုင် ၂၆ ရက်တွင် ပရီမီယာလိဂ် နောက်ဆုံးပွဲစဉ်အဖြစ် ဝုဖ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ထိုပွဲစဉ်ပြီးလျှင် အက်ဖ်အေဖလား ဗိုလ်လုပွဲအဖြစ် ဩဂုတ် ၁ ရက်တွင် အာဆင်နယ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ထို့အပြင် ဩဂုတ် ၉ ရက်တွင်လည်း ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်အဖြစ် ဘိုင်ယန်မြူးနစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရန် ကျန်ရှိနေသေးသည်။ ပထမအကျော့ ချန်ပီယံလိဂ် ၁၆ သင်းအဆင့်တွင် ချယ်လ်ဆီးအသင်းသည် ဘိုင်ယန်မြူးနစ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည်။

အောင်ဇော်

## နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ တရားမဝင်သစ် ၁၅၂ တန်ကျော် ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၂၂

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင် သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၃ ရက်မှ ၁၉ ရက်အထိ နေပြည်တော်ကောင်စီနယ်မြေ/တိုင်းဒေသကြီး၊ ပြည်နယ် သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၅၅ ဒသမ ၉၂၉၉ တန်၊ သစ်မာ ၂၂၃ ဒသမ ၄၀၄၂ တန်၊ အခြား ၇၂ ဒသမ ၈၄၈၂ တန် စုစုပေါင်း ၁၅၂ ဒသမ ၁၈၂၃ တန်၊ ပြစ်မှုကျူးလွန်သူ ၄၄ ဦး၊ ယာဉ်၊ ယန္တရား ၁၆ စီး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

ညီညီသန်း(နေပြည်တော်)

## ဟိုပန်နှင့် လားရှိုးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ



နေပြည်တော် ဇူလိုင် ၂၂

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၀ ရက် ည ၇ နာရီတွင် ဟိုပန်မြို့နယ် ခြူးရွှေကျေးရွာသွား လမ်းမပေါ်တွင် လျှိုလောက်ပေါင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ သိမ်းဆည်းရမိခဲ့သည်။

လျှိုလောက်ပေါင်းအား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

အလားတူ ယင်းနေ့ ညနေ ၆ နာရီက လားရှိုးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် လားရှိုးမြို့ အမှတ်(၅)ရပ်ကွက် လမ်းမပေါ်တွင် အောင်ချစ်ဦး မောင်းနှင်ပြီး မအားပိုင် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ မအားပိုင်ထံမှ ဘိန်းဖြူ သုည ဒသမ ၀၀၃ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၆၅ ပြားတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ ရဲပြန်ကြား

## ခင်ဦးမြို့နယ်၌ အုပ်စုဖွဲ့ဆိုင်ကယ်ခိုးသူများ ဖမ်းမိ

ခင်ဦး ဇူလိုင် ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်တွင် ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက အုပ်စုဖွဲ့ဆိုင်ကယ်ခိုးသူများကို သက်သေခံဆိုင်ကယ်များနှင့်အတူ လက်ရဖမ်းဆီးရမိခဲ့ကြောင်း ခင်ဦးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်တင့်ထံမှ သိရသည်။

ဖြစ်စဉ်မှာ ခင်ဦးမြို့နယ်တွင် ဇူလိုင် ၂၀ ရက် နံနက် ၁ နာရီခွဲခန့်က ကုန်းကြီးရဲကင်းစခန်းမှူး ဒုရဲအုပ် ထွန်းလင်း ခေါင်းဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် လှည့်ကင်းတာဝန်ဆောင်ရွက်နေစဉ် ခင်ဦး - သင်ပေါင်း ကားလမ်း ပေါက်အိုင်ကျေးရွာအနီး လမ်းမပေါ်တွင် ဆိုင်ကယ်သုံးစီးကို လူသုံးဦးမှ စီးနင်းလာသည်ကို တွေ့ရှိရသဖြင့် စစ်ဆေးရန်တားဆီးစဉ် ဆိုင်ကယ်နှစ်စီးအား လမ်းမပေါ်တွင် ထားခဲ့ပြီး ဆိုင်ကယ်တစ်စီးပေါ်တွင် လူသုံးဦး စီးကာ မောင်းနှင်ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရာ ကုန်းကြီးကျေးရွာအနီးအရောက်တွင် ၎င်းတို့သုံးဦးကို ဆိုင်ကယ်ခိုးယူရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

စစ်ဆေးချက်အရ ချောင်းကြီးကျေးရွာ သပိတ်ကျင်းမြို့နယ်နေသူများဖြစ်သည့် ကျော်ဇောဟိန်း (၂၀နှစ်)၊ ရန်မျိုးအောင် (၂၃ နှစ်)၊ အောင်ကျော်စိန် (၂၀နှစ်) တို့ သုံးဦးမှာ ၎င်းတို့ထားခဲ့သော ဆိုင်ကယ်နှစ်စီးနှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ နေအိမ်အဆောက်အအုံအတွင်းမှ ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကျော်ဇောဟိန်း (၂၀နှစ်) ပါ သုံးဦးကို ခင်ဦးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ မိုးသောက်(ရွှေဘို)

## ပန်းဘဲတန်းမြို့နယ်ရှိ ဖုန်းအရောင်းဆိုင်မှ လက်ကိုင်ဖုန်းများ ခိုးယူသူကို ဖမ်းဆီးရမိ

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် (၂)ရပ်ကွက် အနော်ရထာလမ်းနှင့် ၂၅ လမ်းထောင့်၊ သိမ်ကြီးဈေး(C)ရုံရှိ Frequency Mobile ဖုန်းအရောင်းဆိုင်တွင် ဇွန် ၂၇ ရက်က လက်ကိုင်ဖုန်းအမျိုးမျိုး ၃၈ လုံး စုစုပေါင်း တန်ဖိုးငွေကျပ် ၁၄၆၇၃၂၀၀ ပျောက်ဆုံးကြောင်း မန်နေဂျာဖြစ်သူက ပန်းဘဲတန်းမြို့မရဲစခန်းသို့ တရားလို ပြုလုပ် အမှုဖွင့်တိုင်တန်းခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးက အနီးကပ်ကြီးကြပ်၍ ခရိုင်မှုခင်းနှိမ်နင်းရေး ဌာနစုမှတပ်ဖွဲ့ဝင်များနှင့် ပန်းဘဲတန်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ပြစ်မှုကျူးလွန်သူကို အမြန်ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၁၂ ရက်က ပန်းဘဲတန်းမြို့နယ် (၂) ရပ်ကွက်နေကို - - - က online မှ တစ်ဆင့် ပျောက်ဆုံး IMEI နံပါတ်ပါ XIAOMI အမျိုးအစား ဖုန်းနှစ်လုံးကို ရောင်းချလာသဖြင့် ဝယ်ယူခဲ့ကြောင်း စုံစမ်းသိရှိရသဖြင့် အတည်ပြုစုံစမ်းခဲ့ရာ ကျိုက်ထိုမြို့နယ်ရှိ ဖုန်းအရောင်းဆိုင်တစ်ခုမှ online မှ တစ်ဆင့် ရောင်းချခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ အဆိုပါ ဖုန်းဆိုင်သို့သွားရောက်စစ်ဆေးခဲ့ရာ အမျိုးသားတစ်ဦးက လာရောက်ရောင်းချသဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသူကို လူမြင်လျှင်မှတ်မိကြောင်း ထွက်ဆိုသဖြင့် ဆိုင်ပိုင်ရှင်ကို ဖုန်းများထပ်မံဝယ်ယူလိုကြောင်း အဆိုပါအမျိုးသားကို ဖုန်းဖြင့်ဆက်သွယ်စေခဲ့ရာ ဇူလိုင် ၁၅ ရက်က သထုံ-ကျိုက်ထိုကားဂိတ်၌ အောင်ထွန်း (ခ)ကဲကဲ(ခ) မောင်ဇော်ကို ဖုန်းအလုံး ၂၀ လာရောက်ရောင်းချစဉ် ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ အောင်ထွန်း(ခ)ကဲကဲ(ခ)မောင်ဇော်အား အမှုဖြင့်တိုက်ဆိုင်စစ်ဆေးခဲ့ရာ ၎င်းသည် အဆိုပါပြစ်မှုအားကျူးလွန်ခဲ့ကြောင်း ထွက်ဆိုခဲ့သဖြင့် ဖုန်းများကို ပြန်လည်သိမ်းဆည်းရရှိခဲ့ပြီး ၎င်းကို ဥပဒေနှင့်အညီ အမြန်တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ရဲပြန်ကြား



# ဩစတြေးလျတွင် တစ်နေ့တည်း ကိုဗစ် - ၁၉ အသစ်ထပ်မံကူးစက်မှုအရေအတွက် စံချိန်တင်မြင့်တက်

**မဲလ်ဘုန်း ဇူလိုင် ၂၂**

ဩစတြေးလျနိုင်ငံက ဇူလိုင် ၂၂ ရက် တစ်ရက်တည်း ကိုဗစ် - ၁၉ အသစ်ထပ်မံကူးစက်ခံရသူအရေအတွက် ၅၀၁ ဦးအထိမြင့်တက်လာခဲ့ကြောင်းနှင့် ယင်းပမာဏသည် နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မှုမြင့်တက်ခဲ့ပြီး လေးလနီးပါးကြာပြီးနောက် ပထမဆုံးမြင့်တက်လာသော ထပ်မံကူးစက်ခံရမှုအရေအတွက်ဖြစ်သည်။

ကိုဗစ် - ၁၉ ထပ်မံဖြစ်ပွားမှုများသည် ဗစ်တိုးရီးယားပြည်နယ်တွင် အများဆုံးဖြစ်ခဲ့သည်။ ဩစတြေးလျ ဒုတိယအကြီးဆုံးမြို့ကို သီတင်းပတ်နှစ်ပတ်နီးပါး အသွားအလာကန့်သတ်ပိတ်ဆို့လိုက်သလို သက်ဆိုင်ရာအာဏာပိုင်များကလည်း ကိုဗစ် - ၁၉ ကို ထိန်းချုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

ဩစတြေးလျနိုင်ငံ၏ ကိုဗစ် - ၁၉ အသစ်ထပ်မံဖြစ်ပွားမှုများသည် မတ် ၂၈ ရက်က ၄၅၉ ဦးအထိ မြင့်တက်လာခဲ့သည်။

အိမ်နီးချင်း နယူးဇီလန်နိုင်ငံကဲ့သို့ ဩစတြေးလျနိုင်ငံသည် ကိုဗစ် - ၁၉ ကို တုံ့ပြန်ဆောင်ရွက်ရာတွင် ချီးကျူးခြင်းခံခဲ့ရသည်။

ဗစ်တိုးရီးယားပြည်နယ်ဝန်ကြီးချုပ် ဒန်နီရယ်အန်ဒရူးစ်က ပြည်နယ်အတွင်း ဇူလိုင် ၂၂ ရက်က ကိုဗစ် - ၁၉ ဖြစ်ပွားသူပေါင်း ၄၈၄ ဦးရှိခဲ့ကြောင်းနှင့် နှစ်ဦးသေဆုံးခဲ့ကြောင်း ပြောကြားခဲ့သည်။ စုစုပေါင်း ပြည်နယ်အတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၃၄၀၀ ကျော် ရှိပြီဖြစ်ကြောင်း၊ ဩစတြေးလျနိုင်ငံတစ်ဝန်း ကိုဗစ် - ၁၉ ဖြစ်ပွားမှုပေါင်းသည် ၁၃၀၀၀ ရှိလာပြီဖြစ်ကြောင်းနှင့် ၁၂၈ ဦး သေဆုံးခဲ့ကြောင်း ပြောကြားလိုက်သည်။

မဲလ်ဘုန်းဒေသခံများသည် ညပိုင်းအပြင်ထွက်လျှင် ပါးစပ်နှာခေါင်းစည်းတပ်ဆင်ရန် လိုအပ်ကြောင်းနှင့် မဲလ်ဘုန်းမြို့သည် အများပြည်သူစည်ကားသောနေရာများသို့ သွားလျှင် ပါးစပ်နှာခေါင်းစည်းတပ်ဆင်ရန် အမိန့်ထုတ်ပြန်လိုက်ရသည့် ပထမဆုံးမြို့တစ်မြို့ဖြစ်ကြောင်း သိရသည်။

အန်ဒရူးစ်က ကိုဗစ် - ၁၉ ကူးစက်ပျံ့နှံ့မှုကို တားဆီးရန် နောက်ထပ် ပုံစံပြောင်းလဲမှုများ ထပ်မံလုပ်ဆောင်ရန် လိုအပ်လျက်ရှိသေးကြောင်း ပြောကြားလိုက်သည်။

ကိုဗစ် - ၁၉ ကူးစက်ပျံ့နှံ့မှုက ဩစတြေးလျနိုင်ငံ၏ စီးပွားရေးလျင်မြန်စွာဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်စေကြောင်း သိရသည်။

မဲလ်ဘုန်းတွင် ကိုဗစ် - ၁၉ ကူးစက်ပျံ့နှံ့မှုကို ဆန်းစစ်လျက်ရှိရာတွင် နိုင်ငံရပ်ခြားမှ ပြန်လာသော ပြည်သူများကို အသွားအလာ ကန့်သတ်မှုများလုပ်ရန် ဟိုတယ်များတွင် ထားရှိရာမှတစ်ဆင့် ကူးစက်မှုများပျံ့နှံ့လာဖွယ်ရှိကြောင်း သိရသည်။

ဗစ်တိုးရီးယားပြည်နယ်တွင် ကိုဗစ် - ၁၉ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် တခြားနိုင်ငံများနှင့်အသွားအလာ ကန့်သတ်မှုများ ပြုလုပ်ထားခြင်းမရှိဘဲ အလုံပိတ်ထားသောကြောင့် အိမ်နီးချင်း နယူးဆောက်ဝေးလ်ပြည်နယ်တွင်သာ ကိုဗစ် - ၁၉ ကူးစက်မှုအသစ်များ ဖြစ်ပွားခဲ့ပြီး လူဦးရေနည်းသော ဒေသများတွင် ဗိုင်းရပ်စ်ကူးစက်မှုအသစ်များထပ်မံဖြစ်ပွားမှုမရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**




မဲလ်ဘုန်းနေပြည်သူတစ်ဦး ပါးစပ်နှာခေါင်းစည်းတပ်ဆင်ထားသည်ကိုတွေ့ရစဉ်။



ဘလက်ဟော့ခ်ရဟတ်ယာဉ်တစ်စင်းကို တွေ့ရစဉ်။

# ကိုလံဘီယာရဟတ်ယာဉ်ပျက်ကျမှုတွင် စစ်သားကိုးဦး သေဆုံး

**ဘိုဂိုတာ ဇူလိုင် ၂၂**

ကိုလံဘီယာစစ်တပ်က နိုင်ငံအရှေ့တောင်ပိုင်းတွင် ပြောက်ကျားတပ်ဖွဲ့များကို နှိမ်နင်းသည့်စစ်ဆင်ရေးအတွင်း စစ်ဘက်ဆိုင်ရာ ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့မှုကြောင့် စစ်သားကိုးဦးသေဆုံးခဲ့ပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြောကြားလိုက်သည်။

လူ ၁၇ ဦးလိုက်ပါလာသော ဘလက်ဟော့ခ်ရဟတ်ယာဉ်သည် နိုင်ငံအရှေ့တောင်ပိုင်း ဂွါဗီရာတောထဲတွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။ တပ်ဖွဲ့ဝင်ကိုးဦး၏အလောင်းကို ရှာဖွေတွေ့ရှိခဲ့ကြောင်း စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူက တွစ်တာသို့ ပြောကြားလိုက်သည်။

အဆိုပါ ရဟတ်ယာဉ်သည် ပျက်ကျခြင်း သို့မဟုတ် ပစ်ချခံလိုက်ရခြင်းလားဆိုသည်ကို စစ်တပ်က ပြောကြားခြင်းမပြုပေ။

ကိုလံဘီယာသမ္မတ အီဗန်ဒုက အဆိုပါဖြစ်စဉ်ကို မတော်တဆမှုအဖြစ် တွစ်တာတွင်ဖော်ပြလိုက်ပြီး ရဟတ်ယာဉ်ပေါ်ရှိ စစ်သားများသည် စစ်ဆင်ရေးကို ကူညီပေးသူများဖြစ်ကြောင်းဖော်ပြလိုက်သည်။

စစ်တပ်၏အဆိုအရ အဆိုပါ ရဟတ်ယာဉ်သည် အစိုးရနှင့်သဘောထားကွဲလွဲလျက်ရှိသော ဖွဲ့စ်များကို တိုက်ခိုက်ရာတွင် ကူညီထောက်ပံ့ပေးနေသော ရဟတ်ယာဉ်ဖြစ်ကြောင်းနှင့် အစိုးရနှင့်သဘောထားကွဲလွဲလျက်ရှိသည့် အဆိုပါဖွဲ့စ်များသည် ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးရန် ငြင်းဆန်သည့် လက်ဝဲစွန်းပြောက်ကျားတပ်ဖွဲ့များဖြစ်ကြောင်း သိရသည်။

အစိုးရနှင့် သဘောထားကွဲလွဲလျက်ရှိသော ပြောက်ကျားတပ်ဖွဲ့ဝင် ၂၃၀၀ ခန့်ရှိကြောင်း စစ်ဘက်ဆိုင်ရာ သတင်းထောက်လှမ်းမှုများအရ သိရပြီး ၎င်းတို့သည် မူးယစ်ဆေးရောင်းဝယ်မှု၊ တရားမဝင် ဓာတ်သတ္တုတူးဖော်မှုနှင့် အမျိုးမျိုးသောကွန်ရက်ချိတ်ဆက်မှုများကို လုပ်ကိုင်ဆောင်ရွက်ပြီး ရှင်သန်လျက်ရှိကြောင်း သိရသည်။

အဆိုပါဒေသသည် ဘိန်းစိုက်ပျိုးရာနေရာအဖြစ် လူသိများသည်။ ကိုလံဘီယာနိုင်ငံသည် ကိုကင်းပြုလုပ်ရာတွင် အသုံးပြုသည့် ကိုကာအရွက်ထုတ်လုပ်ရာတွင် ကမ္ဘာ့ထိပ်တန်းနိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ခရီးသွား လုပ်ရှားမှုတွင် ပြည်သူလူထုပူးပေါင်းပါဝင်ရန် ဂျပန်ဝန်ကြီးချုပ်အာဘေး ကြိုးပမ်း

**တိုကျို ဇူလိုင် ၂၂**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ကိုဗစ် - ၁၉ ကြောင့် အထိနာနေသော ပြည်တွင်းခရီးသွား ဖွံ့ဖြိုးတိုးတက်ရေးကိုမြှင့်တင်ရန် အစိုးရ၏အစီအစဉ်တွင် ပြည်သူလူထုအနေဖြင့် ပါဝင်ကြရန် တိုက်တွန်းနှိုးဆော်လိုက်ကြောင်း သိရသည်။

ခရီးသွားကြစို့ဟူသောလှုပ်ရှားမှုကို ဇူလိုင် ၂၂ ရက်က စတင်ခဲ့သည်။ အဆိုပါလှုပ်ရှားမှုတွင် သယ်ယူပို့ဆောင်ရေးနှင့် နေထိုင်စားသောက်ရေးတို့တွင် လျှော့ဈေးများဖြင့် ကမ်းလှမ်းထားကြောင်းသိရပြီး ကူပွန်များကိုလည်း ခရီးသွားဝန်ဆောင်မှုများနှင့် လက်ဆောင်ပစ္စည်းဆိုင်များတွင် အသုံးပြုနိုင်ကြောင်း သိရသည်။

အစိုးရ၏ စီးပွားရေးဆောင်ရွက်ချက်များကို ပြန်လည်ဖွင့်လှစ်ရန် သတိဖြင့်လုပ်ကိုင်ဆောင်ရွက်နေသည့်မူဝါဒများကို ပြောင်းလဲသွားမည်မဟုတ်ကြောင်း အာဘေးက ပြောကြားလိုက်သည်။

ပြည်သူလူထုအနေဖြင့် လူထူထပ်သည့်နေရာများကို ရှောင်ရှားရန်နှင့် နီးကပ်သည့်နေထိုင်မှုမျိုးမပြုလုပ်ရန်၊ အလုံပိတ်နေရာများကိုလည်း ကိုဗစ် - ၁၉ ကူးစက်မှုမှ ကာကွယ်ရန်အတွက် ကန့်သတ်မှုများပြုလုပ်ထားသည့်အပေါ် လိုက်နာဆောင်ရွက်ကြရန် အာဘေးကတိုက်တွန်းပြောကြားလိုက်သည်။

ကျန်းမာရေးဌာနများတွင် ကိုဗစ် - ၁၉ စစ်ဆေးမှုများကို အသက်ကြီးပိုင်းများအတွက် လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်းနှင့် အစိုးရအနေဖြင့်လည်း ကိုဗစ် - ၁၉ ကူးစက်မှုများကို ကာကွယ်ရန် နည်းလမ်းများနှင့်ပတ်သက်ပြီး ကျွမ်းကျင်သူများနှင့် တိုင်ပင်သွားမည်ဖြစ်ကြောင်း အာဘေးက ပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**




ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး

# အမေရိကန်သမ္မတ ဧပြီလကုန်မှစကာ ပထမဆုံး အိမ်ဖြူတော်အစည်းအဝေးသို့ တက်ရောက်

**ဝါရှင်တန် ဇူလိုင် ၂၂**

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်သည် ဧပြီလကုန်မှစကာ ပထမဦးဆုံးအနေဖြင့် ဇူလိုင် ၂၁ ရက်က အိမ်ဖြူတော်တွင် ကျင်းပပြုလုပ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင်ဖော်ပြလိုက်သည်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က အမေရိကန်တွင် ကပ်ရောဂါပြန်လည်မကောင်းမွန်ခင် ပိုမိုဆိုးရွားလာနိုင်ကြောင်း၊ အမေရိကန်နိုင်ငံတွင် ဒေသအသီးသီးအခြေအနေမတူညီသည့်အလျောက် တောင်ပိုင်းဖလော်ရီဒါပြည်နယ်တွင် အခြေအနေပိုမိုဆိုးရွားလာကြောင်း၊ လူတိုင်းသတ်မှတ်ထားသည့်အကွာအဝေးတွင် မနေနိုင်ပါက နှာခေါင်းစည်းတပ်ဆင်ရန် ပြောကြားထားကြောင်း၊ နှာခေါင်းစည်းတပ်ဆင်ခြင်းက ကိုဗစ်-၁၉ ကိုကာကွယ်ရာတွင် ထိရောက်မှုရှိကြောင်း ပြောကြားလိုက်သည်။

အမေရိကန်နိုင်ငံတွင် ကပ်ရောဂါကို မထိန်းချုပ်နိုင်ခင် ဖြေလျှော့မှုများ ပြုလုပ်ခဲ့သဖြင့် ကပ်ရောဂါပြန်လည်ပြန့်ပွားခဲ့ကြောင်း၊ ဖလော်ရီဒါပြည်နယ်တွင် ဇူလိုင် ၁၄ ရက်မှ ၁၉ ရက်အထိ နေ့စဉ်လူပေါင်း တစ်သောင်းကျော်ကူးစက်မှု ဖြစ်ပွားခဲ့ကြောင်းနှင့် အမေရိကန်နိုင်ငံ၏ လက်တွေ့ကူးစက်ခံရသူပေါင်းမှာ လက်ရှိဖော်ပြထားသည့်ပမာဏထက် ၁၀ ဆ ကျော်ရှိနိုင်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ကိုဗစ် - ၁၉ အတွက် တီထွင်ဖော်စပ်နေသည့် ကာကွယ်ဆေး အလားအလာကောင်းကြောင်း အောက်စဖို့ဒ်တက္ကသိုလ်ပညာရှင်များပြော



ကိုဗစ် – ၁၉ ကာကွယ်ဆေးစမ်းသပ်ဆောင်ရွက်နေသည့် အောက်စဖို့ဒ်တက္ကသိုလ်မှ ဆေးပညာရှင်များကို တွေ့ရစဉ်။

**ဝါရှင်တန် ဇူလိုင် ၂၂**

ကိုဗစ်–၁၉ အတွက် ကာကွယ်ဆေးဖော်စပ်ထုတ်လုပ်နိုင်ရေးကြိုးပမ်းနေသည့် အောက်စဖို့ဒ်တက္ကသိုလ်မှ ဆေးပညာရှင်များက ၎င်းတို့တီထွင်နေသည့် ကိုဗစ်–၁၉ ကာကွယ်ဆေးမှာ အလားအလာကောင်းသည်ဟု ပြောကြားခဲ့သည်။

အဆိုပါ ကာကွယ်ဆေးကို လူများတွင် စမ်းသပ်လေ့လာခဲ့ရာ ကိုယ်ခံအားဆိုင်ရာ တုံ့ပြန်မှုအချို့ဖြစ်ပေါ်ခဲ့ကြောင်း ၎င်းတို့ကပြောသည်။ ကာကွယ်ဆေးစမ်းသပ်မှုကနဦးရလဒ်များကို ဗြိတိန်ဆေးသိပ္ပံပညာဂျာနယ်လန်ဆက်တွင် ဖော်ပြခဲ့သည်။

လေ့လာစမ်းသပ်မှုအတွင်းပါဝင်ခဲ့သူ ၁၂၇ ဦးတို့၏ ပဋိဇီဝပစ္စည်းအချိုးအစားသည် ၂၈ ရက်ကြာပြီးနောက် အမြင့်ဆုံးအထိရောက်ရှိခဲ့ကြောင်း သုတေသနပညာရှင်များက သတိပြုမိခဲ့ကြသည်။ အဆိုပါပဋိပစ္စည်းများသည် ၅၆ ရက်ကြာပြီးနောက်ပိုင်းမှာပင်လျှင် မြင့်မားစွာဆက်လက်ရှိနေခဲ့ကြောင်း သိရသည်။

ထို့ပြင် ကာကွယ်ဆေးပေး၍ လေ့လာခဲ့မှုအတွင်း လူနာများ၏ ၉၀ ရာခိုင်နှုန်းတွင် ဗိုင်းရပ်စ်၏ လှုပ်ရှားမှုကို အားပျော့စေသည့်ပဋိပစ္စည်းများကိုလည်း တွေ့ရှိခဲ့ကြောင်း သုတေသီများက ပြောကြားခဲ့သည်။

ထို့ပြင် ကာကွယ်ဆေးသည် စမ်းသပ်ခံလူနာများ၏ ကျန်းမာရေးကို ဘေးထွက်ဆိုးကျိုးပြင်းပြင်းထန်ထန် ကျရောက်မှုမရှိသည့်အတွက် အလားအလာကောင်းကြောင်း လေ့လာသူများက ပြောကြားခဲ့သည်။

ဆေး၏ ဘေးကင်းလုံခြုံမှုနှင့် အစွမ်းထက်မှုကို အတည်ပြုနိုင်ရေးအတွက် နောက်ထပ်လက်တွေ့စမ်းသပ်မှုများ ထပ်မံလုပ်ဆောင်သွားရန်ရှိကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

# တူရကီသမ္မတက ဆီးရီးယားတွင် တပ်ဖွဲ့ဝင်များ ဆက်လက်ထားရှိမည်ဟု ပြော

**အင်ကာရာ ဇူလိုင် ၂၂**

ဆီးရီးယားပြည်သူများ ငြိမ်းချမ်းလုံခြုံစွာနေထိုင်နိုင်သည်အထိ တူရကီတပ်ဖွဲ့ဝင်များအနေဖြင့် ဆီးရီးယားတွင် ဆက်လက်တည်ရှိသွားမည်ဖြစ်ကြောင်း တူရကီသမ္မတ ရီဆက်တေရစ်အာဒိုဂန်က ပြောကြားလိုက်သည်။





တူရကီသမ္မတ ရီဆက်တေရစ်အာဒိုဂန် အစည်းအဝေးတွင် မိန့်ခွန်းပြောကြားနေစဉ်။

မိမိတို့၏ နှစ်ပေါင်းတစ်ထောင်အိမ်နီးချင်းလည်းဖြစ်၊ ညီအစ်ကိုတော်များလည်းဖြစ်သော ဆီးရီးယားပြည်သူများ လွတ်လပ်မှုရရှိပြီး ငြိမ်းချမ်းလုံခြုံစွာဖြင့် နေထိုင်သွားနိုင်သည်အထိ မိမိတို့အနေဖြင့် ဆီးရီးယားမြေပေါ်တွင် ဆက်လက်ရှိနေဦးမည်ဖြစ်ကြောင်း မြို့တော်အင်ကာရာရှိ အစည်းအဝေးတွင် ပြောကြားလိုက်သည်။

တူရကီစစ်တပ်သည် ဆီးရီးယားမြောက်ပိုင်းတွင် ဆီးရီးယားကာ့ဒ်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များကို ဆန့်ကျင်တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိသည်။ ဆီးရီးယားပြည်တွင်းစစ်သည် ကိုးနှစ်ကျော်သို့ ရောက်လာသော်လည်း ပြီးဆုံးဦးမည်မဟုတ်ကြောင်းသိရသည်။

ဆင်ဟွာ

# အင်ဒိုနီးရှားကမ်းခြေသို့ သေဆုံးနေသည့်ဝေလငါးကြီးတစ်ကောင်မျောလာ

**ဂျကာတာ ဇူလိုင် ၂၂**

အရွယ်အစားအားဖြင့် ၂၃ မီတာ (၇၅ပေ) ခန့်ရှိသည့် ဝေလငါးအသေတစ်ကောင် အင်ဒိုနီးရှားနိုင်ငံကမ်းခြေတစ်ခုအနီးသို့ မျောပါလာခဲ့ကြောင်း သိရသည်။

သို့ရာတွင် အဆိုပါဝေလငါးသေဆုံးရသည့်အကြောင်းကို မသိရှိရကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အာဏာပိုင်များက ဇူလိုင် ၂၂ ရက်တွင် ပြောကြားသည်။

ကူပန်မြို့ ကမ်းခြေဆီသို့ လူအများအပြား ရောက်ရှိလာပြီး ထူးဆန်းစွာသေဆုံးနေသည့် ဝေလငါးကို ကြည့်ရှုရန် ရောက်ရှိလာကြကြောင်းသိရသည်။

သေဆုံးနေသည့် ဝေလငါးမှာ Blue Whale တစ်ကောင်ဖြစ်ပြီး အင်ဒိုနီးရှားကမ်းခြေအနီးအနားတွင် သေဆုံးခြင်းဖြစ်ဟန် မရှိကြောင်း ဒေသရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အာဏာပိုင်လစ်ယာတီဆာဆာပူထရာက ပြောကြားခဲ့သည်။

Blue Whale ဝေလငါးများသည် အကြီးမားဆုံး တိရစ္ဆာန်များ ဖြစ်ကြပြီး တန်ချိန် ၂၀၀အထိရှိကာ ၃၂ မီတာအထိ ကြီးထွားနိုင်ကြကြောင်း သိရသည်။

အဆိုပါဝေလငါး၏ လျှာတစ်ခုတည်းဖြင့်ပင်လျှင် ဆင်တစ်ကောင်၏ အလေးချိန်ပမာဏရှိပြီး သက်တမ်းအားဖြင့် နှစ် ၈၀ မှ ၉၀ အထိ ကြာမြင့်ကြောင်း အမျိုးသားဘူမိအဖွဲ့ အစည်း၏ ပြောကြားချက်အရ သိရသည်။

ပြီးခဲ့သည့် အောက်တိုဘာလကလည်း ကူပန်ကမ်းခြေအနီးတွင် ပိုင်းလေ့ ဝေလငါးခုနစ်ကောင်ကို သေဆုံးလျက်တွေ့ရှိရကြောင်း သိရသည်။

၂၀၁၈ ခုနှစ်က အင်ဒိုနီးရှားကမ်းခြေအနီးတွင် တွေ့ခဲ့ရသည့် ဝေလငါးသေဆုံးမှုတွင် ဝေလငါး၏ အစာအိမ်ထဲ၌ ပလတ်စတစ်စွန့်ပစ်ပစ္စည်းအမြောက်အမြား တွေ့ရှိခဲ့သည်။

အေအက်ဖ်ပီ



အင်ဒိုနီးရှားကမ်းခြေအနီးတွင် တွေ့ရသည့် ဝေလငါးကြီးကို ဒေသခံပြည်သူများ ဝိုင်းဝန်းကြည့်ရှုနေစဉ်။

# ကိုဗစ်-၁၉ ကြောင့် ကလေးသူငယ်စောင့်ရှောက်ရေး အကျပ်အတည်းပိုမိုဆိုးရွားလာနိုင်ကြောင်း ယူနီဆက်ဖ်သတိပေး

**ဂျီနီဗာ ဇူလိုင် ၂၂**

ကိုဗစ် –၁၉ ကပ်ရောဂါကျရောက်မှုကြောင့် ကမ္ဘာတစ်ဝန်း ကလေးသူငယ်စောင့်ရှောက်ရေးဆိုင်ရာ အခက်အခဲကျရောက်မှုအခြေအနေပိုမိုဆိုးရွားလာနိုင်ကြောင်း ကုလသမဂ္ဂနိုင်ငံတကာကလေးများ အရေးပေါ်ရန်ပုံငွေအဖွဲ့ အကြီးအကဲ ဟင်နရီတာဖောရ်က သတိပေးလိုက်သည်။

ကိုဗစ် – ၁၉ ကူးစက်ဖြစ်ပွားမှုကို ခုခံတွန်းလှန်ရန်အတွက် ချမှတ်ဆောင်ရွက်ခဲ့သည့် အစီအမံများကြောင့် ကလေးငယ် သန်းပေါင်း ၄၀ ထက်မနည်း အချိန်မတိုင်မီ ကျောင်းထွက်ခဲ့ရကြောင်း ဖော်ပြထားသည့် ကုလသမဂ္ဂ၏ လေ့လာမှုအစီရင်ခံစာကို ထုတ်ပြန်ခဲ့ပြီးနောက်တွင် ယူနီဆက်ဖ်အကြီးအကဲက ထိုသို့အသိပေးခဲ့ခြင်းဖြစ်သည်။

ကိုဗစ် – ၁၉ ကြောင့် ကန့်သတ်ပိတ်ဆို့ခဲ့ရမှုများသည် မိဘပြည်သူအများစုကို ကလေးသူငယ်စောင့်ရှောက်ရေးအတွက် ဟန်ချက်ညီစေရန်နှင့် ဝင်ငွေရရှိရေးအတွက် အလုပ်အကိုင်ရှာဖွေရန် ကြိုးစားရုန်းကန်ရမှုများဖြစ်လာခဲ့ပြီး အထူးသဖြင့် ကလေးငယ်များအား အနီးကပ်စောင့်ရှောက်မှုနှင့် အိမ်ထောင်မှုလုပ်ကိုင်ရသည့် အမျိုးသမီးများတွင် ပိုမိုဝန်ထုပ်ဝန်ပိုးကျရောက်လာကြောင်း သိရသည်။

ဆင်းရဲနွမ်းပါးသည့်နိုင်ငံများတွင် ရောဂါကူးစက်မှုကြောင့် ကျောင်းများကို ပိတ်ထားရမှုသည် ကလေးငယ်များရှိသည့်အိမ်ထောင်စုအများအပြားကို ပိုမိုခက်ခဲစေခဲ့သည်။

၎င်းတို့အတွက် ကျောင်းများသည် ကလေးငယ်များအတွက် ဝန်ဆောင်မှုအမျိုးမျိုးကို အဓိကပေးအပ်နေသည့် နေရာများဖြစ်ပြီး အာဟာရကျွေးခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်းနှင့် လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် စိတ်ပိုင်းဆိုင်ရာ စွမ်းရည်များအတွက် အထောက်အကူပြုပေးလျက်ရှိသည်။

သို့ဖြစ်ရာ ကပ်ရောဂါကြောင့် ကျောင်းများကိုပိတ်ထားရမှုက ကလေးငယ်များအား စောင့်ရှောက်ရေးတွင် အခက်အခဲများပိုမိုကျရောက်လာဖွယ်ရှိနေကြောင်း သိရသည်။

ဆင်ဟွာ

# အလက်စကာ၌ အင်အားပြင်းငလျင်တစ်ခုလှုပ်ပြီးနောက် ဆူနာမီသတိပေးချက်ပြန်လည်ရုပ်သိမ်း

**ဝါရှင်တန် ဇူလိုင် ၂၂**

အလက်စကာကျွန်းဆွယ်၌ အင်အား ၇ ဒသမ ၈ ရစ်ချ်တာစကေးရှိသည့် အင်အားပြင်းငလျင်တစ်ခုလှုပ်သွားပြီးနောက် အဆိုပါကျွန်းဆွယ်ပေါ်ရှိ လူမှုအဖွဲ့အစည်းများတွင် ဆူနာမီဖြစ်ပေါ်နိုင်သည့် အန္တရာယ်မရှိတော့ကြောင်း အမေရိကန်အာဏာပိုင်များက ပြောကြားခဲ့သည်။

ငလျင်သည် ဇူလိုင် ၂၂ ရက် ဒေသစံတော်ချိန် နံနက် ၆နာရီ ၁၅ မိနစ်တွင် အလက်စကာကျွန်းဆွယ်ပေါ်၌ လှုပ်ခဲ့ကြောင်း အမေရိကန်ဘူမိစစ်တမ်းအဖွဲ့က ပြောကြားခဲ့သည်။ ငလျင်သည် အနက်အားဖြင့် ၂၈ ကီလိုမီတာခန့်ကို ဗဟိုပြုလျက် လှုပ်သွားခဲ့ကြောင်း သိရသည်။

မူလက ငလျင်လှုပ်ပြီးနောက် ဆူနာမီလှိုင်းများဖြစ်ပေါ်နိုင်ပြီး ကီလိုမီတာ ၃၀၀ အကွာအဝေးအထိ ရောက်ရှိနိုင်ကြောင်း အမေရိကန်အမျိုးသား ပင်လယ်သမုဒ္ဒရာ လေထုဆိုင်ရာစီမံခန့်ခွဲရေးအဖွဲ့က သတိပေးနှိုးဆော်ချက်ထုတ်ပြန်ခဲ့သော်လည်း နောက်ပိုင်းတွင် ယင်းသတိပေးချက်ကို ပြန်လည်ရုပ်သိမ်းခဲ့သည်။

အင်န်အိတ်ချ်ကေ

# ဗြိတိန်မှာ အခြေစိုက်မယ့် TikTok ရဲ့ နိုင်ငံတကာရုံးချုပ်ကိစ္စ ဘယ်လိုဖြစ်လာမလဲ

ကလျာမိုးမြင့်

**အမေရိကန်ပြည်ထောင်စုမှာ TikTok အက်ပလီကေးရှင်းအသုံးပြုခြင်းကို ပိတ်ပင်ဖို့ အာဏာပိုင်တွေရဲ့ဖိအားပေးမှုတွေပေါ်ထွက်လာခဲ့ပြီးတဲ့နောက်မှာ TikTok ရဲ့ နိုင်ငံတကာရုံးချုပ်ကို ဗြိတိန်မှာအခြေစိုက်မယ့်ကိစ္စဟာ သံသယဖြစ်စရာကောင်းလာတယ်လို့ မီဒီယာတွေမှာ ဖော်ပြနေကြပါတယ်။**




## အစိုးရနဲ့ဆွေးနွေးနေ

ဗီဒီယိုဖျော်ဖြေတင်ဆက်မှုကိုမျှဝေတဲ့ TikTok အက်ပလီကေးရှင်းရဲ့ မူလပိုင်ရှင်ဖြစ်တဲ့ ByteDance ကုမ္ပဏီက ကုမ္ပဏီရုံးချုပ်ကို လန်ဒန်မှာအခြေစိုက်မယ့်ကိစ္စနဲ့ပတ်သက်ပြီး အစိုးရနဲ့ စကားပြောဆွေးနွေးခဲ့ပါတယ်။ ဒါပေမယ့် အမေရိကန်ကတော့ TikTok ကို အမေရိကန်မှာပိတ်ပင်ဖို့ စဉ်းစားနေပြီး အကယ်၍ ByteDance ကုမ္ပဏီအနေနဲ့ တရုတ်နိုင်ငံကနေ ခွဲထွက်လာပြီး အမေရိကန်ကုမ္ပဏီအနေနဲ့ လာမယ်ဆိုရင်တော့ ၎င်းရဲ့ နိုင်ငံအတွင်းမှာ ဆက်လက်လုပ်ငန်းလည်ပတ်ခွင့်ပြုနိုင်ဖွယ်ရှိတယ်ဆိုတဲ့ သတင်းတွေလည်း ထွက်ပေါ်နေပါတယ်။

ByteDance ရဲ့ပြောရေးဆိုခွင့်ရှိသူက ကုမ္ပဏီအနေနဲ့ လန်ဒန်မှာပဲ အပြည့်အဝ ရင်းနှီးမြှုပ်နှံမှု ဆက်လုပ်သွားမယ်လို့ ဆိုပါတယ်။ နိုင်ငံတကာကုန်သွယ်ရေးဌာန ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ByteDance ရဲ့ တစ်ကမ္ဘာလုံးဆိုင်ရာ ဌာနချုပ်အခြေစိုက်မယ့် တည်နေရာနဲ့ပတ်သက်တဲ့ ဆုံးဖြတ်ချက်ဟာ ကုမ္ပဏီရဲ့ စီးပွားရေးအရ ကြည့်ပြီးလုပ်တဲ့ ဆုံးဖြတ်ချက်ဖြစ်တယ်လို့ ဆိုပါတယ်။

## ဖိုက်ဂျီနည်းပညာကို ဖယ်ရှားမည်

လက်ရှိအချိန်ဟာ ဗြိတိန်နဲ့ တရုတ်နိုင်ငံအကြားမှာလည်း တင်းမာမှုတွေမြင့်တက်နေတဲ့ အချိန်ပါ။ လာမယ့် ၂၀၂၇ ခုနှစ်မှာ ဗြိတိန်မှာရှိတဲ့ မိုဘိုင်းကွန်ရက်ကနေ တရုတ်နည်းပညာကုမ္ပဏီဖြစ်တဲ့ ဟွာဝေးရဲ့ ဖိုက်ဂျီ နည်းပညာကို ဖယ်ရှားဖို့ အစိုးရက မကြာသေးခင်ကပဲ အမိန့်ထုတ်လိုက်တဲ့အတွက် နှစ်နိုင်ငံ မပြေလည်မှုတွေ ဖြစ်နေတဲ့ အချိန်အတောအတွင်းမှာပဲ TikTok ရဲ့ ရုံးစိုက်မယ့် ကိစ္စကပေါ်လာတာ ဖြစ်ပါတယ်။

ဖိုက်ဂျီကွန်ရက်ကို ဗြိတိန်ကနေဖယ်ရှားမယ့် ကိစ္စကြောင့် တရုတ်နဲ့ ဗြိတိန် နှစ်နိုင်ငံအကြားမှာ တစ်ဖက်နဲ့တစ်ဖက် စီးပွားရေးဆိုင်ရာ အပြန်အလှန်ထိုးနှက်တိုက်ခိုက်မှုတွေ ဖြစ်ပေါ်လာတော့မှာကိုလည်း စိုးရိမ်နေကြရပါတယ်။ ဗြိတိန်နိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး လျူကျာ့အိုမင်က ကျွန်ုပ်တို့အနေနဲ့ ဖြစ်လာမယ့်နောက်ဆက်တွဲပြဿနာတွေကို ခန့်မှန်းတွက်ဆနေကြရတယ်။ ဟွာဝေးရဲ့ ဖိုက်ဂျီကွန်ရက်ကို ဖယ်ရှားဖို့ လုပ်တာဟာ အတော်လေးဆိုးရွားတဲ့ ဆုံးဖြတ်ချက်ပဲလို့ ၎င်းက မှတ်ချက်ချခဲ့ပါတယ်။

## ဗြိတိန်ကုမ္ပဏီတွေ ထိခိုက်နိုင်လား

ဒီကိစ္စနဲ့ပတ်သက်ပြီး တရုတ်အစိုးရက တရုတ်နိုင်ငံအတွင်းမှာ လုပ်ငန်းဆောင်ရွက်နေတဲ့ ဗြိတိန် ကုမ္ပဏီတွေကို ဒဏ်ခတ်တာမျိုးရှိနိုင်လားဆိုတဲ့ မေးခွန်းကို မစ္စတာလျူက ကျွန်ုပ်တို့အနေနဲ့ စီးပွားရေးကို နိုင်ငံရေးကိစ္စအဖြစ် အသွင်ပြောင်းတာမျိုး မဖြစ်စေချင်ပါဘူး။ ဒါက မှန်ကန်တဲ့ လုပ်ရပ်မဟုတ်ဘူးလို့ ၎င်းကဖြေကြားထားတာကို တွေ့ရပါတယ်။

## မှန်းဆဖို့မလွယ်

ဟွာဝေးကုမ္ပဏီကတော့ ဟွာဝေးရဲ့ နည်းပညာကို ဖယ်ရှားမယ့် ဗြိတိန်ရဲ့ ဆုံးဖြတ်ချက်နဲ့ပတ်သက်ပြီး တရုတ်အစိုးရဘက်က ဘယ်လိုတုံ့ပြန်မှုတွေလုပ်လာမလဲဆိုတာကို မှန်းဆဖို့မလွယ်ဘူးလို့ Oxford China Centre တက္ကသိုလ်က သုတေသနပညာရှင် ဂျော့မက်ဂနပ်စ်က ပြောကြားခဲ့ပါတယ်။ ဒါပေမယ့် ဒီကိစ္စကြောင့် တရုတ်နိုင်ငံမှာ စီးပွားရေးလုပ်ကိုင်နေတဲ့ ဗြိတိန်ကုမ္ပဏီတွေ ကြားကနေခံရမှာကိုတော့ စိုးမိတယ်လို့ ၎င်းက သုံးသပ်ခဲ့ပါတယ်။

တရုတ်နိုင်ငံဟာ ဗြိတိန်စီးပွားရေးလုပ်ငန်းတွေအတွက် အရေးကြီးတဲ့ ဈေးကွက်တစ်ခုပါ။ အိန္ဒိယနိုင်ငံက Tata Motors ကုမ္ပဏီကထုတ်လုပ်တဲ့ Jaguar Land Rover မော်တော်ယာဉ်တွေ တရုတ်နိုင်ငံမှာ ပုံမှန်ရောင်းချနေရပြီး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် အရောင်းထိုင်းသွားပြီးတဲ့နောက် အဲဒီကုမ္ပဏီက ပြီးခဲ့တဲ့လကပဲ တရုတ်ဘဏ်ငါးခုဆီက ယူရိုသန်း ၅၆၀ ချေးငွေရယူခဲ့ရပါတယ်။

## အကြီးစားရင်းနှီးမြှုပ်နှံသူဖြစ်

ဗြိတိန်မှာဆိုရင်လည်း တရုတ်နိုင်ငံက အကြီးစားရင်းနှီးမြှုပ်နှံသူ ဖြစ်ပါတယ်။ တရုတ်အထွေထွေ နျူကလီးယား စွမ်းအင်ကော်ပိုရေးရှင်းဟာ ဆိုမာရက်စ်ရှိတဲ့ ဟက်ကလေပွိုင့် နျူကလီးယားစွမ်းအင် စီမံကိန်းအပါအဝင် ဗြိတိန်မှာ ယူရို ၃ဒသမ ၆ ဘီလီယံလောက်အထိ ရင်းနှီးမြှုပ်နှံထားပါတယ်။

ကိုဗစ်-၁၉ အလွန်ကာလကို ရောက်တဲ့အခါ ကုန်သွယ်ရေးမြှင့်တင်မှုဟာ စီးပွားရေးပြန်လည်နာလန်ထူလာစေဖို့ အရေးကြီးတဲ့ အစီအစဉ်တစ်ခုဖြစ်တဲ့အတွက် ဗြိတိန်အနေနဲ့ တစ်ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်မှုတွေ ဟန်ချက်ညီစေဖို့နဲ့ ကျယ်ကျယ်ပြန့်ပြန့် အကျိုးအမြတ်ရရှိဖို့ ဘယ်လိုလုပ်မလဲဆိုတာကို သေချာစွာ စဉ်းစားထားကြရမယ်လို့ ဗြိတိန်စက်မှုလုပ်ငန်းကွန်ဖယ်ဒရေးရှင်းရဲ့ ဒုတိယအထွေထွေအတွင်းရေးမှူး ဂျိုရှ်ဟာဒီက ပြောကြားခဲ့ပါတယ်။

## နိုင်ငံရေးလက်နက်ဖြစ်လာနိုင်

စီးပွားရေးကို နိုင်ငံရေးကိစ္စဖြစ်အောင်လုပ်ဖို့ ကျွန်ုပ်တို့က အလိုမရှိပါဘူး။ ဒါပေမယ့် နှစ်ဖက်စလုံးက ကုန်သွယ်ရေးကို နိုင်ငံရေးလက်နက်တစ်ခုအဖြစ် အသုံးချကောင်း ချနိုင်တယ်လို့ ဝေဖန်သူတွေက ပြောပါတယ်။ ၂၀၁၂ ခုနှစ်က ဩစတြေးလျနိုင်ငံဟာ ၎င်းရဲ့ အမျိုးသား အခြေခံအဆောက်အအုံအတွင်းမှာ ဟွာဝေးကုမ္ပဏီကို ပိတ်ပင်လိုက်ပါတယ်။

မကြာသေးခင်အချိန်အတွင်း တရုတ်နိုင်ငံက ဩစတြေးလျရဲ့ အမဲသားတွေကို ပိတ်ပင်ခဲ့ပြီး လယ်ယာထွက်ကုန်ဖြစ်တဲ့ ဘာလီတင်ပို့ကုန်အပေါ် အခွန်တိုးမြှင့်ကောက်ခံခဲ့ပါတယ်။ အခြားတစ်ဖက်မှာ တရုတ်နိုင်ငံဟာ နျူကလီးယားစွမ်းအင်စက်ရုံတွေလိုမျိုး အကြီးစားရင်းနှီးမြှုပ်နှံမှုတွေကို ဗြိတိန်မှာ အများအပြားရင်းနှီးမြှုပ်နှံခဲ့ပါတယ်။

## အလုပ်အကိုင် ၃၀၀၀ ကျော် ဖန်တီးနိုင်ဖွယ်ရှိ

လက်ရှိမှာ TikTok ရဲ့ ဝန်ထမ်းပေါင်း ၁၀၀၀ လောက်အထိ ဥရောပမှာရှိနေပြီး အဲဒီထဲက အများစုဟာ ဗြိတိန်နဲ့ အိုင်ယာလန်တွေမှာ အခြေစိုက်လျက်ရှိပါတယ်။ TikTok ရုံးချုပ်ကို ဗြိတိန်မှာအခြေစိုက်ခြင်းအားဖြင့် အလုပ်အကိုင်ပေါင်း ၃၀၀၀ ကျော်လောက်အထိ ဖန်တီးပေး နိုင်ဖွယ်ရှိတယ်လို့ သည်ဆန်းဒေးတိုင်းမ်သတင်းစာမှာ ဖော်ပြထားတာကို တွေ့ရပါတယ်။ ။

ကိုးကား - အင်တာနက်

**“ဖိုက်ဂျီကွန်ရက်ကို ဗြိတိန်ကနေဖယ်ရှားမယ့်ကိစ္စကြောင့် တရုတ်နဲ့ ဗြိတိန်နှစ်နိုင်ငံအကြားမှာ တစ်ဖက်နဲ့တစ်ဖက် စီးပွားရေးဆိုင်ရာ အပြန်အလှန်ထိုးနှက်တိုက်ခိုက်မှုတွေ ဖြစ်ပေါ်လာတော့မှာကိုလည်း စိုးရိမ်နေကြရပါတယ်။ ဗြိတိန်နိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး လျူကျာ့အိုမင်က ကျွန်ုပ်တို့အနေနဲ့ ဖြစ်လာမယ့် နောက်ဆက်တွဲပြဿနာတွေကို ခန့်မှန်းတွက်ဆနေကြရတယ်။ ဟွာဝေးရဲ့ ဖိုက်ဂျီကွန်ရက်ကို ဖယ်ရှားဖို့လုပ်တာဟာ အတော်လေးဆိုးရွားတဲ့ ဆုံးဖြတ်ချက်ပဲလို့ ၎င်းက မှတ်ချက်ချခဲ့”**

# နိုင်ငံတကာသတင်းတိုထွာ

## တရုတ်နိုင်ငံက ဖော်စပ်ထုတ်လုပ်ထားသည့် ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘရာဇီးနိုင်ငံတွင် လက်တွေ့စမ်းသပ်မှုစတင်မည်

ရီယိုဒီဂျနေရိုး ဇူလိုင် ၂၂

တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘရာဇီးနိုင်ငံက လက်တွေ့စမ်းသပ်အသုံးပြုမှုစတင်ဆောင်ရွက်မည်ဖြစ်ပြီး လက်တွေ့စမ်းသပ်မှုတွင် စေတနာရှင်ပြည်သူ ၉၀၀၀ ခန့်ပူးပေါင်းပါဝင်မည်ဖြစ်ကြောင်း ဘရာဇီးအာဏာပိုင်များကပြောသည်။

တရုတ်နိုင်ငံရှိ ပုဂ္ဂလိက ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီ ဆိုင်နိုဗက်မှ တီထွင်ထုတ်လုပ်လိုက်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေးသည် ကမ္ဘာပေါ်တွင် တတိယအဆင့်လေ့လာစမ်းသပ်မှုသို့ရောက်ရှိလာသည့် သုံးခုမြောက် ကိုဗစ်-၁၉ ကာကွယ်ဆေးဖြစ်သည်။ အဆိုပါကာကွယ်ဆေးကို လူများတွင်ကျယ်ကျယ်ပြန့်ပြန့်စမ်းသပ်နေပြီး စည်းကမ်းကြပ်မတ်ရေးအဖွဲ့အစည်း၏ အတည်ပြုထောက်ခံချက်ရရှိရန် နောက်ဆုံးအဆင့်ခြေလှမ်းသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

အေအက်ဖ်ပီ

## ကိုဗစ်-၁၉ ကူးစက်ခံရပြီး ရောဂါလက္ခဏာမပြင်းထန်ဘဲ ပြန်ကောင်းလာသူများတွင် ကိုယ်ခံအားကျဆင်းမှုမြန်ဆန်ကြောင်း လေ့လာမှုအသစ်တွင်ဖော်ပြ

ဝါရှင်တန် ဇူလိုင် ၂၂

ကိုဗစ်-၁၉ ကူးစက်ခံရပြီး ရောဂါလက္ခဏာမပြင်းထန်သည့် လူနာများတွင် ကိုဗစ်-၁၉ကိုခုခံတိုက်ခိုက်နိုင်သည့် ပဋိဇီဝပစ္စည်းများ ဖြစ်ပေါ်မှုသည် ရောဂါကူးစက်ခံရပြီး သုံးလကျော်အကြာတွင် မြန်မြန်ဆန်ဆန်ကျဆင်းလာကြောင်း လေ့လာတွေ့ရှိမှုအသစ်တစ်ရပ်က ဇူလိုင် ၂၁ ရက်က ဖော်ပြသည်။

လော့အိန်ဂျလိစ်ရှိ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသနအဖွဲ့တစ်ဖွဲ့သည် ကိုဗစ်-၁၉ ကူးစက်ခံထားရပြီး ရောဂါလက္ခဏာပြင်းထန်မှုမရှိဘဲ နေပြန်ကောင်းလာသူ ၃၄ဦးကို အနီးကပ်လေ့လာစောင့်ကြည့်မှုများ ပြုလုပ်ခဲ့သည်။ သုတေသနအဖွဲ့သည် ကိုဗစ်-၁၉ ကူးစက်ခံခဲ့ရသူများ၏ သွေးနမူနာများကို သုံးလအတွင်း နှစ်ကြိမ် သို့မဟုတ် သုံးကြိမ်ထုတ်ယူကာ လေ့လာစစ်ဆေးခဲ့ကြသည်။

ထိုသို့လေ့လာခဲ့မှုအတွင်း လူနာများ၏ကိုယ်တွင်း၌ ဗိုင်းရပ်စ်ကိုခုခံတိုက်ခိုက်သည့် ပဋိပစ္စည်းထွက်ပေါ်မှုသည် ၇၃ ရက်ကြာတိုင်း ထက်ဝက်ခန့်ကျဆင်းသွားကြောင်း နယူးအင်္ဂလန်ဆေးပညာဂျာနယ်က ဖော်ပြခဲ့သည်။

ဆင်ဟွာ

## အခြားစိန်ခေါ်မှုတွေ

COVID နဲ့ နွှယ်တဲ့ ပြဿနာတွေကို စဉ်းစားတဲ့အခါမှာ ကျွန်မတို့ နိုင်ငံရဲ့ မြောက်မြားလှစွာသော အခြားစိန်ခေါ်မှုတွေကိုလည်း မြင်လာကြလိမ့်မယ်လို့ ထင်ပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံရဲ့ ထွန်းသစ်စ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး တိုးတက်မှုတွေ မယိမ်းယိုင်သွားအောင် ထိန်းသိမ်းထားရေး၊ များပြားလှစွာသော ကျွန်မတို့ ပြည်တော်ပြန် အလုပ်သမားများအရေး၊ ပြည်တွင်းစစ်နဲ့ နွှယ်နေတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေများအတွင်း၊ အနယ်နယ်အရပ်ရပ်ရှိ IDP စခန်းများအတွင်း COVID ရောဂါ ကာကွယ်ရေး၊ မတည်ငြိမ်သေးတဲ့ မြောက်ပိုင်းရခိုင်အရေး။

COVID ရောဂါပေါ်လာလို့ အခြားစိန်ခေါ်မှုတွေက မပျောက်သွားပါဘူး။ COVID အလွန်အတွက်လည်း အခုကတည်းက ပြင်ဆင်ထားရပါတယ်။ ဒါ့ကြောင့် ကျွန်မတို့ ပြည်သူတွေကို အမြင်ကျယ်စေချင်တယ်၊ စိတ်ခိုင်မာစေချင်တယ်၊ ဝီရိယကောင်းစေချင်တယ်၊ သွေးစည်းစေချင်တယ်။ ပြည်သူတွေဟာ အဓိက မဟုတ်ပါလား။



(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၂၉-၄-၂၀၂၀ ရက်နေ့တွင် ဖေ့စ်ဘွတ်ခ်၌ ရေးသားဖော်ပြချက်မှ ကောက်နုတ်ချက်)

# ဘွဲ့ကြိုသင်တန်းတွေကို Online စနစ်နဲ့ သင်ကြားနိုင်ဖို့အတွက် Lecture Video တွေ ရိုက်ကူးထုတ်လွှင့်နိုင်ရေး ညှိနှိုင်းပြင်ဆင်ဆောင်ရွက်

**ကိုရိုနာဗိုင်းရပ်စ်ရောဂါ (Covid–19) ဖြစ်ပွားနေသည့်ကာလအတွင်း တက္ကသိုလ်များ ခေတ္တပိတ်ထားရသည့်အချိန်တွင် သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၏ ဆောင်ရွက်မှုများနှင့် ပတ်သက်၍ သိရှိနိုင်ရန် သတင်းအချက်အလက် နည်းပညာတက္ကသိုလ်၏ ပါမောက္ခချုပ်ဒေါက်တာစောစန္ဒာအေး နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်–**

**မေး ။ ။ ကိုရိုနာဗိုင်းရပ်စ်ရောဂါ (Covid–19) ဖြစ်ပွားနေတဲ့အတွက် ကြိုတင်ကာကွယ် တားဆီးနိုင်ဖို့ ကျောင်းတွေ ခေတ္တပိတ်ထားရတဲ့အချိန်မှာ ဘာတွေလုပ်နေပါသလဲ။**

ဖြေ ။ ။ ကျွန်မတို့အနေနဲ့ Course and Curriculum တွေကို ပြန်လည်သုံးသပ်ပြင်ဆင်ခြင်း၊ Teachers' Manual တွေကို ပြန်လည်ပြင်ဆင်မွမ်းမံခြင်း၊ ဘာသာရပ်တိုင်းအတွက် Solution Manual တွေကို ပြုစုခြင်းတွေကို သက်ဆိုင်ရာဌာနအလိုက် ဌာနမှူးတွေက တစ်ဆင့် ညှိနှိုင်းပြီး တာဝန်အသီးသီး ခွဲဝေစေပါတယ်။ ပြီးတော့ Work From Home အစီအစဉ်နဲ့ စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။



သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၏ ပါမောက္ခချုပ်၊ ဒေါက်တာစောစန္ဒာအေး

**မေး ။ ။ ဆရာ၊ ဆရာမတွေရဲ့ Capacity Building အတွက် ဘာတွေဆောင်ရွက်နေပါသလဲ။**

ဖြေ ။ ။ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်ဟာ ၂၀၁၅ ခုနှစ် စက်တင်ဘာလက စတင်လို့ ASEAN Cyber University (ACU) Project ရဲ့ အဖွဲ့ဝင် တက္ကသိုလ်တစ်ခုဖြစ်လာခဲ့ပြီး Learning Management System (LMS) Team၊ Studio Engineer (SE) Team၊ Instructional Designer (ID) Team နဲ့ Multimedia Developer (MD)Team ဆိုပြီး Working Group Team လေးဖွဲ့နဲ့ e–learning lecture တွေ ပြင်ဆင်ရိုက်ကူးပြီး ACU ရဲ့ လုပ်ငန်းစဉ်တွေမှာ ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ ဒီလို e–learning lecture တွေ ပြင်ဆင်ရိုက်ကူးရာမှာ ACU Project က ရရှိထားတဲ့ နည်းပညာနဲ့ အတွေ့အကြုံတွေအရ သင်ခန်းစာ Content တွေကို Power Point slides တွေနဲ့ အကျိုးရှိရှိ ထိထိမိမိပြင်ဆင်နိုင်စေဖို့၊ Multimedia content များ အသုံးပြုနိုင်စေဖို့နဲ့ Moodle Learning Management System ကို အသုံးပြုပြီး ဘာသာရပ်ဆိုင်ရာ သင်ကြားသင်ယူမှုကို အားကောင်းစွာ ကိုင်တွယ်စီမံခန့်ခွဲနိုင်စေဖို့ ရည်ရွယ်ပြီး သတင်းအချက်အလက် နည်းပညာတက္ကသိုလ်မှ "e–learning Lecture Developing" သင်တန်းကို (၈–၆–၂၀၂၀) ရက်မှ (၁–၇–၂၀၂၀) ရက်အထိ Microsoft Teams အသုံးပြုပြီး Online နဲ့ ပို့ချပေးခဲ့ပါတယ်။

အဲဒီ "e–learning Lecture Developing" သင်တန်းကို သတင်းအချက်အလက် နည်းပညာတက္ကသိုလ်မှ ဆရာ၊ ဆရာမ ၃၅ ဦးသာမက ရန်ကုန်တက္ကသိုလ်မှ ၉ ဦး၊ ရန်ကုန်နည်းပညာတက္ကသိုလ်မှ ၃ ဦး၊ ရန်ကုန်အဝေးသင်တက္ကသိုလ်မှ ၃ ဦး ၊ ရန်ကုန်ပညာရေး တက္ကသိုလ်မှ ၃ ဦး၊ စုစုပေါင်း ၅၃ ဦး တက်ရောက်ခဲ့ပါတယ်။

သင်တန်းကို တစ်ပတ်မှာ သုံးရက်နဲ့ သုံးပတ်ကြာ သင်ကြားပေးပြီးနောက် သင်တန်းသားတွေဟာ မိမိနှစ်သက်ရာ ဘာသာရပ်အတွက် တစ်ဦးချင်း ၅ မိနစ်စာ Presentation ပြုလုပ်ရပါတယ်။ သင်တန်းမှန်မှန်တက်ပြီး Presentation ပြုလုပ်သူတွေကို သင်တန်းပြီးစီးကြောင်း အသိအမှတ်ပြုလက်မှတ်ကို သတင်းအချက်အလက် နည်းပညာတက္ကသိုလ်က ချီးမြှင့်ပေးခဲ့ပါတယ်။

ဒါ့အပြင် ဘာသာရပ်ဆိုင်ရာနဲ့ ပတ်သက်လို့ အွန်လိုင်းစနစ်သင်ကြားရေးမှာ Worldwide နာမည်ကျော်ကြားတဲ့ Coursera မှ ယခုကာလအတွင်း အခမဲ့ လေ့လာသင်ကြားခွင့်ပေးထားခြင်းကို တက္ကသိုလ်အနေနဲ့ Register ပြုလုပ်ထားပြီး တက္ကသိုလ်ရဲ့ uit.edu.mm domain email address ရှိသူ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူတိုင်း လေ့လာသင်ယူနိုင်အောင် ဆောင်ရွက်ခဲ့ပါတယ်။ ကမ္ဘာ့ကျော်တက္ကသိုလ်ကြီးတွေက ပါမောက္ခများ သင်ကြားမှုများကိုပါ လေ့လာသင်ယူနိုင်တဲ့အတွက် အချို့ ဆရာ၊ ဆရာမတွေဟာ သူတို့ရဲ့ ဘာသာရပ်ဆိုင်ရာ သင်ကြားရေး စွမ်းရည်မြှင့်တင်နိုင်ဖို့အတွက် လေ့လာသင်ယူလျက်ရှိပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေလည်း သူတို့ စိတ်ဝင်စားရာ ဘာသာရပ်တွေကို လေ့လာနေတာ တွေ့ရှိရပါတယ်။

**မေး ။ ။ အွန်လိုင်းသင်ကြားမှု ပြုလုပ်ဖို့ အစီအစဉ်ရှိပါသလား။**

ဖြေ ။ ။ ကျောင်းပြန်ဖွင့်နိုင်မယ့်ရက်ကို တိကျစွာ ကြိုတင်ခန့်မှန်းဖို့ ခက်ခဲပြီး ဝန်ကြီးဌာနကလည်း အားပေးဆောင်ရွက်နေတဲ့အတွက် ဘွဲ့ကြိုသင်တန်းတွေကို Online စနစ်နဲ့ သင်ကြားနိုင်ဖို့အတွက် Lecture Video တွေ ရိုက်ကူးထုတ်လွှင့်နိုင်ရေး ညှိနှိုင်းပြင်ဆင်ဆောင်ရွက်ခဲ့ပါတယ်။ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်ရဲ့ ဒုတိယနှစ်ဝက်မှာ ဘွဲ့ကြိုသင်တန်းအသီးသီးအတွက် သင်ကြားရေးဌာန ၇ ခုမှ သင်ကြားမယ့် ဘာသာရပ် စုစုပေါင်း ၄၂ ခုရှိပြီး ဘာသာရပ်အားလုံးကို Lecture Video တွေ ရိုက်ကူးထုတ်လွှင့်နိုင်ရေးအဆင့်ဆင့်နှစ်ဆင့်ခွဲပြီး အားလုံးကို Lecture Video အဖြစ် ရိုက်ကူးနေပြီ ဖြစ်ပါတယ်။ နောင်မှာ ပထမနှစ်ဝက် ဘာသာရပ်တွေကို ဆက်လက်ရိုက်ကူးနိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ Lecture Video တွေကို Team အနေနဲ့ ရိုက်ကူးရတဲ့အတွက် ရိုက်ကူးရေးရှိတဲ့ ဆရာ၊ ဆရာမတွေကို ကျောင်းကားနဲ့ ကြိုပို့ဆောင်ရွက်ပေးခြင်းဖြင့် ရောဂါကူးစက်မှုမဖြစ်အောင် ဆောင်ရွက်ထားရှိပါတယ်။

ကျောင်းပြန်မဖွင့်နိုင်သေးရင် ရိုက်ကူးပြီးတဲ့ Lecture Video တွေကို တက္ကသိုလ်ရဲ့ Learning Management System–LMS မှာ ထုတ်လွှင့်ခြင်းဖြင့်လည်းကောင်း၊ MS Teams အသုံးပြုပြီး Online Interactive ပြန်လည်ဆွေးနွေးခြင်းများ ပြုလုပ်ခြင်း၊ LMS မှာ ကျောင်းသား၊ ကျောင်းသူတွေရဲ့ လေ့လာသင်ယူမှုအခြေအနေ စောင့်ကြည့်ခြင်း၊ MCQ Quiz များ ဖြေဆိုစေခြင်း၊ Report, Assignment များ တင်စေခြင်းနဲ့ စစ်ဆေးခြင်းများ ပြုလုပ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။ အွန်လိုင်းသင်ကြားမှုကို Lecture Video များ ရိုက်ကူးပြင်ဆင်မှု အဆင်သင့်ဖြစ်နိုင်တဲ့ ဇူလိုင်လထဲမှာ စတင်နိုင်ဖို့ ပညာရေးဝန်ကြီးဌာနကို တင်ပြဆောင်ရွက်ဖို့ ပြင်ဆင်ထားပါတယ်။

ကျောင်းတွေပိတ်ထားရတဲ့ကာလအတွင်းကျောင်းသား၊ ကျောင်းသူတွေရဲ့ အွန်လိုင်းသင်ကြား သင်ယူမှုပြုလုပ်လိုခြင်း ရှိ၊ မရှိ ကိုလည်း ဒီတက္ကသိုလ်ရဲ့ ကျောင်းသားသမဂ္ဂက တစ်ဆင့် စစ်တမ်းကောက်ယူထားပြီး သင်ယူလိုကြောင်း ထောက်ခံတင်ပြထားပြီးလည်း ဖြစ်ပါတယ်။

ဒါကြောင့် ဆရာ၊ ဆရာမတွေဟာ စွမ်းရည်မြှင့်မားစေရေး သင်တန်းတွေ တက်ရောက်ခြင်း၊ ကျောင်းရှိ Studio မှာ Lecture Video များ လာရောက်ရိုက်ကူးခြင်း၊ ကျောင်းသို့ လာရောက်ခြင်း မရှိသော်လည်း အိမ်မှာ Teachers' Manual များ၊ Solution Manual များကို ပြန်လည်ပြင်ဆင်မွမ်းမံခြင်းများဖြင့် မိမိကျရာတာဝန်ကို မနားမနေ ကြိုးစားထမ်းဆောင်လျက်ရှိပါတယ်။

**သတင်းအဖွဲ့**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၂-၇-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀)နာရီ

၁။ (၂၁-၇-၂၀၂၀)ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ ထပ်မံစစ်ဆေးပြီးခဲ့သော ဓာတ်ခွဲနမူနာ (၁၃၆) ခုတွင်-

- COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ (၂၂-၇-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၃၄၁) ဦးရှိပါသည်။

၃။ သို့ဖြစ်ပါ၍ (၂၁-၇-၂၀၂၀)ရက်နေ့တွင်-

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ (ပထမအသုတ်နှင့် ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၃၄၆)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၆၇)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်) ဓာတ်ခွဲနမူနာ (၂၇၂) ခု စုစုပေါင်းဓာတ်ခွဲနမူနာ (၇၈၅)ခုအား စစ်ဆေးပြီးစီးခဲ့ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

**COVID-19 ရောဂါအတွက်**
**ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်**
**(၂၂-၇-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀) နာရီ**

| | |
|---|---|
| (၂၁-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL)မှ ထပ်မံဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၃၆) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၂-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ (၂၂-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)(NHL)မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၁၄၇)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၄၂) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၁၀) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၅၆) ခု၊

စုစုပေါင်း (၇၅၅)ခု အား ယနေ့ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၂)ဦး တွေ့ရှိရပါသည်။

၂။ (၂၂-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၃၄၃) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက်ပိုးမတွေ့ရှိသူ စုစုပေါင်း (၂၈၀) ဦးရှိပါသည်။ ၎င်းတို့အနက် (၂၆၉)ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၂၁-၇-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၂-၇-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၂၉) ဦး ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၂-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၂၂-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၄၇) ခု |
| (၂၂-၇-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၄၂) ခု |
| (၂၂-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၁၀) ခု |
| (၂၂-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၅၆) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၂) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၂-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၂) ဦး | (၃၄၃) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၂၈၀) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

(၂၂-၇-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု
ည (၈:၀၀) နာရီ

| လူနာ အမှတ်စဉ် | အသက် | ကျား/ မ | နေရပ်လိပ်စာ | COVID-19 ရောဂါ အတည်ပြု လူနာများ နှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွား ရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 342 | ၂၅ နှစ် | ကျား | သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (ဖိလစ်ပိုင်) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (အင်းစိန်မြို့နယ်) |
| 343 | ၂၂ နှစ် | ကျား | ထန်းတပင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | မရှိ | ရှိ (ဖိလစ်ပိုင်) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (အင်းစိန်မြို့နယ်) |

## မူဆယ်မြို့၌ စေတနာ့ဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းနှင့် ရင်ထိုးတံဆိပ်များပေးအပ်

**မူဆယ် ဇူလိုင် ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပေးပို့သည့် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ရင်ထိုးတံဆိပ်ပေးအပ်ပွဲကို ဇူလိုင် ၂၂ ရက်က မူဆယ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးသူရိန်က အမှာစကားပြောကြားပြီး မူဆယ်ခရိုင် မူဆယ်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် တက်တက်ကြွကြွနှင့် ပါဝင်ကူညီဆောင်ရွက်လုပ်ကိုင်ခဲ့ကြသည့် ကြက်ခြေနီတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများ စုစုပေါင်းအသင်း ၁၈ သင်းနှင့် လူပုဂ္ဂိုလ် ၅၇ ဦးတို့အား အခမ်းအနားသို့ တက်ရောက်လာသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့မှ ပေးပို့သည့် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ရင်ထိုးတံဆိပ်များကို ပေးအပ်သည်။ **(ယာပုံ)**

အဆိုပါအခမ်းအနားကို မူဆယ်ခရိုင်/မြို့နယ် အဆင့်ရှိဌာနဆိုင်ရာများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သန့်ဇင်(မူဆယ်)**



# ကိုဗစ် -၁၉ ရောဂါပိုးရှိသူ နှစ်ဦးထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၃၄၃ ဦး ရှိပြီ

နေပြည်တော် ဇူလိုင် ၂၂

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ နှစ်ဦး ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၃၄၃ ဦး ရှိပြီဖြစ်ပြီး ပိုးတွေ့ရှိသူနှစ်ဦးမှာ ဖိလစ်ပိုင်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများဖြစ်သည်။

ရောဂါပိုးတွေ့ရှိသူ ၃၄၃ ဦးအနက် သေဆုံးသူ ၆ ဦး၊ ပိုးမတွေ့ရှိတော့သူ ၂၈၀၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၂၆၉ ဦးနှင့် ဇူလိုင် ၂၁ ရက် မွန်းတည့် ၁၂ နာရီမှ ဇူလိုင် ၂၂ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၂၉ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၀၅၆၃၅ | ၃၄၃ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၂၈၀ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၆၅၈၂

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၂၆၉ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၆၅ | ၅ |
| ၂ | ရခိုင် | ၁၅ | |
| ၃ | ချင်း | ၁၂ | |
| ၄ | စစ်ကိုင်း | ၉ | |
| ၅ | ပဲခူး | ၉ | ၁ |
| ၆ | မွန် | ၆ | |
| ၇ | ရှမ်း(တောင်) | ၄ | |
| ၈ | မန္တလေး | ၄ | |
| ၉ | ရှမ်း(ရှေ့) | ၃ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ကရင် | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၁ | |
| | စုစုပေါင်း | ၃၄၃ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၂-၇-၂၀၂၀ ရက်၊ ည (၈) နာရီ

## ၂၂-၇-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၀၄၀၇၂၁ | ၁၈၈၈၄၂၀ | ၁၄၅၁၂၅ |
| ၂။ | ဘရာဇီး | ၂၁၆၇၉၈၈ | ၁၄၆၅၉၇၀ | ၈၁၆၂၈ |
| ၃။ | အိန္ဒိယ | ၁၂၁၆၉၆၅ | ၇၆၉၉၇၉ | ၂၉၄၇၄ |
| ၄။ | ရုရှား | ၇၈၉၁၉၀ | ၅၇၂၀၅၃ | ၁၂၇၄၅ |
| ၅။ | တောင်အာဖရိက | ၃၈၁၇၉၈ | ၂၀၈၁၄၄ | ၅၃၆၈ |
| ၆။ | ပီရူး | ၃၆၂၀၈၇ | ၂၄၈၇၄၆ | ၁၃၅၇၉ |
| ၇။ | မက္ကဆီကို | ၃၅၆၂၅၅ | ၂၂၇၁၆၅ | ၄၀၄၀၀ |
| ၈။ | ချီလီ | ၃၃၄၆၈၃ | ၃၀၆၈၁၆ | ၈၆၇၇ |
| ၉။ | စပိန် | ၃၁၃၂၇၄ | စိစစ်ဆဲ | ၂၈၄၂၄ |
| ၁၀။ | ဗြိတိန် | ၂၉၅၈၁၇ | စိစစ်ဆဲ | ၄၅၄၂၂ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၂ - ၇ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၉၁၇၅၁ | ၅၀၂၅၅ | ၄၄၅၉ |
| ဖိလစ်ပိုင် | ၇၂၂၆၉ | ၂၃၆၂၃ | ၁၈၄၃ |
| စင်ကာပူ | ၄၈၇၄၄ | ၄၄၇၉၅ | ၂၇ |
| မလေးရှား | ၈၈၃၁ | ၈၅၆၆ | ၁၂၃ |
| ထိုင်း | ၃၂၆၁ | ၃၁၀၅ | ၅၈ |
| ဗီယက်နမ် | ၄၀၈ | ၃၆၅ | ၀ |
| မြန်မာ | ၃၄၃ | ၂၈၀ | ၆ |
| ကမ္ဘောဒီးယား | ၁၉၇ | ၁၄၀ | ၀ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| လာအို | ၁၉ | ၁၉ | ၀ |

# ဇူလိုင်လအတွင်း ဝိုင်ဘီအက်စ်ယာဉ်များ ၈၆ ရာခိုင်နှုန်းအထိ ပြန်လည်ပြေးဆွဲပေးလျက်ရှိ



ဝိုင်ဘီအက်စ်ယာဉ်များ ပြေးဆွဲနေမှုကို တွေ့ရစဉ်။

ရန်ကုန် ဇူလိုင် ၂၂

**ရန်ကုန်တိုင်းဒေသကြီး၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလဖြစ်သည့် ယခုလအတွင်း ခရီးသွားဦးရေ ပြန်လည်များပြားလာမှုကြောင့် ဝိုင်ဘီအက်စ်ယာဉ်များ ၈၆ ရာခိုင်နှုန်းအထိ ပြန်လည်ပြေးဆွဲပေးလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့(YRTA) ထံမှ သိရသည်။**

"ကျွန်တော်တို့ရဲ့ ခရီးသွားဦးရေသည် ယခင်ကိုဗစ်–၁၉ မတိုင်ခင်ကာလရဲ့ ၅၀ ရာခိုင်နှုန်းဖြစ်တဲ့ ကိုးသိန်းကျော်ကို ရောက်နေပါပြီ။ ကျွန်တော်တို့ ယာဉ်တွေရဲ့ ထွက်ရှိမှုကလည်း ၈၆ ရာခိုင်နှုန်းလောက် ပြန်လည်ပြေးဆွဲနေပါတယ်" ဟု YRTA တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က YRTA ရုံးအစည်းအဝေးခန်းမ၌ ယနေ့ ကျင်းပသော သတင်းမီဒီယာတွေ့ဆုံပွဲ(၈/၂၀၂၀)တွင် ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် တာဝန်ယူပြေးဆွဲပေးလျက်ရှိသော ဝိုင်ဘီအက်စ်ယာဉ်များအနေဖြင့် ဇွန်လအတွင်း ခရီးသည်တင်ယာဉ် ၃၆၆၃ စီး (၈၃ ရာခိုင်နှုန်း)ပြေးဆွဲခဲ့ပြီး ခရီးသွားပြည်သူဦးရေ ကိုးသိန်းဝန်းကျင်သာ ရှိခဲ့ရာမှ ယခုဇူလိုင်လအတွင်း ခရီးသွားပြည်သူ ၉ သိန်း ၅ သောင်းကျော်အထိ တိုးတက်များပြားလာခဲ့ရာ ယာဉ်လိုင်းပေါင်း ၉၆ လိုင်းခန့် ပြန်လည်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ခရီးသွားဦးရေ ပြန်လည်များပြားလာသည့်အတွက် ယခုဇူလိုင်လအတွင်းတွင် ယာဉ်အစီးရေ ၃၇၆၉ စီး (၈၆ ရာခိုင်နှုန်း)အထိ ပြန်လည်ပြေးဆွဲနေခြင်းဖြစ်ကြောင်း သိရသည်။ သို့သော် ကိုဗစ်–၁၉ ကာလအတွင်း ရင်ဆိုင်ရသော အခက်အခဲများကြောင့် အချို့ယာဉ်လိုင်းများမှာ ပြန်လည်ပြေးဆွဲနိုင်မှု မရှိသေးကြောင်း သိရသည်။

ကိုဗစ်–၁၉ ရောဂါ မဖြစ်ပွားမီက ရန်ကုန်မြို့တွင်း သွားလာနေသော လူဦးရေ၏ ၈၀ ရာခိုင်နှုန်းသည် ခရီးသည်တင်ယာဉ်လိုင်းများကို မှီခိုအားထားခဲ့ပြီး ဝိုင်ဘီအက်စ်ယာဉ်အစီးရေပေါင်း ၄၅၀၀ ခန့်ဖြင့် ခရီးသွားပြည်သူ ၁ ဒသမ ၉ သန်းခန့်ကို နေ့စဉ်ဝန်ဆောင်မှုပေးခဲ့ရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ – လင်းညွန့်**

# ချင်းရွှေဟော် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်မှ နေရပ်ပြန်ပြည်သူ ၅၉ ဦး ထပ်မံဝင်ရောက်

**ချင်းရွှေဟော် ဇူလိုင် ၂၂**

တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများသည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ယမန်နေ့ ညနေ ၆ နာရီက ၄၉ ဦးနှင့် ယနေ့ မွန်းလွဲ ၃ နာရီက ၁၀ ဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၅၉ ဦး ထပ်မံဝင်ရောက်လာကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၅၉ ဦးတို့မှာ အမျိုးသား ၃၉ ဦး၊ အမျိုးသမီး ၂၀ တို့ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်မှ တစ်ဦး၊ သပိတ်ကျင်းမြို့နယ်မှ နှစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်မှ တစ်ဦး၊ နေပြည်တော်မှ ငါးဦး၊ ချင်းပြည်နယ် ဖလမ်းမြို့နယ်မှ တစ်ဦးနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ မြို့နယ်များမှ ၄၉ ဦးတို့ဖြစ်ပြီး ၎င်းနေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီက သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် မော်တော်ယာဉ်များစီစဉ်ပေးပြီး လားရှိုးမြို့သို့ လွှဲပြောင်းပို့ဆောင်ပေးသည်။

ထိုသို့ ချင်းရွှေဟော်နယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီမှ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၇၅၃၃ ဦးနှင့် အမျိုးသမီး၆၀၅၉ ဦးတို့ဖြစ်ပြီး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၃၅၉၂ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးခဲ့သည်။

၎င်းနေရပ်ပြန်ပြည်သူများသည် တရုတ်နိုင်ငံတွင် မိုးကာစက်ရုံနှင့် အခြားစိုက်ပျိုးသီးနှံခြံလုပ်ငန်းများတွင် သွားရောက်အလုပ်လုပ်ကိုင်သူများဖြစ်ကြောင်း သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**



# အာမခံအလုပ်သမားများအား လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့်ထုတ်ပေး



**ပြည် ဇူလိုင် ၂၂**

ပြည်မြို့ လူမှုဖူလုံရေးအဖွဲ့ရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော ရွှေထပ်တစ်ရာ အထည်ချုပ်အား ကိုဗစ်-၁၉ ရောဂါကူးစက်မှု ထိန်းချုပ်နိုင်ရန် ယာယီပိတ်သိမ်းခဲ့ရာမှ ကျန်းမာရေးဆိုင်ရာ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များ၏ သတ်မှတ်ချက်များနှင့်ကိုက်ညီ၍ ပြန်လည်ဖွင့်လှစ်ခွင့်ရရှိခဲ့ပြီး စက်ရုံယာယီပိတ်သိမ်းခဲ့သည့် ၁၆ ရက် ကာလအတွင်း အာမခံအလုပ်သမား ၁၀၃ ဦးအတွက် လူမှုဖူလုံရေး ထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ငွေကျပ် ၂၅၄၂၀၈၀ ကို တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်က မြို့နယ်လူမှုဖူလုံရေး ရုံးခွဲတာဝန်ခံနှင့်အတူ မြို့နယ်လူမှုဖူလုံရေးရုံး၌ စက်ရုံပိုင်ရှင် ဦးမင်းသူသန်းထံ ယနေ့နံနက်က ပေးအပ်သည်။ **(ဝဲပုံ)**

အလုပ်ဌာန ၁၀ ဌာနအတွက် ငွေကျပ် ၃၄၂၆၄၉၆၀ ကို ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဥတ္တရသီရိမြို့နယ်တွင် ကိုဗစ်ကာလ စီးပွားရေးပြန်လည်ကုစားမှု အစီအစဉ်ဖြင့် မျိုးစေ့ထောက်ပံ့ပေးအပ်

**နေပြည်တော် ဇူလိုင် ၂၂**

နေပြည်တော် ဥတ္တရသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ CERP (ကိုဗစ်ကာလ စီးပွားရေးပြန်လည်ကုစားမှု အစီအစဉ်)ဖြင့် မျိုးစေ့ထုတ်တောင်သူများအား မျိုးစေ့ထောက်ပံ့ ပေးအပ်ပွဲနှင့် မျိုးစေ့ထုတ်နည်းပညာ သင်တန်းကို ယနေ့နံနက် ၉ နာရီက ဥတ္တရသီရိမြို့နယ် သရက်တောကျေးရွာရှိ စိုက်ပျိုးစီးပွား အသိပညာပေးစင်တာ၌ ပြုလုပ်သည်။ **(ယာပုံ)**

အခမ်းအနားတွင် နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဒေါ်ခင်မြမြလွင်က အမှာစကားပြောကြားပြီး ဥတ္တရခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထိန်လင်းအောင်က CERP လုပ်ငန်းများ ကိုဗစ်-၁၉ ကာလ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက်အရ စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မျိုးစေ့ထုတ်တောင်သူများအား မျိုးစပါး မျိုးစေ့များကို ဒုတိယတိုင်းဦးစီးမှူးနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ပြီး ဒေသခံတောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



ထို့နောက် မျိုးစေ့ထုတ်နည်းပညာသင်တန်းတွင် ဓာတ်မြေဩဇာများကို အကျိုးရှိအောင် ထည့်သွင်းခြင်း၊ RS to CS မျိုးစေ့ထုတ်လုပ်ပါက လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် လုပ်ငန်းစဉ်များ၊ ကြံသီးနှံတွင် ကျရောက်တတ်သော ပိုးမွှားရောဂါအား ကာကွယ်ခြင်းနည်းပညာများကို တာဝန်ရှိသူများက သင်ကြားပေးပြီး အလားတူ မွန်းလွဲပိုင်း၌ မောင်းရမ်းကျေးရွာရှိ စိုက်ပျိုးစီးပွား အသိပညာပေးစင်တာတွင်လည်း ကျေးရွာအတွင်းရှိ တောင်သူများအား မျိုးစေ့ထုတ်နည်းပညာသင်တန်းကို ဆက်လက်ပို့ချခဲ့ကြောင်း သိရသည်။

**မောင်မွေး**

# အိမ်တိုင်ရာရောက် အခြေခံစားသောက်ကုန်ရောင်းချမှု မှာယူမှုနည်းပါးလာကြောင်း ပရဟိတအဖွဲ့ထံမှသိရ

**ရန်ကုန် ဇူလိုင် ၂၂**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့်ကာလတွင် ပြည်သူများ အခြေခံစားသောက်ကုန်များကို လွယ်ကူစွာ ဝယ်ယူစားသုံးနိုင်စေရန် မတ် ၂၄ ရက်မှစတင်က We Love Yangon လူထုအခြေပြုပရဟိတအဖွဲ့မှ ပက်ကေ့ချ်အမျိုးအစားသုံးမျိုးဖြင့် ပို့ဆောင်ခမယူဘဲ အိမ်တိုင်ရာရောက် လိုက်လံရောင်းချပေးခဲ့သည်။

ထိုသို့ ရောင်းချရာတွင် တစ်နေ့လျှင် ပက်ကေ့ချ် ၇၀၀၀၊ ၈၀၀၀ ခန့်အထိ ရောင်းချရကြောင်း We Love Yangon လူထုအခြေပြုပရဟိတအဖွဲ့ အထွေထွေအတွင်းရေးမှူး ဦးဇော်ဝင်းခိုင်ထံမှ သိရသည်။

ယခုအခါ စီးပွားရေးလုပ်ငန်းအချို့ ပုံမှန်လည်ပတ်နိုင်မှုကြောင့် အခြေခံစားသောက်ကုန်များ မှာယူမှုမှာ ယခင်ကထက် နည်းပါးသွားသည်။ လွန်ခဲ့သည့် တစ်လ၊ နှစ်လခန့်မှစ၍ ပက်ကေ့ချ်မှာယူမှုမှာ ၂၀၀၊ ၃၀၀ သာရှိပြီး တစ်ခါတစ်ရံ ပက်ကေ့ချ် ၁၀၀၊ ၂၀၀ သာ မှာယူကြောင်း သိရသည်။

We Love Yangon လူထုအခြေပြုပရဟိတအဖွဲ့အနေဖြင့် အခြေခံစားသောက်ကုန်များ လိုက်လံပို့ဆောင်ရောင်းချပေးသည့်အပြင် မိုးရာသီကာလ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း ၊ ကျောင်းဝင်းအတွင်း ပိုးသတ်ဆေးဖျန်းခြင်း ၊ အမှိုက်များရှင်းလင်းခြင်း ၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးခြင်း ၊ သောက်သုံးရေလှူဒါန်းခြင်း၊ အများပြည်သူသုံးရေကန်များ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကိုပါ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပညာပေးလုပ်ငန်းများကိုပါ သင်ကြားဆောင်ရွက်ပေးလျက်ရှိပြီး အဖွဲ့ဝင်အင်အား ၂၀၀ ကျော်ဖြင့် အခြေခံစားသောက်ကုန်ရောင်းချမှုကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်သူရ**

❐ *ရှေ့ဖုံးမှ*


ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ မေ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ဇူလိုင် ၂၂ ရက်အထိ ၁၄၇၇၄ ဦး ဝင်ရောက်ခဲ့သဖြင့် စုစုပေါင်း ၅၁၇၉၂ ဦး ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်လာသူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၄၄၉ ဦး၊ အမျိုးသမီး ၂၈၈ ဦး စုစုပေါင်း ၇၃၇ ဦးဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**


အမုန်းစကားမပြောရ။

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊
ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့်
နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို
အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ
တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။



## ပန်ဆိုင်း(ကြူကုတ်)မြို့ မုံးပေါ်ဒေသ၌ ကျောင်းစာကြည့်တိုက်ဖွင့်၊ ကျန်းမာရေးပစ္စည်းများလှူဒါန်း

**ပန်ဆိုင်း ဇူလိုင် ၂၂**

ရှမ်းပြည်နယ်မြောက်ပိုင်း ပန်ဆိုင်း (ကြူကုတ်)မြို့ မုံးပေါ်ဒေသ အထက မုံးပေါ်ကျောင်း၌ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူလူထု များ၊ စာပေဖတ်ရှုနိုင်ရန်အတွက် ဇူလိုင် ၂၀ ရက်က "ပညာဗိမာန်" ကျောင်းစာကြည့်တိုက် ဖွင့်လှစ် ခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင် ကာကွယ်၊ တားဆီး၊ ထိန်းချုပ်နိုင်ရန် အတွက် ကျန်းမာရေးအထောက် အကူပြုပစ္စည်း ပေးအပ်လှူဒါန်းခြင်း ကျင်းပသည်။

ကျောင်း စာကြည့်တိုက်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကိန်မိုင်၊ မူဆယ်ခရိုင်ပညာရေးမှူး ဒေါက်တာ သက်သက်စံ၊ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးအရာရှိ ဦးအယ်လ် စိုးထန်တူး၊ မြန်မာနိုင်ငံစာကြည့်တိုက် အသင်းမှ ဒေါ်သန်းသန်းဝေနှင့် မုံးပေါ်အုပ်ချုပ်ရေးမှူး ဦးတန်ရှွန်း တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် နှင့် ခရိုင်ပညာရေးမှူးတို့က အမှာစကားပြောကြားကာ မြန်မာ နိုင်ငံ စာကြည့်တိုက်အသင်းမှ ဒေါ်သန်းသန်းဝေက စာကြည့်တိုက် နှင့် ပတ်သက်၍ သိကောင်းစရာများ၊ စာကြည့်တိုက် ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် ကိုဗစ်-၁၉ ကြိုတင် ကာကွယ်၊ တားဆီး၊ ထိန်းချုပ်နိုင်ရန် အတွက် ကျန်းမာရေးအထောက်အကူ များဖြစ်သည့် နှာခေါင်းစည်း၊ လက်သန့်ဆေးရည်၊ ပိုးသတ်ဆေး၊ သာမိုမီတာ၊ လက်အိတ်များနှင့် ကျောင်းသုံးကိရိယာများ ပေးအပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**

## စိုက်ပျိုးမြေရိယာများကို မြေကွက်ရိုက်ရောင်းချသဖြင့် သီးနှံထွက်ရှိမှု ၇၀ ရာခိုင်နှုန်းအထိ ထိခိုက်လာ

**ရန်ကုန် ဇူလိုင် ၂၂**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင် မြို့နယ်အနောက်ပိုင်းတက္ကသိုလ်လမ်း တစ်လျှောက်ရှိ စိုက်ပျိုးမြေများတွင် အရစ်ကျပေးသွင်းစနစ်ဖြင့် မြေကွက် ရိုက်ရောင်းချမှု ပြန်လည်များပြားလာ သောကြောင့် ထိုဒေသ၏ သီးနှံထွက်ရှိ မှုကို ၇၀ ရာခိုင်နှုန်းခန့်အထိ ထိခိုက်လာလျက်ရှိကြောင်း တိုင်း ဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၏ ပြောကြားချက်အရ သိရ သည်။

"အခြားနည်းသုံးစွဲခွင့် မရှိတဲ့ လယ်မြေတွေမှာ မြေကွက်ရိုက်ပြီး ရောင်းချနေတာ ၂၀၁၀ ပြည့်နှစ် ကတည်းက ယနေ့ထိပဲ။ ဒီဘက် ကာလမှာ ပိုများလာတယ်။ လယ်ယာ မြေတွေလည်း ကုန်တော့မယ်။ အနောက်ပိုင်းတက္ကသိုလ်လမ်းတစ် လျှောက်က လယ်မြေတွေကို မြေ ကွက်ရိုက်၊ လမ်းခင်းပြီး ရောင်းချ နေကြတာ မူလစိုက်ပျိုးမြေရိယာရဲ့ ၇၀ ရာခိုင်နှုန်း ထိခိုက်သွားပြီ။ လယ်မြေကို မြေကွက်ဖော်တဲ့အခါမှာ ရွာခံတွေပါသလို အခြားမြို့နယ်တွေ ကလည်းပါတယ်။ အင်အားပိုပြီး ကြီးထွားလာတယ်။ ရန်ကုန်-ပုသိမ် လမ်း၊ ဘောလည်ကျွန်း၊ တက်သစ် ကျေးရွာအပါအဝင် လယ်မြေတွေကို အကွက်ရိုက်ပြီး ရောင်းနေကြတာ ကုန်သလောက်ဖြစ်နေပြီ"ဟု ထန်း တပင်မြို့နယ်မှ တိုင်းဒေသကြီး(၁) လွှတ်တော် ကိုယ်စားလှယ် ဦးအောင် ဘုန်းကျော်စံဦးက ပြောသည်။

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် လမ်းတစ်လျှောက်ရှိ လယ်မြေများကို မြေကွက်ရိုက်ရောင်းချသည့်နည်းတူ ထန်းတပင်မြို့နယ် ရန်ကုန်-ပုသိမ် ကား လမ်းမကြီး ဝဲယာတွင်လည်း တစ်ချိန်က မိုးရာသီစပါးခင်းများ နေရာ၌ စားသောက်ဆိုင်နှင့် အပန်း ဖြေရာနေရာများ၊ စီးပွားရေးလုပ်ငန်း များနှင့် မြေယာရောင်းချသော လုပ်ငန်းများ၊ စက်ယန္တရားများ ထားသိုရောင်းချရာနေရာများအဖြစ် ဖော်ဆောင်လာ၍ လယ်မြေများ ပျောက်ကွယ်လျက်ရှိကြောင်း သိရ သည်။

ရန်ကုန်တိုင်း ဒေသကြီးတွင် လှိုင်သာယာနှင့် ထန်းတပင်မြို့နယ် တို့၌ မြေယာကျူးကျော်မှုနှင့် အခြား နည်းသုံးစွဲခွင့်မရှိသော လယ်ယာမြေ များကို မြေကွက်ရိုက်ရောင်းချမှုသည် ကိုဗစ်-၁၉ စတင်ခဲ့သော ဧပြီလတွင် ခေတ္တသာ ရပ်ဆိုင်းခဲ့ပြီး ဇွန်လ ဆန်းပိုင်းမှစ၍ ပြန်လည်လုပ်ဆောင် ခဲ့ကာ ဇူလိုင်လတွင် အရောင်းအဝယ် ပိုမိုစည်ကားလာသည်။ ထန်းတပင် မြို့နယ်အတွင်း အနောက်ပိုင်း တက္ကသိုလ်လမ်းတစ်လျှောက် လမ်း ဘေးဝဲယာတို့တွင် နှစ် ၆၀ ဂရန်ကျပြီး ပေ ၂၀ x ပေ ၆၀ မြေကွက်များကို အရစ်ကျစနစ်ဖြင့် လည်းကောင်း၊ အေးရွာလေးလမ်းနှင့် ထန်းနှစ်ပင် ကျေးရွာ လယ်မြေများကို တန်ဖိုးနည်း မြေကွက်များအဖြစ်လည်းကောင်း၊ အနောက်ပိုင်းတက္ကသိုလ်လမ်းမကြီး ရှိ လယ်မြေများမှ ပေ ၂၀xပေ ၆၀ မြေကွက်များကို ၁၂ လ အရစ်ကျဖြင့် လျှပ်စစ်မီးသွယ်၊ ကွန်ကရစ်လမ်း ခင်း၍ ကျပ်သိန်း ၂၀ မှ ၃၅ သိန်းဖြင့် လည်းကောင်း အရောင်းအဝယ်ပြု လျက်ရှိသောကြောင့် မူလစိုက်ပျိုး မြေများ လျော့ပါးလာကာ သီးနှံ ထွက်ရှိမှုကိုလည်း ၇၀ ရာခိုင်နှုန်းခန့် အထိ ထိခိုက်လာခြင်းဖြစ်ကြောင်း သိရသည်။

**သစ္စာ**




### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေး အန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ဝ၆၇-၃၄ဝ၄၆၆၆ နှင့် ဝ၆၇-၃၄ဝ၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**


## မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (ဝ၁ဝ၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (ဝဝ၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS



**နေပြည်တော်-စာတည်းမှူး** ဝ၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ဝ၆၇-၃၆၁၄၅၊ **ဖက်စ်** ဝ၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄ဝ၊ စာတည်းအဖွဲ့** ဝ၁-၅၄၄၃ဝ၉၊ **မန်နေဂျာ** ဝ၁-၅၄၄၃၁၄၊ **စီမံ** ဝ၁-၅၄၄၃၁၅၊ **ငွေစာရင်း** ဝ၁-၅၄၄၃၁၆၊ **ကြော်ငြာ** ဝ၁-၅၄၅၈၃၄၊ ဝ၁- ၅၅၉၁၁၈၊ **Fax** ဝ၁-၅၄၆၂၂၁၊ ဝ၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ဝ၁-၅၄၄၃၁၇၊ **Fax** ဝ၁-၈၆ဝ၄၅၄၆။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၂ - ၇ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၇၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၆၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၉၅၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၇၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၆၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၉၅၃၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၃၀/၅၆၀ ကျပ် | ၅၇၀/၅၈၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၄၀/၅၇၅ ကျပ် | ၅၈၅/၅၉၅ ကျပ် |
| အောက်တိန်း ၉၂ | ၄၈၀/၅၁၀ ကျပ် | ၅၅၀/၅၆၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၁၀/၆၂၅ ကျပ် | ၆၇၀/၆၉၀ ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၈၆ . ၈ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၉၇ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၀ . ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၅၅ . ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၉၅ . ၉ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၈၈ . ၀၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၇ . ၈၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၅၆၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၅ . ၇၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၅ . ၇၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၈၁၇ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၁၀၀၀၀ | ၉၂၃ | ၉၆၃၀၀၀၀ |
| MTSH | ၃၈၀၀ | ၃၇၅၀ | ၁၅၉၆ | ၆၀၆၃၃၀၀ |
| MCB | ၈၁၀၀ | ၀ | ၀ | ၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၁၃ | ၂၈၆၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၆၅၄ | ၁၇၉၈၅၀၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၇၄၅ | ၂၀၁၁၅၀၀ |

ခင်ရတနာ - စုစည်းသည်

# ၂၀၂၀ ပြည့်နှစ်၊ ဝင်ငွေခွန်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှ အဆက်*

### နုတ်ပယ်ခွင့်မပြုသော အသုံးစရိတ်များနှင့် အရှုံးများ

၂၁။ (က) ပုဒ်မ ၂၀၊ ပုဒ်မခွဲ (က) တွင် မည်သို့ပင်ဆိုစေကာမူ၊ ထို့ပြင် ဤဥပဒေနှင့်လည်း မဆန့်ကျင်စေဘဲ အောက်ပါတို့အတွက် နုတ်ပယ်မှုများကို ခွင့်မပြုရ –

(၁) အိမ်တွင်း သို့မဟုတ် ကိုယ်ရေးကိုယ်တာနှင့် သက်ဆိုင်သည့် အတိုင်းအတာအထိဖြစ်သော အသုံးစရိတ် သို့မဟုတ် အရှုံး၊ ယင်းတွင် အိမ်တွင်း သို့မဟုတ် ကိုယ်ရေးကိုယ်တာ အသုံးစရိတ်အဖြစ် သုံးစွဲခဲ့သည့် အတိုင်းအတာအထိ ချေးငှားခဲ့သော ငွေကြေးနှင့် စပ်လျဉ်း၍ ကျခံခဲ့ရသည့် မည်သည့်အတိုးမဆို အပါအဝင် ဖြစ်သည်၊

(၂) အလုပ်အကိုင်မှ ဝင်ငွေရရှိရန် ဆောင်ရွက်ရာ၌ ဝန်ထမ်းတစ်ဦးက ကျခံခဲ့သည့် အသုံးစရိတ် သို့မဟုတ် အရှုံး၊

(၃) အမြတ်ဝေစု သို့မဟုတ် အခြားခွဲဝေပေးသည့်အမြတ်၊ မတည်ငွေရင်းမှ ပြန်လည် ထုတ်ယူသည့် ငွေကြေးပမာဏတစ်ရပ်၊ သို့မဟုတ် မတည်ငွေရင်းအဖြစ် အသုံးပြုသည့် စုစုပေါင်းငွေကြေးပမာဏ၊

(၄) မတည်စရိတ်ဖြစ်သည့် သို့မဟုတ် မတည်စရိတ်၏ သဘောသဘာဝရှိသည့် အသုံးစရိတ် သို့မဟုတ် အရှုံး၊

(၅) ပေါ်ပေါက်ခြင်း မရှိသေးသော်လည်း အနာဂတ်အခွန်နှစ် တစ်နှစ်တွင် ပေါ်ပေါက်ရန် မျှော်လင့်ထားသည့် အသုံးစရိတ်များ သို့မဟုတ် အရှုံးများအတွက် သီးသန့် ရန်ပုံငွေ သို့မဟုတ် လျာထားငွေအဖြစ် ပုဂ္ဂိုလ်တစ်ဦးက ယင်း၏ ဘဏ္ဍာရေးဆိုင်ရာ စာရင်းများတွင် လွှဲပြောင်းလိုက်သည့် ငွေကြေးပမာဏ၊

(၆) အာမခံပေါ်လစီတစ်ရပ်အရ သို့မဟုတ် ပျက်စီးဆုံးရှုံးမှုအတွက် လျော်ကြေးဆိုင်ရာ သို့မဟုတ် အာမခံချက် (guarantee or surety) ဆိုင်ရာ ပဋိညာဉ် တစ်ရပ်အရ ပြန်လည်ရရှိနိုင်သည့် အတိုင်းအတာအထိဖြစ်သော အသုံးစရိတ် သို့မဟုတ် အရှုံး၊

(၇) အောက်ပါတစ်ခုခုကို တွက်ချက်ရာ၌ ထည့်သွင်းစဉ်းစားခဲ့ပြီးဖြစ်သည့် အသုံးစရိတ် သို့မဟုတ် အရှုံး –

(ကက) ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၄) အရ လုပ်ငန်းမှ ဝင်ငွေတွင် ပါဝင်သည့် လုပ်ငန်းဆိုင်ရာ ရရန်ပိုင်ခွင့်တစ်ခုကို ထုခွဲရောင်းချခြင်းမှ အမြတ်အစွန်း၊

( ခခ ) ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၃) အရ နုတ်ပယ်မှုအဖြစ် ခွင့်ပြုသည့်လုပ်ငန်းဆိုင်ရာ ရရန်ပိုင်ခွင့်တစ်ခုကို ထုခွဲရောင်းချခြင်းမှ အရှုံး၊

(၈) မြန်မာနိုင်ငံတွင် ပေးဆောင်ခဲ့သည့် သို့မဟုတ် ပေးဆောင်ရန်ရှိသည့် ဝင်ငွေခွန် သို့မဟုတ် ပြည်ပနိုင်ငံတစ်ခု၌ ဝင်ငွေပေါ်တွင် ပေးဆောင်ခဲ့သည့် သို့မဟုတ် ပေးဆောင်ရန်ရှိသည့် အခွန်နှင့် ယင်းအခွန်ဆိုင်ရာတာဝန် တစ်ရပ်နှင့် စပ်လျဉ်း၍ ပေးရန်ရှိသည့် မည်သည့် ဒဏ်ကြေးငွေ သို့မဟုတ် နောက်ကျ ပေးသွင်းမှုအပေါ် အတိုးငွေမဆို၊

(၉) မြန်မာနိုင်ငံတွင်ဖြစ်စေ၊ အခြားနေရာတွင်ဖြစ်စေ ဥပဒေ သို့မဟုတ် စည်းမျဉ်းတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်းအတွက် တပ်ရိုက်သည့် ငွေဒဏ် သို့မဟုတ် ဒဏ်ကြေးငွေ၊

(၁၀) အောက်ပါအတိုးတစ်ရပ်ရပ်မှအပ တွဲဖက်လုပ်ကိုင်သူတစ်ဦးသို့ ပေးခဲ့သည့် သို့မဟုတ် ပေးရန်ရှိသည့် အတိုး–

(ကက) ယင်းတွဲဖက်လုပ်ကိုင်သူ၏ စည်းကြပ်ထိုက်သောဝင်ငွေတွင် ပါဝင်သည့် အတိုး၊

( ခခ ) အပြီးသတ်နုတ်ယူပေးသွင်းရမည့် ပေးချေမှုဖြစ်သည့် အတိုး၊

(၁၁) ပြည်ပနေတွဲဖက်လုပ်ကိုင်သူတစ်ဦးကို ပေးခဲ့သည့် သို့မဟုတ် ပေးရန်ရှိသည့် အောက်ပါအခြေအနေ တစ်ရပ်ရပ်တွင် အကျုံးမဝင်သော ငှားရမ်းခ၊ ခိုင်ကြေး၊ အာမခံပရီမီယံ၊ စီမံခန့်ခွဲမှုအခ၊ သို့မဟုတ် နည်းပညာအခ –

(ကက) ယင်း တွဲဖက်လုပ်ကိုင်သူ၏ စည်းကြပ်ထိုက်သောဝင်ငွေတွင် ပါဝင်နေခြင်း၊

( ခခ ) အပြီးသတ် နုတ်ယူပေးသွင်းရမည့် ပေးချေမှုဖြစ်ခြင်း၊

(၁၂) ဝန်ထမ်းတစ်ဦးနှင့်စပ်လျဉ်း၍ အလုပ်ရှင်တစ်ဦး၏ အောက်ပါထည့်ဝင်ပေးမှုများ –

(ကက) အသိအမှတ်ပြုထားခြင်းမရှိသည့် ရန်ပုံငွေ တစ်ရပ်ရပ်သို့ ထည့်ဝင်မှု၊

( ခခ ) အသိအမှတ်ပြုထားသည့် ရန်ပုံငွေတစ်ရပ်သို့ ထည့်ဝင်မှုဖြစ်ပြီး ယင်းထည့်ဝင်မှုသည် ယင်း အခွန်နှစ်အတွက် ဝန်ထမ်း၏ အလုပ်အကိုင်မှ ဝင်ငွေ၏ (၈) ရာခိုင်နှုန်းထက် ကျော်လွန်သော အတိုင်းအတာအထိ ထည့်ဝင်မှု၊

(၁၃) ပုဂ္ဂိုလ်တစ်ဦးက ယင်းအတွက် သို့မဟုတ် ယင်း၏ တွဲဖက်လုပ်ကိုင်သူအတွက် မလျော်ကန်သော အကျိုးခံစားခွင့် သို့မဟုတ် အားသာချက်ကို ရရှိစေရန် အလို့ငှာ ဆောင်ရွက်ပေးရန် သို့မဟုတ် ဆောင်ရွက်ခြင်းမပြုရန် ပြည်ပနိုင်ငံ၏ အများပြည်သူဆိုင်ရာ အရာရှိအပါအဝင် အများပြည်သူဆိုင်ရာအရာရှိတစ်ဦး သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးသို့ ပေးသည့် လာဘ်၊ ဆက်သွယ်ဆောင်ရွက် ပေးမှုအတွက် လက်သိပ်ထိုးပေးငွေ၊ သို့မဟုတ် အခြားစည်းရုံးသိမ်းသွင်းမှု တစ်ရပ်၊

(၁၄) တရားမဝင်သည့် လုပ်ဆောင်ချက်တစ်ရပ်ကို ဆောင်ရွက်ရာ၌ ကျခံခဲ့ရသည့် အသုံးစရိတ် သို့မဟုတ် အရှုံး၊

(၁၅) ပုဒ်မ ၂၂၊ ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ(ဂ) အရ နုတ်ပယ်နိုင်သည့် အကျိုးခံစားခွင့်မှအပ အလုပ်ရှင်တစ်ဦးက ဝန်ထမ်းများသို့ ပေးအပ်ခဲ့ပြီး မည်သည့်ဝန်ထမ်းများအတွက်ဟု သတ်မှတ်ဖော်ပြခြင်း မပြုနိုင်သည့် ငွေသားမဟုတ်သော အကျိုးခံစားခွင့်များ၏ ကုန်ကျစရိတ်။

(ခ) နုတ်ယူပေးသွင်းရမည့် ကိုယ်စားလှယ်ကို အခန်း(၉) အရ ၎င်းနုတ်ယူ ရန် လိုအပ်သည့် ပေးချေမှုတစ်ရပ်အတွက် နုတ်ပယ်မှု တစ်ရပ်ကို ခွင့်ပြုလျှင် နုတ်ယူထားသည့် ယင်းငွေကြေးပမာဏအား ညွှန်ကြားရေးမှူးချုပ်ထံသို့ ပေးသွင်းသည့် အခွန်နှစ် မတိုင်မီ ယင်းနုတ်ပယ်မှုကို ခွင့်မပြု။

(ဂ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) ၏ ရည်ရွယ်ချက်များအလို့ငှာ အသုံးစရိတ်တစ်ရပ်သည် အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် အိမ်တွင်း သို့မဟုတ် ကိုယ်ရေးကိုယ်တာ အသုံးစရိတ် ဖြစ်သည်–

(၁) တစ်ဦးချင်းပုဂ္ဂိုလ်တစ်ဦးသည် အသုံးစရိတ်ကို ယင်းကိုယ်တိုင်အတွက် အောက်ပါကိစ္စတစ်ရပ်ရပ်နှင့် ဆက်စပ်သည့် အတိုင်းအတာအထိ ကျခံခြင်း ဖြစ်လျှင် –

(ကက) ယင်းတစ်ဦးချင်းပုဂ္ဂိုလ်၏ နေထိုင်ခြင်း၊ စားသောက်ခြင်း၊ ဖျော်ဖြေမှု ရယူခြင်း သို့မဟုတ် အခြားအပန်းဖြေသည့် လုပ်ဆောင်ချက်များ ပြုလုပ်ခြင်းတို့ အပါအဝင် ယင်း၏ ရှင်သန်ရပ်တည်မှု၊

( ခခ ) ယင်းတစ်ဦးချင်းပုဂ္ဂိုလ်နေအိမ်မှ အသွားအလာ ပြုလုပ်ခြင်း၊

( ဂဂ ) ယင်းတစ်ဦးချင်းပုဂ္ဂိုလ်အတွက် လုပ်ငန်းပြင်ပတွင် ဝတ်ဆင်ရန် မသင့်လျော်သည့် အဝတ်အစားမျိုးမှအပ ဖိနပ်များအပါအဝင် အခြားအဝတ်အစားများ ဝယ်ယူခြင်း၊

(ဃဃ) ယင်းတစ်ဦးချင်းပုဂ္ဂိုလ် လုပ်ဆောင်နေသည့် လုပ်ငန်းနှင့် တိုက်ရိုက်ဆက်စပ်ပြီး ဘွဲ့ သို့မဟုတ် ဒီပလိုမာ ရရှိစေခြင်းမရှိသည့် ပညာသင်ကြားမှုမှအပ ယင်းတစ်ဦးချင်းပုဂ္ဂိုလ်ပညာသင်ကြားခြင်း၊

( ငင ) အကြွေးဝယ်ကတ်၏ ကြွေးမြီများ အပါအဝင် ယင်းတစ်ဦးချင်း ပုဂ္ဂိုလ်၏ ပုဂ္ဂလိက ကြွေးမြီများ ပြန်လည်ပေးဆပ်ခြင်း၊

(၂) အောက်ပါအခြေအနေတစ်ရပ်ရပ်မှအပ တစ်ဦးချင်းပုဂ္ဂိုလ် တစ်ဦးသို့ ပေးချေမှုတစ်ရပ်ပြုလုပ်ရာတွင် သို့မဟုတ် အခြားအကျိုးခံစားခွင့် တစ်စုံတစ်ရာ ပေးအပ်ရာတွင် အခြားပုဂ္ဂိုလ်တစ်ဦး၌ အသုံးစရိတ် ပေါ်ပေါက်လျှင် –

(ကက) ယင်းပေးချေမှု သို့မဟုတ် အကျိုးခံစားခွင့်သည် ယင်းတစ်ဦးချင်း ပုဂ္ဂိုလ်၏ ဝင်ငွေတွက်ချက်မှု၌ ပါဝင်ခြင်း၊

( ခခ ) ယင်း တစ်ဦးချင်းပုဂ္ဂိုလ်သည် ယင်းပေးချေမှု သို့မဟုတ် အကျိုးခံစားခွင့်အတွက် ညီမျှသည့် ဈေးကွက်ပေါက်ဈေးတစ်ရပ်ကို အဖိုးစားနားအဖြစ် ပေးအပ်ခြင်း။

(ဃ) ဤပုဒ်မပါ **"အများပြည်သူဆိုင်ရာအရာရှိ"** ဆိုရာတွင် အောက်ပါ ပုဂ္ဂိုလ်တစ်ဦးဦးလည်း ပါဝင်သည် –

(၁) အစိုးရ သို့မဟုတ် နိုင်ငံခြားအစိုးရတစ်ရပ်၏ အုပ်ချုပ်ရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍ သို့မဟုတ် ဥပဒေပြုရေးကဏ္ဍမှ အဖွဲ့ဝင်တစ်ဦး သို့မဟုတ် အရာရှိတစ်ဦး၊

(၂) အစိုးရ၊ အများပြည်သူဆိုင်ရာ အာဏာပိုင်၊ နိုင်ငံခြား အစိုးရတစ်ရပ်၊ ဒေသန္တရအစိုးရတစ်ရပ်၊ သို့မဟုတ် နိုင်ငံတကာအဖွဲ့အစည်းတစ်ရပ်၏ ဝန်ထမ်းတစ်ဦး၊

(၃) လွှတ်တော်ကိုယ်စားလှယ်တစ်ဦး သို့မဟုတ် ပြည်ထောင်စုဝန်ကြီးတစ်ဦး။

### ဒေ့ခံကျွေးမွေးစရိတ်

၂၂။ (က) ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ(ဂ) တို့နှင့် မဆန့်ကျင်စေဘဲ ပုဂ္ဂိုလ်တစ်ဦး အခွန်နှစ်တစ်နှစ်အတွင်း လုပ်ငန်းမှ ဝင်ငွေရရှိရန် ဆောင်ရွက်ရာ၌ ယင်းပုဂ္ဂိုလ်ကျခံခဲ့ရသည့် ဧည့်ခံကျွေးမွေးစရိတ်၏ ၅၀ ရာခိုင်နှုန်းကို ယင်းပုဂ္ဂိုလ်၏လုပ်ငန်းမှ ဝင်ငွေမှနုတ်ပယ် ခွင့်ပြုသည်။

(ခ) ပုဒ်မခွဲ (က) တွင် မည်သို့ပင်ဆိုစေကာမူ ပုဂ္ဂိုလ်တစ်ဦးက အောက်ပါပုဂ္ဂိုလ်များအတွက် သီးသန့်ဧည့်ခံကျွေးမွေးရာ၌ ယင်းပုဂ္ဂိုလ်ကျခံရသည့် ကုန်ကျစရိတ်များကို နုတ်ပယ်ခွင့်မပြု–

(၁) ယင်း၏ တွဲဖက်လုပ်ကိုင်သူ၊

(၂) ယင်းပုဂ္ဂိုလ်သည် ကုမ္ပဏီဖြစ်ပါက ယင်းကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အဖွဲ့ဝင်တစ်ဦး။

(ဂ) ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ(ခ)တွင် မည်သို့ပင်ဆိုစေကာမူ ပုဂ္ဂိုလ်တစ်ဦးသည် လုပ်ငန်းမှ ဝင်ငွေ ရရှိရန် ဆောင်ရွက်ရာ၌ အခွန်နှစ်တစ်နှစ်အတွင်း ဧည့်ခံကျွေးမွေးခြင်းဆိုင်ရာ အသုံးစရိတ် ကျခံခဲ့ပြီး ယင်းကျခံခဲ့သည့် အသုံးစရိတ်သည် အောက်ပါ အခြေအနေ တစ်ရပ်ရပ်နှင့် ကိုက်ညီလျှင် ယင်းအသုံးစရိတ်၏ ၁၀၀ ရာခိုင်နှုန်းကို ထိုပုဂ္ဂိုလ်၏လုပ်ငန်းမှ ဝင်ငွေမှနုတ်ပယ် ခွင့်ပြုသည် –

(၁) ဝန်ထမ်းတစ်ဦး၏ အကျိုးခံစားခွင့်တစ်ရပ်ရပ်အတွက် ကျခံခဲ့သည့် အသုံး စရိတ်ဖြစ်ပြီး အဆိုပါ အကျိုးခံစားခွင့်သည် ဇယား (၃) ၏ အပိုင်း (၂)၊ အပိုဒ် ၁၊ အပိုဒ်ခွဲ (ဃ)၊ အပိုဒ်ခွဲငယ် (၂) အရ ယင်းဝန်ထမ်း၏ ကင်းလွတ်ခွင့်ပြုသော ဝင်ငွေဖြစ်ခြင်း၊

(၂) ယင်းပုဂ္ဂိုလ်၏ ပင်မလုပ်ငန်းကို ပုံမှန်အားဖြင့် လုပ်ဆောင်ရာ၌ ဖောက်သည်များ သို့မဟုတ် လုပ်ငန်း အပ်နှံသူများအား ဧည့်ခံကျွေးမွေးခြင်း ပါဝင်လျှင် ပြင်ပဈေးကွက်ပေါက်ဈေးဖြင့် သို့မဟုတ် လက်တစ်ကမ်း ဆောင်ရွက်ချက်ဖြင့် ကျခံခဲ့သည့် ဧည့်ခံကျွေးမွေးခြင်း ဆိုင်ရာ အသုံးစရိတ်ဖြစ်ခြင်း။

### ကုသိုလ်ဖြစ် လှူဒါန်းမှုများ

၂၃။ (က) ဤပုဒ်မနှင့် မဆန့်ကျင်စေဘဲ ပုဂ္ဂိုလ်တစ်ဦးအား အောက်ပါ လှူဒါန်းမှုများအတွက် ယင်း၏အလုပ်အကိုင်၊ လုပ်ငန်း သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုမှ ဝင်ငွေမှနုတ်ပယ်ခွင့်ပြုသည် –

(၁) ပုဒ်မ ၅၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) တွင် ဖော်ပြထားသည့် အကျိုးအမြတ်မယူသော အဖွဲ့အစည်းသို့ လှူဒါန်းမှု၊

(၂) လုံခြုံရေး သို့မဟုတ် သဘာဝဘေးအန္တရာယ်တစ်ရပ် သို့မဟုတ် ကပ်ဘေးတစ်ရပ် သို့မဟုတ် အခြားအလားတူ အကြောင်းတစ်ရပ်နှင့် စပ်လျဉ်း၍ ကာကွယ်တားဆီးရန် သို့မဟုတ် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အတွက် နိုင်ငံတော်အစိုးရက အရေးပေါ်အခြေအနေ အဖြစ် ထုတ်ပြန်ကြေညာချက်အရ နိုင်ငံတော်အစိုးရသို့ လှူဒါန်းမှု။

(ခ) ပုဒ်မခွဲ (က) အရ ပုဂ္ဂိုလ်တစ်ဦးကို အခွန်နှစ်တစ်နှစ်အတွက် နုတ်ပယ်ခွင့်ပြုသည့် စုစုပေါင်းငွေကြေးပမာဏသည် ယင်း ပုဂ္ဂိုလ် ထိုနှစ်အတွက် ရရှိသည့် စည်းကြပ်ထိုက်သော ဝင်ငွေတွင် ပါဝင်သည့် စုစုပေါင်းဝင်ငွေ၏ ၁၀ ရာခိုင်နှုန်းထက် မပိုစေရ။

### သိပ္ပံပညာရပ်ဆိုင်ရာ သုတေသန အသုံးစရိတ်

၂၄။ (က) ပုဂ္ဂိုလ်တစ်ဦးသည် လုပ်ငန်းမှစည်းကြပ်ထိုက်သော ဝင်ငွေ ရရှိရန် ဆောင်ရွက်ရာ၌ သိပ္ပံပညာရပ်ဆိုင်ရာသုတေသန အသုံးစရိတ်ကို ယင်းပုဂ္ဂိုလ်ကျခံခဲ့ရသည့် အတိုင်းအတာအထိ ယင်းပုဂ္ဂိုလ်၏ လုပ်ငန်းမှဝင်ငွေမှ နုတ်ပယ်ခွင့်ပြုသည်။

(ခ) ဤပုဒ်မတွင် –

(၁) **"သိပ္ပံပညာရပ်ဆိုင်ရာ သုတေသန"** ဆိုသည်မှာ လူသား၏ အသိပညာဖွံ့ဖြိုး တိုးတက်စေရန်အတွက် သဘာဝ သိပ္ပံနယ်ပယ် (natural science) သို့မဟုတ် အသုံးချ သိပ္ပံပညာ (applied science) နယ်ပယ်များ၌ ဆောင်ရွက်သည့် မည်သည့်လုပ်ဆောင်ချက်မဆိုကို ဆိုသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# အလှကုန်ပစ္စည်းဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

## အခန်း(၃)
## အာဏာပိုင်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်း၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် –

(က) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်သည့် မြန်မာနိုင်ငံ အလှကုန်ပစ္စည်းဆိုင်ရာ အာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းရမည်၊

(ခ) အာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းရာတွင် လိုအပ်ပါက အဖွဲ့ဝင်များထဲမှ ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်တာဝန်ပေးနိုင်သည်၊

(ဂ) လိုအပ်ပါက ပုဒ်မခွဲ (က)နှင့်အညီ အာဏာပိုင်အဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ အာဏာပိုင်အဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် –

(က) အလှကုန်ပစ္စည်းများကို ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ အညွှန်းအမှတ်အသား ဖော်ပြခြင်း၊ ကြော်ငြာခြင်းတို့နှင့် စပ်လျဉ်း၍ မူဝါဒများ ချမှတ်ခြင်း၊

(ခ) အလှကုန်ပစ္စည်းဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အရည်အသွေး သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊

(ဂ) အလှကုန်ပစ္စည်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကြီးကြပ်နိုင်ရန် လိုအပ်သော ကော်မတီများ ဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီတို့၏ လုပ်ငန်းတာဝန်များသတ်မှတ်ပေးခြင်း၊

(ဃ) မိမိ၏ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို ဦးစီးဌာနအား လွှဲအပ်၍ ဆောင်ရွက်စေခြင်း။

## အခန်း(၄)
## ဝန်ကြီးဌာန၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၆။ ဝန်ကြီးဌာန၏တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် –

(က) အာဏာပိုင်အဖွဲ့၏မူဝါဒနှင့် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

( ခ ) အလှကုန်ပစ္စည်းဘေးအန္တရာယ်ကင်းရှင်းရေးကိစ္စရပ်များကို အကောင်အထည်ဖော်ရန် ဦးစီးဌာနအား တာဝန်ပေးအပ်၍ ကြီးကြပ်ကွပ်ကဲခြင်း။

## အခန်း (၅)
## ဦးစီးဌာန၏လုပ်ငန်းတာဝန်များ

၇။ ဦးစီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

(က) ပြည်တွင်း၌ ဖြန့်ဖြူးရောင်းချသော အလှကုန်ပစ္စည်းများကို ဈေးကွက်မတင်မီစိစစ်၍ မှတ်တမ်းတင်လက်မှတ်ထုတ်ပေးခြင်း၊ ထုတ်ပေးရန်ငြင်းပယ်ခြင်း၊ ယာယီပိတ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းတို့နှင့် စပ်လျဉ်း၍ အသေးစိတ်အချက်အလက်များကို သတ်မှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) ပြည်တွင်း၌ အလှကုန်ပစ္စည်း ထုတ်လုပ်ခြင်းများအတွက် ထုတ်လုပ်သူလက်မှတ်ထုတ်ပေးခြင်း၊ ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ ယာယီပိတ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းတို့နှင့် စပ်လျဉ်း၍ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်အား သတ်မှတ်ခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဂ) အလှကုန်ပစ္စည်း အညွှန်းအမှတ်အသားဖော်ပြခြင်း၊ ကြော်ငြာခြင်းနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များ သတ်မှတ်ခြင်းနှင့် လိုအပ်ပါက ထပ်မံပြင်ဆင်သတ်မှတ်ခြင်း၊

(ဃ) အလှကုန်ပစ္စည်းတွင် ပါဝင်ဖော်စပ်ခွင့်မပြုသည့် တားမြစ်ဓာတုပစ္စည်းများအား သတ်မှတ်ခြင်းနှင့် လိုအပ်ပါက ထပ်မံပြင်ဆင် သတ်မှတ်ခြင်း၊

(င) ကန့်သတ်သတ်မှတ်ထားသော ဓာတုပစ္စည်း၊ အရောင်ဆိုးဆေး၊ တာရှည်ခံပစ္စည်းနှင့် ခရမ်းလွန်ရောင်ခြည်ကာပစ္စည်းများ၏ ကန့်သတ်ရာခိုင်နှုန်းအား သတ်မှတ်ခြင်းနှင့် လိုအပ်ပါက ထပ်မံပြင်ဆင်သတ်မှတ်ခြင်း၊

(စ) ပြည်တွင်း၌ အလှကုန်ပစ္စည်းထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းများနှင့် စပ်လျဉ်း၍ ဦးစီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ဆ) ဈေးကွက်အတွင်းရှိအလှကုန်ပစ္စည်း၏ဘေးအန္တရာယ်ကင်းရှင်းမှု၊ အကျိုးအာနိသင်ရှိမှုနှင့် အရည်အသွေးကောင်းမွန်မှုတို့အတွက် ဈေးကွက်ထောက်လှမ်းစစ်ဆေးခြင်းလုပ်ငန်းစဉ်အား သတ်မှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဇ) အာဏာပိုင်အဖွဲ့က အခါအားလျော်စွာ ပေးအပ်သောလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း

## အခန်း (၆)
## ထုတ်လုပ်သူလက်မှတ်လျှောက်ထားခြင်းနှင့်ထုတ်ပေးခြင်း

၈။ ပြည်တွင်း၌ အလှကုန်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လိုသူသည် ထုတ်လုပ်သူလက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၉။ ဦးစီးဌာနသည်–

(က) ပုဒ်မ ၈ အရ လျှောက်ထားလာပါက သတ်မှတ်အခကြေးငွေ ပေးသွင်းစေပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ရမည်၊

(ခ) ပုဒ်မခွဲ (က) အရ စိစစ်ရာတွင် အလှကုန်ပစ္စည်းသည် အရည်အသွေး သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိပြီး လုပ်ငန်းသည် သတ်မှတ်ထားသည့် ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်တို့နှင့် ကိုက်ညီလျှင် သတ်မှတ်ကာလအတွင်း လျှောက်ထားသူအား ထုတ်လုပ်သူလက်မှတ်ကို ထုတ်ပေးရမည်၊

(ဂ) ပုဒ်မခွဲ(က)အရ စိစစ်ရာတွင် အလှကုန်ပစ္စည်းသည် အရည်အသွေး သတ်မှတ်ချက်များ၊ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်နှင့် ကိုက်ညီမှုမရှိကြောင်း တွေ့ရှိရလျှင် လိုအပ်ချက်များကို ပြင်ဆင် ဆောင်ရွက်ပြီး ပြန်လည်လျှောက်ထားရန် ညွှန်ကြားချက်နှင့်အတူ လျှောက်ထားသူထံ အကြောင်းကြားရမည်၊

(ဃ) ပုဒ်မခွဲ(ဂ)အရ အကြောင်းကြားချက်အပေါ် လျှောက်ထားသူက ပြင်ဆင်ဆောင်ရွက်ခြင်းပြုပြီး ပြန်လည်လျှောက်ထားလာပါက စိစစ်၍ သတ်မှတ်ချက်နှင့် ကိုက်ညီကြောင်း တွေ့ရှိလျှင် ပုဒ်မခွဲ (ခ)ပါအတိုင်း ဆောင်ရွက်ရမည်၊

(င) ပုဒ်မခွဲ (ဂ)အရ ပြင်ဆင်ဆောင်ရွက်ပြီး ပြန်လည်လျှောက်ထားမှုကို စိစစ်ရာတွင် သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိကြောင်း တွေ့ရှိရလျှင် ယင်းအကြောင်းအချက်များကို ဖော်ပြ၍ ထုတ်လုပ်သူလက်မှတ် ထုတ်ပေးရန် ငြင်းပယ်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်လိုပါက ညွှန်ကြားချက်အတိုင်းပြုပြင်ပြီး ထပ်မံလျှောက်ထားနိုင်ကြောင်း လျှောက်ထားသူထံ အကြောင်းကြားရမည်။

## အခန်း (၇)
## မှတ်တမ်းတင်လက်မှတ်လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၁၀။ ပြည်တွင်း၌ ထုတ်လုပ်သော သို့မဟုတ် ပြည်ပမှတင်သွင်းသော အလှကုန်ပစ္စည်းများကို ဖြန့်ဖြူးရောင်းချခြင်း ပြုလုပ်လိုသူသည် ဈေးကွက်မတင်မီ မိမိ၏ အလှကုန်ပစ္စည်းများအတွက် မှတ်တမ်းတင်လက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၁၁။ ဦးစီးဌာနသည်–

(က) ပုဒ်မ ၁၀ အရ လျှောက်ထားလာပါက သတ်မှတ်အခကြေးငွေ ပေးသွင်းစေပြီး အရည်အသွေး သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ရမည်၊

(ခ) ပုဒ်မခွဲ(က)အရ စိစစ်ရာတွင် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိကြောင်း တွေ့ရှိလျှင်သတ်မှတ်ကာလအတွင်း လျှောက်ထားသူအား မှတ်တမ်းတင်လက်မှတ်ကို ထုတ်ပေးရမည်၊

(ဂ) သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိကြောင်း တွေ့ရှိရလျှင် ယင်းအကြောင်း အချက်များကို ဖော်ပြ၍ မှတ်တမ်းတင်လက်မှတ် ထုတ်ပေးခြင်းကို ငြင်းပယ်ကြောင်း လျှောက်ထားသူထံ အကြောင်းကြားရမည်။ ငြင်းပယ်ခံရသော အလှကုန်ပစ္စည်းအား ဈေးကွက်တင် ရောင်းချခြင်းမပြုရန် တားမြစ်ခြင်းကို ဆောင်ရွက်ရမည်။

၁၂။ အလှကုန်ပစ္စည်းများကို ပြည်ပမှတင်သွင်းခြင်း၊ ပြည်တွင်း၌ ဖြန့်ဖြူးရောင်းချခြင်း သို့မဟုတ် ပြည်တွင်း၌ ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်သူသည် အလှကုန်ပစ္စည်း မှတ်တမ်းတင် လက်မှတ် သို့မဟုတ် ထုတ်လုပ်သူ လက်မှတ်ကို သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းက တောင်းခံစိစစ်လျှင် တင်ပြရမည်။

## အခန်း (၈)
## အညွှန်းအမှတ်အသားဖော်ပြခြင်း

၁၃။ အလှကုန်ပစ္စည်းထုတ်လုပ်သူ သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းသူသည် အလှကုန်ပစ္စည်း၏ အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို သိသာထင်ရှားစွာ ဖော်ပြရမည်–

(က) တံဆိပ်အမှတ်အသား၊

(ခ) ကုန်ပစ္စည်းအမျိုးအမည်၊

(ဂ) ပါဝင်ပစ္စည်းစာရင်းအပြည့်အစုံ၊

(ဃ) ပါဝင်ပစ္စည်းများ၏ စုစုပေါင်းအသားတင်အလေးချိန် သို့မဟုတ် ထုထည်၊

(င) ထုတ်လုပ်သည့် ကုမ္ပဏီအမည်နှင့်နိုင်ငံ၊

(စ) ထုတ်လုပ်မှု အပတ်စဉ်နံပါတ်၊

(ဆ) ထုတ်လုပ်သည့်ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့်ရက်စွဲ၊

(ဇ) သုံးစွဲပုံနည်းလမ်း၊

(ဈ) သုံးစွဲရာတွင် အထူးသတိပြုရမည့် အချက်များနှင့် ရှောင်ရန် အခြေအနေများ၊

(ည) သိုလှောင်ထိန်းသိမ်းရမည့်အခြေအနေ၊

(ဋ) ပြည်ပမှတင်သွင်းသော အလှကုန်ပစ္စည်းဖြစ်လျှင် ပြည်တွင်း၌ ပင်မဖြန့်ဖြူးသည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအမည်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊

(ဌ) အလှကုန်ပစ္စည်းမှတ်တမ်းတင်အမှတ်။

၁၄။ ပုဒ်မ ၁၃ အရ အညွှန်းအမှတ်အသားဖော်ပြရာတွင် ပြည်တွင်း၌ ဖြန့်ဖြူးရောင်းချမည့်ပစ္စည်းများအတွက် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အင်္ဂလိပ်နှစ်ဘာသာဖြင့်ဖြစ်စေ ရှင်းလင်းစွာ ဖော်ပြရမည်။ သို့ရာတွင် ပုဒ်မခွဲ (က)၊ (ဂ)၊ (င)၊ (စ)၊ (ဆ) နှင့် (ဌ) တို့ကို အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြနိုင်သည်။

## အခန်း (၉)
## ကြော်ငြာခြင်း

၁၅။ အလှကုန်ပစ္စည်းတစ်ခု၏ ကောင်းကျိုးကိုဖော်ပြသည့် ကြော်ငြာများသည် လက်တွေ့သုံးစွဲမှု အရလည်းကောင်း၊ သိပ္ပံနည်းကျ စမ်းသပ်တွေ့ရှိချက်အရလည်းကောင်း၊ ထုတ်လုပ်ပုံနှင့် ပါဝင်ပစ္စည်းများ၏ အစွမ်းသတ္တိအရလည်းကောင်း မှန်ကန်ကြောင်း ခိုင်လုံသော အထောက်အထားများအပေါ် အခြေခံ၍ ဖော်ပြခြင်းဖြစ်ရမည်။

## အခန်း (၁၀)
## ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းနှင့် ပြင်းထန်သောဆိုးကျိုးဖြစ်ရပ် ပေါ်ပေါက်မှုကို သတင်းပေးပို့ခြင်း

၁၆။ ဦးစီးဌာနသည် အလှကုန်ပစ္စည်း၏ ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ မရှိနှင့် စပ်လျဉ်း၍ ပုံမှန်ဈေးကွက် စောင့်ကြည့်စစ်ဆေးခြင်းအပြင် သံသယဖြစ်ဖွယ် တွေ့ရှိပါက ထုတ်လုပ်သည့်နေရာ၊ သိုလှောင်ရုံ သို့မဟုတ် ဝန်ဆောင်မှု ပေးသောနေရာရှိ အလှကုန်ပစ္စည်းကိုဖြစ်စေ၊ ဈေးကွက်အတွင်းရှိ အလှကုန်ပစ္စည်းကိုဖြစ်စေ ရှောင်တခင်စစ်ဆေးနိုင်ရန် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းထားသောအဖွဲ့အား တာဝန်ပေး ဆောင်ရွက်စေနိုင်သည်။

၁၇။ ဈေးကွက်အတွင်းရှိ အလှကုန်ပစ္စည်းကို သုံးစွဲရန် အညွှန်းအတိုင်း မှန်ကန်စွာအသုံးပြုသော်လည်း သုံးစွဲသူတွင် ပြင်းထန်သောဆိုးကျိုး ဖြစ်ရပ် ပေါ်ပေါက်ကြောင်း စိစစ်တွေ့ရှိရလျှင် သို့မဟုတ် ပြန်လည် စစ်ဆေးချက်များ အရ အရည်အသွေးသတ်မှတ်ချက် မကိုက်ညီကြောင်း စိစစ်တွေ့ရှိရလျှင် ဦးစီးဌာနသည် ယင်းအလှကုန်ပစ္စည်းကို ဈေးကွက်မှ သိမ်းဆည်းဖျက်ဆီးရန် ညွှန်ကြားရမည်။ ယင်း အလှကုန်ပစ္စည်းနှင့် စပ်လျဉ်း၍ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းတို့ကိုလည်း တားမြစ်ပိတ်ပင်ရမည်။

၁၈။ ဦးစီးဌာနသည် ပုဒ်မ ၁၆ နှင့် ၁၇ ပါ လုပ်ငန်းတို့ကို ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အကူအညီကို ရယူနိုင်သည်။

၁၉။ ထုတ်လုပ်သူလက်မှတ်ရရှိသူ သို့မဟုတ် မှတ်တမ်းတင်လက်မှတ် ရရှိသူသည် ဦးစီးဌာန၏ ညွှန်ကြားချက်အရ မိမိ၏ အလှကုန်ပစ္စည်းကို ဈေးကွက်မှပြန်လည်သိမ်းဆည်းရာတွင် ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို တိကျစွာလိုက်နာ ဆောင်ရွက်ရမည်။

၂၀။ ထုတ်လုပ်သူလက်မှတ်ရရှိသူ၊ မှတ်တမ်းတင်လက်မှတ်ရရှိသူတို့သည် မိမိထုတ်လုပ်သော၊ မှတ်တမ်းတင်ထားသော အလှကုန်ပစ္စည်းများနှင့် စပ်လျဉ်း၍ အောက်ပါအခြေအနေတစ်ရပ်ရပ်ကို သိရှိပါက ဦးစီးဌာနသို့ သတင်းပေးပို့ တိုင်ကြားရမည် –

(က) ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် ကျန်းမာရေးတို့ကို ထိခိုက်စေခြင်း၊

(ခ) ပြင်းထန်သောဆိုးကျိုးဖြစ်ရပ် ပေါ်ပေါက်နိုင်စေခြင်း။

၂၁။ အလှကုန်ပစ္စည်းသုံးစွဲသူ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် အလှကုန်ပစ္စည်းနှင့်စပ်လျဉ်း၍ ဆိုးကျိုးဖြစ်ရပ် တစ်စုံတစ်ရာတွေ့ကြုံပါက ဦးစီးဌာနသို့ သတင်းပေးပို့နိုင်သည်။

၂၂။ ဦးစီးဌာနသည် သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်းနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို အများပြည်သူသိရှိရန် နိုင်ငံပိုင်နှင့် အခြား လူထုဆက်သွယ်ရေး သတင်းမီဒီယာများအသုံးပြု၍ အချိန်နှင့် တစ်ပြေးညီ ကြေညာရမည်။

## အခန်း(၁၁)
## ထုတ်လုပ်သူလက်မှတ်ရရှိသူ သို့မဟုတ် မှတ်တမ်းတင်လက်မှတ်ရရှိသူတို့၏တာဝန်များ

၂၃။ ထုတ်လုပ်သူလက်မှတ်ရရှိသူ သို့မဟုတ် မှတ်တမ်းတင်လက်မှတ် ရရှိသူသည်–

(က) ဘေးအန္တရာယ်ကင်းရှင်း၍ အရည်အသွေးစစ်မှန်ကောင်းမွန်သည့် အလှကုန်ပစ္စည်းများကိုသာ ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ဖြူးခြင်းပြုရမည်။ ယင်းသို့ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ဖြူးခြင်းပြုလုပ်ရာတွင် ပုဒ်မ ၁၃ ပါ အညွှန်းအမှတ်အသားများကို ပြည့်စုံစွာ ဖော်ပြပါရှိစေရမည်၊

(ခ) မိမိ၏အလှကုန်ပစ္စည်းကို အရည်အသွေး သတ်မှတ်ချက်နှင့် စပ်လျဉ်း၍ အရည်အသွေးသတ်မှတ်ချက်များနှင့် လည်းကောင်း၊ ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံး လုပ်နည်းများနှင့်လည်းကောင်း ကိုက်ညီမှုရှိကြောင်း အာမခံရမည်၊

(ဂ) မိမိအလှကုန်ပစ္စည်း၏ ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် အရည်အသွေးကိုက်ညီမှုရှိကြောင်း ခိုင်လုံသော အထောက်အထားများ ပါဝင်သည့် ကုန်ပစ္စည်း သတင်းအချက်အလက် စာတွဲကို စနစ်တကျပြုစုထားရှိပြီး ဦးစီးဌာနက စစ်ဆေးသည့်အခါ ချက်ချင်း တင်ပြရမည်၊

*(ဆက်လက်ဖော်ပြပါမည်)*

# ရတနာပုံခေတ် စက်ရုံများ၏ နိဂုံး

*သိပ္ပံစာရေးဆရာ ကိုကိုအောင်*

**" ရတနာပုံခေတ်တွင် နိုင်ငံတော်ခေတ်မီတိုးတက်ရေးအတွက် စက်ရုံများ စတင်တည်ထောင်ခြင်းကို ထိုစဉ်က ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် နှိုင်းယှဉ်လျှင်ပင် ခေတ်နောက်ကျနေသည်ဟု မဆိုနိုင်ပေ။ မြန်မာနိုင်ငံက ပညာတော်သင်များကို နိုင်ငံခြားသို့ စေလွှတ်ခဲ့ချိန်က ထိုင်းနိုင်ငံကလည်း အနောက်နိုင်ငံများသို့ ပညာတော်သင်များကို စေလွှတ်နေပြီဖြစ်သည်။ ဂျပန်နိုင်ငံ၏ မီဂျီပြုပြင်ပြောင်းလဲရေးသည်ပင်လျှင် ရတနာပုံခေတ်ထက် အနည်းငယ်မျှ နောက်ကျခဲ့သေးသည်"**

## မြန်မာ့ဘွိုင်လာစက်ရုံ

ရတနာပုံစက်ရုံများ တည်ထောင်သောခေတ်သည် ရေနွေးငွေ့အားကိုအသုံးပြုသော စက်မှုခေတ်ဖြစ်သည်။ စက်ကြီး၊ စက်ငယ်အမျိုးမျိုးတို့ကို ရေနွေးငွေ့အားဖြင့် ခုတ်မောင်းလည်ပတ်စေသဖြင့် ရေနွေးအိုး၊ ဘွိုင်လာအိုးတို့မှာ စက်ရုံတိုင်းတွင် အရေးကြီးသော အစိတ်အပိုင်းကြီးများ ဖြစ်ကြသည်။ သီပေါမင်းပါတော်မူပြီးနောက် စက်ရုံများရှိ စက်နှင့်စက်ပစ္စည်းကိရိယာများကို ဗြိတိသျှတို့က စာရင်းကောက်ယူခဲ့သည်။ ထိုစာရင်းများထဲတွင် တပ်ဆင်ပြီးသော ဘွိုင်လာကြီးငယ်အမျိုးမျိုး၊ မတပ်ဆင်ရသေးသော ဘွိုင်လာကြီးငယ်များ၊ ဘွိုင်လာအိုး တည်ဆောက်ရန် သံပြားအထူအပါး အရွယ်အစားအမျိုးမျိုးတို့ကို အများအပြား တွေ့ရှိခဲ့သည်။

ထို့ပြင် မြို့အနောက်မျက်နှာ လွှစက်ရုံအနီး၌ တည်ထားသော သံရည်ကျို စက်ရုံတွင် စက်ရုံပေါင်း ငါးရုံရှိသည့်အနက်တစ်ရုံက ဘွိုင်လာထုတ်လုပ်သော စက်ရုံဖြစ်သည်။ ထိုစက်ရုံတွင် စက်ပစ္စည်းကိရိယာအမျိုးမျိုးနှင့် ဘွိုင်လာကြီးငယ်များ၊ မီးခံအုတ်တို့ဖြင့် ဆောက်လုပ်ထားသော ပန်းပဲဖို လေးခု စသည်တို့ ရှိခဲ့သည်။ စက်ရုံသုံးဘွိုင်လာများကို မြန်မာတို့ကိုယ်တိုင် ထုတ်လုပ်နိုင်ခဲ့သည်ဟု ယူဆရသည်။ မြန်မာပညာတော်သင်အချို့ နေပြည်တော်သို့ ပြန်လည်ရောက်ရှိသောအခါ စက်ရုံများ၌ လက်တွေ့ ဝင်ရောက်ကာ အမှုထမ်းခဲ့ကြသကဲ့သို့ မိမိတို့ တတ်မြောက်လာခဲ့ကြသော နည်းနာနိဿယများ၊ သီအိုရီများနှင့် ဖော်မြူလာများကိုလည်း မြန်မာဘာသာသို့ ပြန်ဆိုမှတ်တမ်းတင် ခဲ့ကြသည်။ ထိုကဲ့သို့ မှတ်တမ်းတင်ခဲ့မှုများထဲတွင် ဘွိုင်လာအိုးလုပ်နည်း သံပေါက်လက်ာသည်လည်း တစ်ခုအပါအဝင်ဖြစ်ခဲ့သည်။

ဘွိုင်လာအိုးလုပ်နည်း သံပေါက်လက်ာကို ၁၈၅၉ ခုနှစ်က ပြုစုခဲ့သော်လည်း ပြုစုသူပညာရှင်ကို အတိအကျ မသိခဲ့ရပေ။ မီးသင်္ဘောစက်လုပ်နည်း သံပေါက်ဟူသော ခေါင်းစဉ်ဖြင့် မြန်မာဘာသာသို့ ပြန်ဆိုရေးသားထားချက်တွင် တောင်တာချိန်ဝန်တွက်နည်း၊ မြင်းကောင်ရေအားတွက်နည်း။ ဘုံပါ (ဘွိုင်လာ) ထိပ်ဝတွက်နည်း၊ ရေနွေးအိုး မီးနာကွက် တွက်နည်း၊ ရေနွေးအိုး အခိုးနေတွက်နည်း၊ ရေနွေးအိုး မီးဖိုတွက်နည်း၊ အခိုးချောင်းဝ(ခေါင်းတိုင်) တွက်နည်း၊ ရေချောင်းအချင်း တွက်နည်း၊ ကောက် (ပိုက်ကောက်) ထိပ်အချင်းတွက်နည်း။ ဘုံပါကျပ်ထု တွက်နည်း၊ ဘုံပါတန်အချင်းတွက်နည်း၊ နှာတန် ပေါက်ကွက်တွက်နည်းတို့ ပါဝင်ခဲ့သည်။

တောင်တာချိန်ဝန်တွက်နည်းတွင် အင်္ဂလိပ်အတိုင်းအတာ အလေးချိန်များကို မြန်မာအသုံးနှင့် ယှဉ်တွဲ ဖော်ပြထားသည်။ မြင်းတစ်စီးအားသည် အင်္ဂလိပ်တို့၏ အလေးချိန်အားဖြင့် ၂၈၉ ပေါင်၊ မြန်မာအလေးချိန် ပိဿာ ၈၀ နှင့် ၉၂ ကျပ်သားရှိကြောင်း၊ အင်္ဂလိပ်အလေးချိန် တစ်ပေါင်သည် မြန်မာအလေးချိန် ၂၈ ကျပ်သားနှင့် ညီမျှကြောင်း၊ တစ်ပေသည် ၁၂ လက်မရှိ၍ မြန်မာ ၂ မိုက်နှင့် ညီမျှကြောင်း၊ ဘုံပါအိုး(ဘွိုင်လာ)များကို ထိုအတိုင်းတွက်ချက်ကာ တိုင်းတာရမည် ဖြစ်ကြောင်း ဖော်ပြထားသည်။ မြန်မာတို့သည် ၁၈၅၉ ခုနှစ်ကတည်းကပင် ဘွိုင်လာအိုးလုပ်နည်းကို သိခဲ့ကြပြီး အိုးအရွယ်အစား ပမာဏနှင့် စွမ်းအားကို တွက်ချက်တတ်ကြပြီဖြစ်သည်။ ထို့ကြောင့်ပင် ရတနာပုံစက်ရုံများတွင် အသုံးပြုသော ဘွိုင်လာကြီးငယ်များကို ဝန်နှင့် အားမျှတအောင် လုပ်ဆောင်တပ်ဆင်နိုင်ခဲ့ကြသည်ဟု ဆိုနိုင်ပေသည်။

## အဖျက်အမှောင့်ကြားမှ ရတနာပုံစက်မှုလက်မှုခေတ်

နိုင်ငံတော် ခေတ်မီတိုးတက်ရေးကို ရှေးရှု၍ ရတနာပုံ နေပြည်တော်တွင် စက်ရုံများကို တည်ထောင်ရာ၌ အခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင်ခဲ့ရသည်။ သမားရိုးကျမဟုတ်ဘဲ ရှေးရိုးစဉ်လာမှခွဲထွက်ကာ တီထွင်လုပ်ကိုင်ရသော လုပ်ငန်းဖြစ်သည့်အားလျော်စွာ လုပ်ငန်းမကျွမ်းကျင်မှုကြောင့် နှောင့်နှေးမှု၊ ဆုံးရှုံးမှု၊ ပျက်စီးမှုနှင့် မအောင်မြင်မှုများ ရှိခဲ့သည်။ နိုင်ငံခြားသား အတတ်ပညာရှင်များကို ခေါ်ယူ၍ အမှုထမ်းစေခဲ့ရာ၌လည်း ပြဿနာအမျိုးမျိုးနှင့် ကြုံခဲ့ရသည်။ နိုင်ငံခြားကုမ္ပဏီတချို့နှင့် အဝယ်တော်နိုင်ငံခြားသား ကုန်သည်ပွဲစားများ၏ မရိုးသားမှု၊ ကတိပျက်ကွက်မှုများကြောင့်လည်း လုပ်ငန်းမတွင်ဘဲ နှောင့်နှေးခဲ့ရသည်။ အဆိုးဆုံးမှာ ဗြိတိသျှအစိုးရ၏ တိုက်ရိုက်တစ်မျိုး၊ သွယ်ဝိုက်၍တစ်ဖုံ နှောင့်ယှက်ဖျက်ဆီးမှုများ ရှိခဲ့ခြင်းပင်ဖြစ်သည်။

ဗြိတိသျှအစိုးရသည် အထက်မြန်မာနိုင်ငံကို မိမိတို့၏ ကိုယ်ပိုင်ဈေးကွက်သဖွယ် သဘောထားကာ အထက် မြန်မာနိုင်ငံမှ ရေနံ၊ ကျွန်းသစ်၊ ဝါဂွမ်း၊ တွင်းထွက်ပစ္စည်းများ စသည်တို့ကို ဗြိတိသျှအောက်မြန်မာပြည်ရှိ ကုန်သည်ကြီးများက အတားအဆီးမရှိ လွတ်လပ်လွယ်ကူစွာ ဝယ်ယူနိုင်စေရန်နှင့် ပြည်ပမှ ကုန်ချောများကို စိတ်တိုင်းကျ တင်ပို့ရောင်းချစေနိုင်ရန်အစဉ်သဖြင့် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ သည်။ လက်နက်စက်ရုံများ တည်ဆောက်သည်ကို နိုင်ငံရေးအရ မလိုလားသကဲ့သို့ ရက်ကန်းစက်၊ ဆန်စက်၊ သကြားစက်၊ မဲနယ်စက် စသည်တို့ တည်ထောင်သည်ကိုလည်း စီးပွားရေးအရ မလိုလားခဲ့ပေ။ မြန်မာဘုရင်များကလည်း စက်ရုံများကို တည်ထောင်ရာ၌ ဗြိတိသျှအစိုးရကိုပင် အားကိုးအားထားပြုကာ အကူအညီတောင်းခံခဲ့ရသည်။ စက်ပစ္စည်းများ ဝယ်ယူရာ၌လည်းကောင်း၊ ပညာရှင်များနှင့် အကြံညာဏ်များကို ရယူရန်အတွက်လည်းကောင်း ဗြိတိသျှအစိုးရကိုပင် ချဉ်းကပ်ခဲ့ရသည်။ ဗြိတိသျှအစိုးရကမူ နေပြည်တော်စက်ရုံများ၌ အမှုထမ်းသူများကို အထောက်တော်အဖြစ် အသုံးချကာ စက်ရုံများနှင့် စက်မှုလုပ်ငန်းများ၏ သတင်းကို ထောက်လှမ်းရယူခဲ့သည်။ သင်္ဘောများ တည်ဆောက်ရေးနှင့် စပ်လျဉ်း၍ နီကိုလပ်(စ်) က အမြဲသတင်းပို့ရသလို နေပြည်တော်ရှိ ဗြိတိသျှသံကိုယ်စားလှယ်ကလည်း စက်ရုံ အလုပ်ရုံများသို့ သွားရောက်ကြည့်ရှုလေ့လာပြီး အခြေအနေကို ဗြိတိသျှအစိုးရထံ အစီရင်ခံခဲ့ရသည်။

ထို့ပြင် မြန်မာဘုရင်နှင့်ဆက်သွယ်ကာ လက်နက်များ၊ လက်နက်လုပ်သော စက်ကိရိယာများ၊ သင်္ဘောများ ဝယ်ယူ တင်သွင်းမည်ဟု စာချုပ် ချုပ်ဆိုသော ကုမ္ပဏီများအပေါ်တွင် ဗြိတိသျှပိုင် အောက်မြန်မာနိုင်ငံ၏ မဟာဝန်ရှင်တော်မင်းကြီးက အရှိန်အဝါသုံးကာ ဟန့်တားမှုများကို ပြုလုပ်ခဲ့သည်။ မန္တလေးမြို့ရှိ ဆပ်သာလင်ကုမ္ပဏီက တိုက်သင်္ဘော ဝယ်ယူတင်သွင်းပေးမည်ဟု မြန်မာဘုရင်နှင့် စာချုပ်ချုပ်ဆိုသည့်အခါ မဟာဝန်ရှင်တော်မင်းကြီးက ထိုတိုက်သင်္ဘောကို ဗြိတိသျှပိုင် အောက်မြန်မာနိုင်ငံကို ဖြတ်ကျော်ပြီး ဧရာဝတီမြစ်ကို ဆန်တက်ခွင့်ပြုမည် မဟုတ်ကြောင်း ဆပ်သာလင်ကုမ္ပဏီသို့ နှုတ်မိန့်ဖြင့်ပင် တင်းတင်းကျပ်ကျပ် သတိပေးလိုက်သဖြင့် လုပ်ငန်းပျက်သွားခဲ့ရတော့သည်။ လုပ်ငန်းကျွမ်းကျင်သူ အင်္ဂလိပ်လူမျိုး ပညာရှင်များကိုလည်း ဘုရင်မကြီး၏ ခွင့်ပြုချက်မရဘဲ မည်သည့်နိုင်ငံ၊ ဘုရင်၊ မင်းသား စသည် တို့ထံတွင်မျှ အမှုထမ်းခွင့်မရှိဟု ပိတ်ပင်တားမြစ်ခဲ့သည်။ ဗြိတိသျှ အစိုးရသည် အပြင်ပန်းအားဖြင့် မစွက်ဖက်ရေးဝါဒကို လက်ကိုင်ပြု၍ မကူမညီလျစ်လျူရှုသည့်ဟန်ရှိသော်လည်း အတွင်းကျကျအားဖြင့်မူ နည်းအမျိုးမျိုးဖြင့် နှောင့်ယှက်ဖျက်ဆီးခဲ့သည်။

အထက်မြန်မာနိုင်ငံကို ဗြိတိသျှတို့က သိမ်းပိုက်လိုက်ပြီးသည့် နောက်ပိုင်းတွင် ရတနာပုံစက်ရုံများမှာ သံတို သံစအဖြစ်ဖြင့် ဇာတ်သိမ်းသွားခဲ့ကြရလေတော့သည်။ ဗြိတိသျှအစိုးရက စက်ရုံအသီးသီးရှိ စက်နှင့်စက်ပစ္စည်းကိရိယာများကို စာရင်းကောက်ယူကာ အဖိုးနှုန်းချိုသာစွာဖြင့် ရောင်းချရန် ကြော်ငြာခဲ့ပြီး တချို့ကိုမူ အသုံးပြုလိုသူတို့အား ငှားရမ်းခဲ့သည်။ မြောက်ပြင်အမရ စံခေါင်ရပ်ရှိ အမြောက်သေနတ်စက်ရုံနှင့် စက်ပစ္စည်းကိရိယာများကို ဗြိတိသျှအစိုးရက ပေါင်စတာလင် ၉၁၄ ပေါင် (ကျပ် ၁၂၁၈၆) ဖြင့် တန်ဖိုးဖြတ်ခဲ့သည်။ သေနတ်စက်ရုံမှ စက်နှင့် စက်ပစ္စည်းများကိုမူ ပေါင်စတာလင် ၈၂၉ ပေါင် (ကျပ် ၁၁၀၅၃)ဖြင့် တန်ဖိုးဖြတ်ခဲ့သည်။

နောက်ပိုင်းတွင် အမြောက်သေနတ်စက်ရုံကို ဇာစ်ချက်ရုံအဖြစ် အသုံးပြုရန် ၁၈၈၆ ခုနှစ် စက်တင်ဘာလက ဆင်းမလားမြို့မှ ဇာစ်ချက်စက်ရုံပိုင်ရှင် မစ္စတာ အီ၊ ဂျေ၊ အာရ်၊ဒိုင်ယာသို့ အနှစ် ၂၀ စာချုပ်ပြုလုပ်ကာ ငှားရမ်းလိုက်သည်။ ထိုစဉ်က အထက်မြန်မာနိုင်ငံကို သိမ်းပိုက်ထားသော ဗြိတိသျှတပ်များအတွက် အရက်ချက်လုပ် ဖြန့်ဖြူးရန် လိုအပ်နေချိန်လည်း ဖြစ်သည်။ ဒိုင်ယာကုမ္ပဏီသည် အမြောက်စက်ရုံရှိ စက်များနှင့်စက်ပစ္စည်းကိရိယာများကို လိုအပ်သလိုပြုပြင်၍ အရက်ချက်စက်ရုံအဖြစ်သို့ ပြောင်းလဲခဲ့ရာ ထိုမှစ၍ ယနေ့ထိတိုင် ဇာစ်ချက်စက်ရုံအဖြစ် တည်ရှိနေဆဲဖြစ်သည်။

ရတနာပုံသင်္ဘောစက်ရုံနှင့် ဆိပ်ကမ်းရှိသင်္ဘောများကို ဧရာဝတီ ဖလိုတီလာ ကုမ္ပဏီက အဖိုးနှုန်းချိုသာစွာဖြင့် ဝယ်ယူလိုက်သည်။ မြေနှင့် အဆောက်အအုံများကိုမူ အစိုးရက ဧရာဝတီ ဖလိုတီလာကုမ္ပဏီသို့ သီးသန့် အငှား ချထားခဲ့သည်။ လွှစက်ရုံသည်လည်း ဒါဝတ်နှင့်မက္ကရေးဂါးတို့လက်သို့ ရောက်ရှိသွားကာ လွှစက်အဖြစ် ဆက်လက်လည်ပတ်ခဲ့သည်။ လွှစက်အနီးရှိ သံစက်ရုံတွင် ပန်းပဲစက်၊ သံရည်ကျိုစက်၊ သတ္တုသွန်းစက်၊ ဘွိုင်လာအိုးလုပ်စက်များ၊ မတပ်မဆင်ရသေးသော စက်ပစ္စည်းကိရိယာများ၊ အာရှ၌အကြီးဆုံးဖြစ်နိုင်သည်ဟုဆိုသော Glen and Ross of Glasgow မှ ထုတ်လုပ်သည့် တန် ၆၀ တူစက်ကြီး၊ အလေးချိန်တန် ၁၅၀ ကို အမြင့်ပေ ၆၀ အထိ မနိုင်ယူနိုင်သော ဝန်ချီစက်၊ ၈ ပေမှ ပေ ၂၀ အထိ အရှည်ရှိသော တွင်ခုံအမျိုးမျိုး၊ ၁၆ ပေရှည်သော သံရွှေပေါ်ထိုးစက်၊ သံနံရံကို မီးခံအုတ်နှင့်တွဲ၍ ပြုလုပ်ထားသော (၁၅ x ၆ x ၃)ပေ အရွယ်သတ္တုအရည်ကျိုမီးဖိုကြီးများ၊ သံဖောက်စက် အရွယ်အစားအမျိုးမျိုး၊ မူလီ၊ ဇာဝီနှင့် သံမှိုအမျိုးမျိုးပြုလုပ်သည့် စက်များ၊ ဘွိုင်လာအိုးကြီးငယ်များ၊ ပေါင်းခံအိုးများ စသည်ဖြင့်ပစ္စည်းအမျိုးအမည် ၅၀ ကျော်ရှိပြီး အသုံးမပြုရသေးသော ပစ္စည်းအသစ်များလည်း ပါဝင်ခဲ့သည်။ ယင်းတို့ကို မူလတန်ဖိုး၏ ခြောက်ပုံတစ်ပုံမျှဖြင့် တွက်လျှင်ပင် ပေါင်စတာလင် ၁၆၃၈ ပေါင် (ကျပ် ၂၁၈၄၀)ဖိုးရှိသည်။ ထိုပစ္စည်းများကို ရောင်းချနိုင်ရန်အတွက် အိန္ဒိယသို့ပင် ကြော်ငြာကမ်းခဲ့ရာ နောက်ဆုံးတွင် ရိုင်းမဟာဒူးကငှားရမ်းပြီး ဂျုံကြိတ်စက်ကို တည်ထောင်ခဲ့သည်။

စစ်ကိုင်းရွှေတောင်ဦးမော်အရပ်ရှိ သံရည်ကျိုစက်ကြီးတွင်လည်း ခြောက်သိန်းကျော်ဖိုးမျှမက တန်ဖိုးရှိသော စက်များနှင့် စက်ကိရိယာများကို ဝယ်ယူ တပ်ဆင်ခဲ့သော်လည်း တစ်စုံတစ်ရာ ထုတ်လုပ်နိုင်ခဲ့ခြင်းမရှိဘဲ အလဟဿ ဖြစ်သွားခဲ့ရသည်။ ထိုစက်ပစ္စည်း ကိရိယာများကို ဗြိတိသျှအစိုးရက ပေါင်စတာလင် ၂၆၄၃ (ကျပ် ၃၅၂၄၀)မျှဖြင့် ရောင်းချရန်သတ်မှတ်ခဲ့ရာ သံတိုသံစဖိုးမျှသာလျှင် ရှိခဲ့သည်။ နောက်ဆုံးတွင် မည်ကဲ့သို့ ထုခွဲရောင်းချလိုက်သည်ကို မသိရသော်လည်း စက်ရုံကြီး၏ တစ်စိတ်တစ်ပိုင်းဖြစ်သည့် မြင့်မားလှသော ခေါင်းတိုင်ကြီးနှင့် စက်ထိုင်ရာနေရာများ၊ အုတ်ဖောင်ဒေးရှင်းများမှာ ကာလကြာရှည်စွာ တည်ရှိနေခဲ့သည်။

ရတနာပုံစက်ရုံများကို ၁၈၅၈-၅၉ ခုနှစ်ခန့်မှစ၍ စီစဉ်စိုင်းပြင်းကာ ၁၈၇၅ ခုနှစ်မတိုင်မီ တည်ဆောက်ခဲ့သည်ဟု ခန့်မှန်းရသည်။ နိုင်ငံတော်၏ အချုပ်အခြာ အာဏာတည်မြဲရေးကိုရှေးရှု၍ ခေတ်မီနိုင်ငံအဖြစ် တိုးတက်ပြောင်းလဲရန်အတွက် ရည်ရွယ်တည်ဆောက်ခဲ့သော စက်ရုံများထဲတွင် စစ်ရေးဆိုင်ရာ လက်နက်စက်ရုံများ၊ စားရေးဆိုင်ရာ ဆန်စက်၊သကြားစက်၊ ဝတ်ရေးဆိုင်ရာ ရက်ကန်းစက်၊မဲနယ်စက်၊ သုံးကုန်ဆိုင်ရာ လွှစက်၊ရေနံချက်စက်၊ ဖန်ချက်စက်၊ ဒင်္ဂါးစက်၊ သင်္ဘောစက်စသည်တို့ ပါဝင်ခဲ့သည်။ ဒင်္ဂါးစက်သည် ဗြိတိသျှပိုင် အောက်မြန်မာနိုင်ငံနှင့်ကူးသန်းရောင်းဝယ်ရေးကို လွယ်ကူတိုးတက်စေခဲ့သည်။ သင်္ဘောစက်ရုံက စက်အားသုံးသင်္ဘောများနှင့် သမားရိုးကျကူးသန်းသွားလာရေးသင်္ဘောများကို ထုတ်လုပ်နိုင်ခဲ့သည်။ မဲနယ်စက်ရုံများကလည်း စီးပွားရေးလုပ်ငန်းကောင်းတစ်ခုကို ဖြစ်ထွန်းစေခဲ့သည်။

စက်ရုံများကို အိမ်ရှေ့စံ ကနောင်မင်းသားက စတင်ကြိုးပမ်းထူထောင်ခဲ့ရာ မင်းသားကြီး နတ်ရွာစံပြီးနောက် လုပ်ငန်းကျဆင်းသွားသည်ဟု မှတ်ထင်ယူဆခဲ့ကြသော်လည်း စင်စစ်အားဖြင့် ထိုကဲ့သို့မဟုတ်ပေ။ အချို့စက်ရုံများ ဆိုလျှင် ၁၈၇၄-၇၅ ခုနှစ်ခန့်တွင်မှ စတင်တည်ထောင်ခဲ့သော စက်ရုံများ ဖြစ်ကြသည်။ အစောပိုင်းက တည်ထောင်ထားသော စက်ရုံများသည်လည်း မြန်မာပညာတော်သင်များ နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာပြီးသည့် နောက်ပိုင်း ၁၈၆၈ မှ ၁၈၇၄ ခုနှစ်များအတွင်း၌ ထုတ်လုပ်မှုစွမ်းအားကောင်းကာ အောင်မြင်ခဲ့သည်။

စက်ရုံများတည်ထောင်ခြင်းသည် အရင်းရှင်စနစ်သို့ ကူးပြောင်းမည့် သွင်ပြင်လက္ခဏာတစ်ရပ် ဖြစ်သည်။ မြန်မာဘုရင်သည် စက်ရုံများကို တည်ထောင်ရာ၌ အနီးကပ်ဆုံး၌ရှိနေသော အောက်မြန်မာနိုင်ငံရှိ ဗြိတိသျှအစိုးရကို စံမီး၍နည်းယူခဲ့ရသော်လည်း ဗြိတိသျှအစိုးရ၏ နိုင်ငံရေးနှင့်စီးပွားရေး ထိုးနှက်ချက်များကို တွန်းလှန်ခုခံနိုင်ရန် ရည်သန်ခဲ့သည်။ လက်တွေ့၌မူ မြန်မာဘုရင်က သာလျှင် ငွေပင်ငွေရင်း စိုက်ထုတ်လုပ်ဆောင်သူ ဖြစ်သောကြောင့် စက်မှုလုပ်ငန်းများသည် ဘုရင့်စက်မှုလက်မှု လုပ်ငန်းများနှင့် ဘုရင့်စက်ရုံများသာလျှင် ဖြစ်နေခဲ့သည်။ အရင်းရှင်စီးပွားရေးစနစ်၏ လမ်းကြောင်းပေါ်သို့ တည့်တည့်မတ်မတ်မရောက်ဘဲ ပဒေသရာဇ်ခေတ်လယ် စီးပွားရေးစနစ်က များစွာလွှမ်းမိုးနေသေးသည့် အစိုးရအရင်းရှင်စနစ် (State Capitalism) အသွင်မျှသာ ဖြစ်နေခဲ့သည်။ ထို့ကြောင့်ပင် ရက်ကန်းစက်၊ သကြားစက်၊ ဖန်ချက်စက်၊ မဲနယ်စက်၊ လွှစက်၊ ဆန်စက်တို့သည် ဘုရင်အလိုရှိရာကိုသာ ထုတ်လုပ်ပေးခဲ့ရသော စက်ရုံများဖြစ်နေခဲ့သည်။ စီးပွားရေးလုပ်ငန်းအဖြစ်သို့ မရောက်ရှိခဲ့သဖြင့် ပြည်သူတို့၏ စားဝတ်နေရေးဆိုင်ရာ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရမည့် ကုန်ထုတ်လုပ်မှုစနစ်နှင့် ပြဒါးတစ်လမ်း၊ သံတစ်လမ်းအနေအထားမျိုး ရှိနေခဲ့သည်။ ပြည်သူတို့၏ဘဝကို မည်သို့မျှပြောင်းလဲစေခြင်း မရှိခဲ့သည့်အပြင် ပြည်ပမှတိုးဝင်လာသော ကုန်ချောများနှင့် ယှဉ်ပြိုင် အန်တုနိုင်ခြင်းလည်း မရှိခဲ့သဖြင့် ဗြိတိသျှတို့၏ နိုင်ငံရေးထိုးနှက်ချက်ကိုသာမက စီးပွားရေးထိုးနှက်ချက်ကိုလည်း ခံခဲ့ရပေသည်။

ရတနာပုံခေတ်တွင် နိုင်ငံတော် ခေတ်မီတိုးတက်ရေးအတွက် စက်ရုံများ စတင်တည်ထောင်ခြင်းကို ထိုစဉ်က ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် နှိုင်းယှဉ်လျှင်ပင် ခေတ်နောက်ကျနေသည်ဟု မဆိုနိုင်ပေ။ မြန်မာနိုင်ငံက ပညာတော်သင်များကို နိုင်ငံခြားသို့ စေလွှတ်ခဲ့ချိန်က ထိုင်းနိုင်ငံကလည်း အနောက်နိုင်ငံများသို့ ပညာတော်သင်များကို စေလွှတ်နေပြီဖြစ်သည်။ ဂျပန် နိုင်ငံ၏ မီဂျီပြုပြင်ပြောင်းလဲရေးသည်ပင်လျှင် ရတနာပုံခေတ်ထက် အနည်းငယ်မျှ နောက်ကျခဲ့သေးသည်။ သို့ရာတွင် ဂျပန်နှင့် ထိုင်းနိုင်ငံတို့အတွက် နယ်ချဲ့ရန်က မြန်မာနိုင်ငံမှာကဲ့သို့ နယ်စပ်ချင်းထိစပ်နေသည်အထိ နီးကပ်မနေခဲ့ပေ။ မြန်မာနိုင်ငံတွင်မူ ပြည်ပနှင့်ဆက်သွယ်ရန်အတွက် တစ်ခုတည်းသော လမ်းပေါက်လမ်းဂဖြစ်သည့် အောက်မြန်မာနိုင်ငံကို ဗြိတိသျှတို့က သိမ်းပိုက်ထားခဲ့ပြီး ဖြစ်နေသည်။ ကျွမ်းကျင်မှုမရှိပါဘဲနှင့် စက်ရုံများကို စမ်းသပ်တည်ထောင်ရသည့် အချိန်ကာလကလည်း တိုတောင်းလှသည်။ စက်ရုံများကို စတင်တည်ထောင်သည်မှ သီပေါမင်းပါတော်မူသည်အထိ ၂၅ နှစ်ခန့်မျှသာ ကြာမြင့်ခဲ့သည့် လုပ်ငန်းများကို ပြန်လည်ဆန်းစစ်ဝေဖန်သုံးသပ်ပြီး ပြုပြင်မွမ်းမံရန် အချိန်မရှိခဲ့သလို သုံးသပ်ပြုပြင်နိုင်ခြင်းမျိုးလည်း မရှိခဲ့ပေ။

အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲအတွက် ဗြိတိသျှတပ်များက ဧရာဝတီမြစ်ကို ဆန်တက်ကြရာ လမ်းခရီးတစ်လျှောက်တွင် အမြောက်သေနတ် ကြီးငယ် အမျိုးမျိုး ၁၈၉ လက်၊ မန္တလေး နေပြည်တော်တွင် ၁၆၁၁ လက်၊ မန္တလေးဝန်းကျင်ဒေသများမှ ၅၈ လက်၊ စုစုပေါင်း ၁၈၅၈ လက်ကို သိမ်းဆည်းရမိသဖြင့် ချိုးဖွဲ့ဖျက်ဆီးကာ ဧရာဝတီမြစ်အတွင်း ရေနက်ရာနေရာများသို့ ပစ်ချဖျောက်ဖျက်ခဲ့ကြသည်။ ထိုအမြောက်သေနတ် လက်နက်ကြီးငယ်များမှာ ရတနာပုံ အမြောက်သေနတ် စက်ရုံများ၏ လက်ရာများဖြစ်ကြလိမ့်မည်ဟု ခန့်မှန်းရသည်။ ရတနာပုံစက်ရုံများနှင့် စက်ပစ္စည်းကိရိယာများကို ဘုရင်၏ဘဏ္ဍာတော်မှ ကျခံရင်းနှီးကာ တည်ထောင်ခဲ့ရသည်မှာ မှန်သော်လည်း စင်စစ်အားဖြင့်မူ ပြည်သူလူထု၏ ချွေးနှဲစာများသာလျှင် ဖြစ်ကြသည်။ အခက်အခဲ အနှောင့်အယှက် အမျိုးမျိုးနှင့် ရင်ဆိုင်ခဲ့ရကာ နိုင်ငံခြားသားများ၏ အကူအညီကိုအားကိုးပြီး မြေစမ်းခရမ်းပျိုးဆိုသလို ကြိုးပမ်းထူထောင်ခဲ့ကြသော ရတနာပုံစက်ရုံများသည် မြန်မာတစ်နိုင်ငံလုံး ဗြိတိသျှတို့ လက်အောက်သို့ ကျရောက်သွားသည့်အခါ သံတို သံစဘဝသို့ လျှောကျသွားခဲ့ရသည်။ မြန်မာနိုင်ငံတွင် ပထမဆုံးစတင်ထူထောင်ခဲ့သော စက်မှုလုပ်ငန်းများသည်လည်း ဆုံးရှုံးသွားရသော နိုင်ငံ့လွတ်လပ်ရေးနှင့်အတူ တစ်ခန်းရပ်သွားခဲ့ရလေတော့သည်။ ။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ပျော်ဘွယ်ကျေးရွာအုပ်စု၊ စံပြကျေးရွာနေ မောင်သက်ဖြိုးအောင် ၉/မခန(နိုင်) ၃၀၀၆၆၂၏ ဖခင် ဦးပြည့်ဖြိုးမောင်(ခ)ဖြိုးမောင်မောင် ၉/မခန(နိုင်) ၁၉၉၁၅၄ မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဝါးခယ်မမြို့နယ်၊ အထက(ကနစိုးကုန်း) တက္ကသိုလ်ဝင်တန်းမှ နမ့်လားဟီး၊ နဝမတန်းမှ နမ့်မေချာတို့၏ဖခင် မန်းနီကောလား (ခ) ဦးစိုးပိုင် ၁၄/ဝခမ(နိုင်) ၁၃၉၄၉၀ မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်ပြောင်း

ကျောက်တန်း အထက(၂)၊ ဒသမတန်းအတွဲ(၂)မှ မခိုင်သော်တာထွန်း (၁၀၀/၁၄) အား မခင်ရူပါထွန်းဟု ၁၂/ကတန(နိုင်)၁၄၄၂၃၄ ပြောင်းလဲခေါ်ပါရန်။

မခင်ရူပါထွန်း

## မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အောင်မေတ္တာကျေးရွာနေ ဦးသိန်းစိန် ၇/ကဝန(နိုင်) ၀၁၂၈၄၃၏သမီး မသက်သက်မာ ၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်တွင်ပါရှိသော မွေးသက္ကရာဇ် ၂၀-၉-၁၉၈၆ ဖြစ်ပါ ကြောင်း။

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4J/8034 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြည်)၊
ပြည်မြို့

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် (၁၀၀၉၊ ၁၀၁၀)၊ ဧရိယာ ဝဒသမ၁၁၀ကေရှိ ဦးတင်အမည်ပေါက် ပေ (၄၀x၆၀) မြေကွက် နှစ်ကွက်အား ဦးနန်(ဒ်)ရမ်းဂျိုင်စီ(ခ) ဦးနန္ဒာ ၉/မကန(နိုင်)၀၆၇၄၇၈မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်း များတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာရွက်စာတမ်းများ၊ တရား ရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ် ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါ သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်အေးကြည် (ISN -၅၂၁၇၈၆)
## (ယခုနေရပ်လိပ်စာမသိ) သိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ သိန္ဓိလမ်း၊ မြေကွက်အမှတ် (၇၁၇)ဟုခေါ်တွင် သည့် လူကြီးမင်း၏ အမည်ပေါက်လျက်ရှိသော ဂရန်မြေအမျိုးအစား မြေတိုင်းရပ်ကွက်အမှတ် (၄၀)၊ မြေကွက်အမှတ် (၇၁၇)၊ (ဧရိယာ ဝဒသမဝ၆၂ကေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်ကို ၂၅-၉-၂၀၁၁ ရက်တွင် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်မိုးသူဇာငြိမ်း ၁၂/မဂတ(နိုင်)၀၆၈၄၃၇နှင့် ဒေါ်စုမြတ်စန္ဒီ ၁၂/မဂတ(နိုင်)၀၉၀၀၆၀တို့နှစ်ဦးနှင့် လူကြီးမင်းသည် နှစ်ဦးသဘောတူမြေကွက်အရောင်းအဝယ်ကတိစာချုပ်ပြုလုပ်၍ ယင်းစာချုပ်ပါ အသိသက်သေတို့ရှေ့၌ ရောင်းဖိုးငွေများအား လက်ခံရယူ ပြီး မြေကွက်နှင့် ဂရန်မူရင်းတို့ကို ဝယ်ယူသူကျွန်ုပ်မိတ်ဆွေနှစ်ဦး၏ လက်ဝယ်သို့လွှဲပြောင်းအပ်နှံခဲ့ပြီးဖြစ်ပါသည်။ ယခုအခါယင်းမြေကွက်ပေါ်တွင် နေအိမ်အဆောက်အအုံ ဆောက်လုပ်လိုပါ၍ မြေအမည်ပေါက်အား ကျွန်ုပ်မိတ်ဆွေနှစ်ဦး၏ အမည်သို့ပြောင်းလဲရန်လိုအပ်လျက်ရှိရာ လူကြီးမင်းမှ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် အရောင်းအဝယ်စာချုပ်ပြုလုပ်ချုပ်ဆိုပေးရန် လိုအပ်နေပါသည်။ သို့ပါ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင် လူကြီးမင်းမှ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေ ဖြစ်သူတို့ထံသို့ ဖြစ်စေ ဆက်သွယ်ပေးပါရန်နှင့် အကယ်၍သတ်မှတ်ရက်အတွင်း ဆက်သွယ်ခြင်းမရှိပါက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုခြင်းနှင့် အမည်ပြောင်းခြင်းတို့ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်မိုး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၆၆၁၈/၀၇)**
**တက်နေဝန်းအိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီလီမိတက်၊ ပင်လုံလမ်းမကြီး (ကျောင်းလမ်းမှတ်တိုင်)၊ မြောက်ဒဂုံမြို့နယ်၊**
**ဖုန်း-၀၉-၈၉၂၀၉၀၁၇၂**

## မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို)၏ ယခင်အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်သူ ဆရာဦးကျော်စိုးနှင့်စပ်လျဉ်း၍ နို့တစ်စာပေးပို့ခဲ့ခြင်း၊ ဌာနဆိုင်ရာများသို့ တိုင်ကြားခဲ့ခြင်း၊ သတင်းစာကြော်ငြာများထည့်သွင်းကြေညာခဲ့ခြင်း တို့သည် သဘောထားလွဲ မှား၍ ပြုလုပ်ဆောင်ရွက်ခဲ့ခြင်းသာ ဖြစ်ကြောင်း အများသိစေရန် ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ်(၁၀၉၊ ခုနစ်လွှာ)တွင် တရားဝင် ရုံး ပြောင်းဖွင့်လှစ်ထားသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို)၏ ယခုအထွေထွေအတွင်းရေးမှူးချုပ်ဖြစ်သူ ဦးကျော်ကျော် (ခ)ဦးခင်ထွန်းမှ ဗဟိုအမှုဆောင်အစည်းအဝေးဆုံးဖြတ်ချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဦးကျော်ကျော်(ခ)ဦးခင်ထွန်း အပါအဝင် ဦးကျော်ကျော်(ခ)ဦးခင်ထွန်း အထွေထွေအတွင်းရေးမှူးချုပ်အဖြစ်ပါဝင်လျက်ရှိသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ တာဝန်ရှိသူအချို့တို့သည် ယခင်အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်သူ ဆရာဦးကျော်စိုး(သတင်းစာ-စာ ရေးဆရာ)အား သဘောထားလွဲမှားကာ နို့တစ်စာ စာပေးပို့ခဲ့ခြင်း၊ ဌာနဆိုင်ရာများသို့ တိုင်ကြားခဲ့ခြင်း၊ (၂၈-၁၂-၂၀၁၉)ရက်ထုတ် ကြေးမုံသတင်းစာ၊(၂၉-၁၂-၂၀၁၉)ရက်တွင် မြန်မာ့အလင်းသတင်းစာနှင့်(၁၀-၁-၂၀၂၀)ရက်ထုတ်ကြေးမုံသတင်းစာတို့တွင် ကြေညာချက် များကို ထည့်သွင်းကြေညာခဲ့ခြင်း၊ သက်ဆိုင်ရာ ရဲစခန်းတွင် အမှုဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ထိုအခြေအနေတွင် ဒလမြို့နယ်၊ ရဟ်မသ်ဗလီ(ခ)ဗိုလ်ရန်ပြေဗလီဂေါပကအဖွဲ့ဥက္ကဋ္ဌဖြစ်သူ ဦးခင်မောင်၏ ဦးဆောင်မှုဖြင့် ညှိနှိုင်း ဆောင်ရွက်ပေးချက်အရ ဦးကျော်ကျော်(ခ)ဦးခင်ထွန်းအပါအဝင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ တာဝန်ရှိသူတို့နှင့် ဆရာဦးကျော်စိုးတို့ သည် တစ်ဦးနှင့်တစ်ဦး တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်နားလည်မှုရရှိပြီး ဆရာဦးကျော်စိုးနှင့်စပ်လျဉ်း၍ သဘောထားလွဲမှားကာ ပြုလုပ်ဆောင်ရွက်ခဲ့သောကိစ္စရပ်များအားလုံးကို ခြွင်းချက်မရှိ ပြန်လည်ရုပ်သိမ်းပြီးဖြစ်ပါသည်။

ယခင်အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်သူ ဆရာဦးကျော်စိုးသည် ၎င်းအထွေထွေအတွင်းရေးမှူးတာဝန်ကို ပခုံးပြောင်းရရှိခဲ့သည့်အ ချိန်မှစ၍ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အသီးသီးတို့တွင် ယခင်မရှိခဲ့သောမော်လဝီအဖွဲ့ခွဲများကို အပင်ပန်းခံကာ အဖွဲ့ချုပ်၏အင်္ဂါရပ်များ နှင့်အညီ ဖွဲ့စည်းပေးခဲ့သည်ကိုလည်းကောင်း၊ အဖွဲ့၏အထွေထွေရေးရာကိစ္စရပ်များကို အားသွန်ခွန်စိုက် ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှ လုပ်ကိုင်ဆောင်ရွက်ခဲ့မှုကြောင့် မျက်မှောက်ခေတ်အခြေအနေတွင် မော်လဝီအဖွဲ့ချုပ်မှာ မျက်နှာကောင်းဖြင့် အစိုးရအသိအမှတ်ပြုသည်အထိ ရပ်တည်လာနိုင်ခဲ့သည့်အဖွဲ့အစည်းဖြစ်လာသည်ကိုလည်းကောင်း လေးစားဂုဏ်ပြုသည့်အနေဖြင့် မော်လဝီအဖွဲ့ချုပ်(ဗဟို)၏ ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့သော ဗဟိုအလုပ်အမှုဆောင်များ၏ ဆန္ဒနှင့်အညီ ဆရာ ဦးကျော်စိုးအား ဦးသျှောင်နာယကအဖြစ် ထားရှိပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီအဖွဲ့ချုပ်(ဗဟို)ကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းရခြင်းမှာ ဆရာဦးကျော်စိုး၏ အသက်အရွယ်ကြီးရင့်မှု ကြောင့် ဖြစ်ပေါ်လာသော ကျန်းမာရေးအခြေအနေအရပ်ရပ်အရ လည်းကောင်း၊ မော်လဝီအဖွဲ့ချုပ်(ဗဟို)၏ယခင်ကျင့်သုံးခဲ့သော ဗဟိုဦးစီးစနစ် သျှူရာ(ညှိနှိုင်းမှု)တို့သည် ယခုခေတ်စနစ်ဖြင့် ကိုက်ညီမှုမရှိတော့၍လည်းကောင်း၊ အများပြည်သူအစ္စလာမ်ဘာသာဝင်များလက်ခံသည့် ဒီမို ကရေစီနည်းစနစ်များဖြင့် မော်လဝီအဖွဲ့ချုပ်(ဗဟို)၏တိုးတက်ရာတိုးတက်ကြောင်းကို ဆောင်ရွက်လိုသည့်အများဆန္ဒအရလည်းကောင်း၊ ပြင်ဆင်ဖွဲ့စည်းရခြင်းဖြစ်ပြီး မော်လဝီအဖွဲ့ချုပ်(ဗဟို)၏ယုံကြည်ချက်၊ ရည်ရွယ်ချက်များကို မပျောက်ပျက်စေဘဲ နိုင်ငံတော် အစိုးရလမ်းညွှန်မှုအောက်တွင် မော်လဝီအဖွဲ့ချုပ်(ဗဟို)နည်းစနစ်မှန်မှန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ရှင်းလင်း ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီအဖွဲ့ချုပ်(ဗဟို)ကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းပြီးသည်နှင့်အညီ အစ္စလာမ်ရေးရာခုံရုံးကို ပြန်လည်ဖွဲ့စည်း၍ ယခင်မော်လဝီအဖွဲ့ချုပ်(ဗဟို)ရုံးခန်းတွင် လုပ်ကိုင်ဆောင်ရွက်ပေးခဲ့သည့် လုပ်ငန်းစဉ်များအားလုံးကို ယခုရုံးခန်းအသစ်ဖြစ်သော အမှတ်(၁၀၉)၊ (ခုနစ်လွှာ-ညာ)၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ်(၅)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီးတွင်နည်းစနစ်မှန်ကန်စွာဖြင့် လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိနေပြီ ဖြစ်ကြောင်းအများသိစေရန် အသိပေးကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးညီညီအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၇၆၁)**
**အမှတ်-၃၆၆(က)၊ ဗိုလ်ခန့်လမ်း၊ (၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၂၅၃၈၈၇၇၁၁၊ ၀၉-၇၉၅၇၀၃၉၇၁**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၂၅၁

| | | |
|---|---|---|
| ၁။ ဒေါ်ဝါဝါခိုင် | နှင့် | ၁။ ဦးရန်ရှင်း |
| ၂။ ဒေါ်နန္ဒာဝင်း | | ၂။ ဒေါ်လဲ့လဲ့ဝင်း |
| (၎င်းတို့၏အခွင့်ရကိုယ်စားလှယ် ဒေါ်ပြည့်ဖြိုးခိုင်) | | ၃။ ဒေါ်စံပယ်မြင့် |
| တရားလို | | တရားပြိုင်များ |

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ဇေယျာခေမာလမ်း၊ အမှတ် (၃၈၈/စ)နေ တရားပြိုင်အမှတ် (၁) ဦးရန်ရှင်း၊ (၂) ဒေါ်လဲ့လဲ့ဝင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းမြင့်ရိပ်သာလမ်း၊ ဇာတိမာန်လမ်းသွယ်၊ အမှတ် (၂၆/၁၉/ခ) နေ တရားပြိုင်အမှတ် (၃) ဒေါ်စံပယ်မြင့် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ၁၅-၂-၂၀၁၉ရက်စွဲပါ နှစ်ဦးသဘောတူအိမ်နှင့်မြေအရောင်းအဝယ်ငွေအပြီးပေးချေခြင်း ကတိစာချုပ်ပါအတိုင်း ရောင်းချသည့်မြေနှင့်အိမ်ကို လက်ရောက်လွှဲပြောင်းပေးအပ်ရန် (သို့မဟုတ်) ရောင်းဖိုးငွေပြန်လည်ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၂ရက် (၁၃၈၂ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၉ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇော်မင်းထွဋ်)**
**ဒုတိယခရိုင်တရားသူကြီး (၂)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ဖခင်အမည်မှန်

မင်္ဂလာဒုံမြို့နယ်၊ အထက(၆) တက္ကသိုလ်ဝင်တန်းမှ မောင်ရဲရင့်ကျော်၏ဖခင်အမည်မှန်မှာ ဦးပြည့်စုံကျော်သိန်း၁၄/ဇလန(နိုင်) ၀၉၉၂၀၄ ဖြစ်ပါသည်။

**ဦးပြည့်စုံကျော်သိန်း**

## အမည်ပြောင်း

ဦးချစ်ဝင်းသူ၏သမီး သံဖြူဇရပ်မြို့(မူလွန်) အောင်မင်္ဂလာ-၂စတုတ္ထတန်းအောင်မှ မစွဲမက်ပန်းချီအား မစွဲမက်ကဗျာဟု ပြောင်းလဲခေါ်ပါရန်။

**မစွဲမက်ကဗျာ**

## ဖခင်အမည်မှန်

ဟသ်ာတမြို့နယ်၊ အထက ယုန်သလင်း သတ္တမတန်း စနစ်ဟောင်းအောင်မှ မမေသဲစု၏ ဖခင်အမည်မှန်မှာ ဦးကျော်စွာ ဝင်း ၁၄/ဟသတ(နိုင်)၂၁၅၉၂၀ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

သံဖြူဇရပ်မြို့နယ်၊ ကရင်သောင် အထက(ခွဲ)ဒသမတန်းသင်ရိုးသစ်မှ ဦးတင်သိန်း၏သမီး မသဇင်ဦး၏မိခင်အမည်မှန် မှာ ဒေါ်စန္ဒာ ၁၀/သဖရ(နိုင်) ၁၀၂၅၃ဖြစ်ပါကြောင်း။

**ဒေါ်စန္ဒာ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂၊ မြေကွက်အမှတ် ၆၁၆၊ ဧရိယာ ဝဒသမ၀၅၅ကေ၊ မြေကွက်တည်နေ ရာအမှတ် (၆၁၆)၊ ကံ့ကော်လမ်းသွယ် (၃)လမ်း၊ (၁၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဦးဇော်နိုင် ၁၂/လမန(နိုင်)၁၃၁၄၂၀၊ ဦးအုပ်စိုးဦး ၁၂/အလန(နိုင်)၀၃၃၅၂၇ အမည်ပေါက်နှစ် ၆၀ မြေငှားစာချုပ်ဂရန်မြေအား အမည်ပေါက် ဦးဇော်နိုင်၊ ဦးအုပ်စိုးဦးတို့ကိုယ်တိုင်မှ နှစ် ၆၀ မြေငှားစာချုပ်ဂရန် မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ တရားရုံး ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ ဦးဇော်နိုင်၊ ဦးအုပ်စိုးဦးတို့ထံမှ ကိုယ်စားလှယ်လွှဲစာအမှတ် ၃၁၇၇/၁၆ (၂၁-၃-၂၀၁၆)ဖြင့် ကိုယ် စားလှယ်ရသူ ဒေါ်ဝေမာထွေး ၁၂/သကတ(နိုင်)၁၂၃၆၉၇က နှစ် ၆၀ မြေငှားစာချုပ်ဂရန်(မိတ္တူ) လျှောက်ထားလာခြင်းအား ဌာနမှလုပ် ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခဲ့ပြီး ကန့်ကွက်မည့်သူမရှိပါသဖြင့် နှစ် ၆၀ မြေငှားစာချုပ်ဂရန်(မိတ္တူ)ထုတ်ပေးသွားမည်ဖြစ်ပြီး၊ မြို့ မြေစာရင်းတွင် အမှုတွဲအမှတ် ၇ပသ/ဂရသ-၂၀၁၆၀၀၆၈၂၈/၁၆ (၂၅-၁၁-၂၀၁၆) ဖြင့် ထုတ်ပေးထားသည့် မူလဂရန်စာအုပ်အား ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/မြို့မအရှေ့ရပ်၊ မြေဧရိယာ ဝဒသမ၁၁၀ကေရှိ မြေကွက် အမှတ် (ပ-၂၁၂၇၄)၊ ဦးစတင်ဝင်း ၁/ဗမန(နိုင်) ၀၀၈၀၃၁ (ဘ)ဦးသောင်းတင် အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်ကို ဦးဝင်းကို ၁၀/မလမ(နိုင်)၀၀၀၀၉၅ (ဘ)ဦးအုန်းသိန်းမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၂၉၂၃/၂၀၂၀ တင်ပြ၍ ဒေါ်သန်းဌေး ၁၀/မလမ(နိုင်)၀၁၇၀၅၃နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာ ပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြော်ငြာခြင်း

ကျွန်ုပ်၏အမှုသည် ဒေါ်မွန်မွန်မြင့် ၁၂/ဗဟန(နိုင်) ၀၄၉၀၉၄၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိ စေရန် ကြော်ငြာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် ဒေါ်မွန်မွန်မြင့်နှင့် ခင်ပွန်းဖြစ်သူ ဦးအောင်ကျော်ညွှန့်တို့သည် (၇-၇-၂၀၂၀)ရက်တွင် ရန်ကင်းမြို့နယ် တရားရုံး၌ နှစ်ဦးသဘောတူ အကြင်လင်မယား အဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ လက်ထက်ပွားပစ္စည်းဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ယုဇနလမ်း၊ အမှတ်(၂၂၅)အကျယ်အဝန်း (၂၀'x၆၀')ရှိ နေအိမ်ခြံမြေအား ဦးအောင်ကျော်ညွှန့်မှ ဒေါ်မွန်မွန် မြင့်အား (၇-၇-၂၀၂၀)ရက်စွဲပါ ပစ္စည်းခွဲဝေခြင်း ကတိစာချုပ်ဖြင့် အပြီးအပိုင် လွှဲပြောင်းလိုက်ပြီး ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ယုဇနလမ်း၊ အမှတ်(၂၂၅)၊ အကျယ်အဝန်း(၂၀'x၆၀')ရှိ နေအိမ်ခြံမြေအား အထက် ဖော်ပြပါ နေအိမ်ခြံမြေအား ဒေါ်မွန်မွန်မြင့် တစ်ဦးတည်းသာ ရောင်းချ၊ လဲလှယ်၊ စီမံခန့်ခွဲပိုင်ခွင့် ရှိသည်ကို အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်သိင်္ဂီအေး(စဉ်-၁၄၈၁၉)**
**LL.B,D.B.L(တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(၇၆၂)၊ သုဇာတာ(၁၁)လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၄၂၀၀၆၉၁၅၂**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ရမည်းသင်းခရိုင်တရားရုံးတော်၌
## ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၆

| | | |
|---|---|---|
| ဦးပေါ်ဦး(ဘ)ဦးထွန်းခင် | နှင့် | ဒေါ်ဝင်းမာ(ဘ)ဦးပေါက်စ |
| စပျစ်ခြံလုပ်ငန်းရွာတန်းရွာမရပ် | | အရောင်းအဝယ်လုပ်ငန်း |
| ရမည်းသင်းမြို့နယ် | | အိမ်အမှတ်-၁၂၀ |
| | | ဗ.မ.ကအနောက်ရပ် |
| | | ရမည်းသင်းမြို့ |
| တရားလို | | တရားပြိုင် |

ရမည်းသင်းမြို့၊ ဗ.မ.ကအနောက်ရပ်၊ အိမ်အမှတ်(၁၂၀)၊ အရောင်းအဝယ်လုပ်ငန်း၊ တရားပြိုင် ဒေါ်ဝင်းမာ(ဘ-ဦးပေါက်စ)(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးပေါ်ဦးက အိမ်နှင့်ဝိုင်းမြေအရောင်းအဝယ်ကတိစာချုပ်အရ ရောင်းကြေးငွေကျပ် ၁၁၀၀၀၀၀၀/-(ကျပ်သိန်းတစ်ရာတစ်ဆယ်တိတိ)အား ပြန်လည်ရလိုကြောင်းနှင့်လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်း မဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်းသည့်အချက်များကို ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေ နှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ပြည့် နှစ် ဩဂုတ် ၁၁ရက် (၁၃၈၂ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၈ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာအထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်း များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။

သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေး ရက် ကတင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် ဇူလိုင် ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်လဲ့လဲ့)**
**ဒုတိယခရိုင်တရားသူကြီး**
**ရမည်းသင်းခရိုင်တရားရုံး**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဏ/၄၀)၊ လှူနေရပ်ကွက်အမှတ် (၁၄)၊ မဟာဗန္ဓုလလမ်း၊ မြေကွက်အမှတ် (၇၄၇/က)+(၇၄၇/ခ) မြေအကျယ်အလျား ပေ ၂၀xအနံပေ ၆၀စီ၊ ဝဒသမဝ၂၇ကေစီရှိ ဒေါ်သိန်းရင် ၁၂/လမန(နိုင်)၀၄၉၆၉၅ အမည်ပေါက် နှစ် ၆၀ မြေငှားဂရန် မြေကွက် နှစ်ကွက်နှင့်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အမည်ပေါက် ဒေါ်သိန်းရင်မှ တရားဝင်ပိုင်ဆိုင်ပါကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုပါသောကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးပိုင် ၁၂/လမန(နိုင်)၀၃၂၈၀၉က အပြီးအပိုင်ဝယ်ယူရန် မြေကွက် နှစ်ကွက် ရောင်းဖိုးငွေများ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ အဆိုပါမြေကွက်အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တရားဝင်ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းနှင့်တကွ ကျွန်ုပ်ထံ လာရောက်ပြသကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ကျွန်ုပ်မိတ်ဆွေမှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်၍ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးပိုင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဂရေစီအေးမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၆၈၇/၁၇)**
**အိမ်-အမှတ် (၃၆၇)၊ သုတ(၈)လမ်း၊ ၄-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ရုံး-အမှတ် (၄၃၈/က)၊ သစ္စာလမ်း၊ ၁၀ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်တရားရုံးအနီး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၆-BB ၁၊ မြေကွက်အမှတ်-၁၃၇၊ ဧရိယာ(ဝဒသမ၀၂၉)ကေ၊ အကျယ် ပေ(၂၅ x ၅၀) နှစ်(၃၀)ဂရန်မြေပေါ်ရှိ အမှတ်(၃၇)၊ ဦးကြွယ်ဟိုးလမ်း၊မကျည်းတန်းတောင်/အနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ် တို့ကို အက်စ်ရမ်နာဂယ်ဟာချက်ဂါ အမည်ပေါက် ပိုင်ဆိုင်ခဲ့ ပြီး ၎င်းထံမှ အရောင်းအဝယ်စာချုပ်အမှတ်-၁၁၆၉/၅၁(၂၀-၈-၁၉၅၁) ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဦးဟာရှင်(ခ)ဦးဘရှင်၊ မောင်ဘိုနီ၊ မောင်ထွန်းမင်း၊ မောင်မောင်တို့၏ ဆက်ခံသူများဖြစ်သည့် (၁)ဦးမောင်ထွန်း(ခ)ဦးထွန်းမင်း၊ (၂)ဒေါ်နီနီ၊ (၃)ဒေါ်စန်းစန်းရီ၊ (၄) ဦးကြည်လွင်၊ (၅)ဦးမြင့်ကြည်၊ (၆)ဦးဝင်းဗိုလ်၊ (၇)ဒေါ်အေးအေးမော်၊ (၈)ဒေါ်တင်တင်ရီ၊ (၉)ဒေါ်အေးအေးဝင်းတို့မှ (၁၅-၇-၂၀၂၀)ရက်စွဲပါ မိသားစု သဘောတူညီမှုစာချုပ်အရ မြေ၏မခွဲမစိတ်ရသေးသော အရှေ့ဘက်ခြမ်း ပေ(၁၂ ၁/၂ x ၅၀)အား ဦးမောင်ထွန်း(ခ)ဦးထွန်းမင်းပါ (၈) ဦးတို့မှ လည်းကောင်း၊ မြေ၏မခွဲမစိတ်ရသေးသော အနောက်ဘက်ခြမ်း ပေ(၁၂ ၁/၂ x ၅၀)အကျယ်အား ဒေါ်နီနီမှလည်းကောင်း အသီးသီးခွဲဝေရယူကြရန် သဘောတူညီခဲ့ပြီး ဥပဒေနှင့်အညီ ပိုင်ဆိုင်မှုအမည် ပြောင်းလဲသတ်မှတ်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသန်းဦး** | **ဦးသန့်ဇော်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၇၉)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)** |

**အမှတ်(၄၆)၊ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ အကွက်အမှတ်(၆/ဈေးမြောက်)၊ ဦးပိုင်အမှတ်(၂၈)၊ မြေယာအမှတ်(23)၊ မြေဧရိယာ (ဝဒသမဝ၈၁)ကေရှိ မြေကွက်အား မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဒေါ်ဆာဘီသာဒေဝီ(ခ) ဒေါ်ဆာဘီသာဒေဗီ ၉/ပဥလ(ပြု) ၀၀၀၀၅၉ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့နယ်**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ အကွက်အမှတ်(၃၆/ပြည်တော်သာ)၊ ဦးပိုင်အမှတ်(၄၈)၊ မြေယာအမှတ်(57)၊ မြေဧရိယာ(ဝဒသမဝ၆၁)ကေရှိ မြေကွက်အား မြေငှားဂရန်(သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်ခင်မြဝင်း ၉/မမန(နိုင်)၀၂၇၄၀၄ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## The Republic of the Union of Myanmar

Ministry of Education

Invitation for Bids

| | |
|---|---|
| Date: | 23 July 2020 |
| Loan/Grant No. and Title: | MYA 3472 – Equipping Youth for Employment |
| Contract No. and Title: | MYA3472/EYE/ICB/CW/Schools/02 |
| Deadline for Submission of Bids: | 03 September 2020 |

1. The **Government of Myanmar** has received financing from the Asian Development Bank (ADB) towards the cost of **Equipping Youth for Employment Project (EYE) Project.** Part of this financing will be used for payments under the Contract named above. Bidding is open to Bidders from eligible source countries of ADB.

2. The Ministry of Education (represented by the Department of Education Research, Planning & Training) ("the Employer") invites sealed bids from eligible Bidders for the **construction and completion of additional classrooms blocks and students' dormitories (male – female segregated) at** ("the Works") as outlined below:

   Construction of 3 units of Classroom Blocks and 3 units of Dormitories at existing school locations (at Townships – **Paduang** in Bago (West), **Ngapudaw** and **Kangyidaunt** in Ayeyarwaddy)

3. International competitive bidding will be conducted in accordance with ADB's Single Stage One Envelope procedure and is open to all Bidders from eligible countries as described in the Bidding Document.

4. Only eligible Bidders with the following key qualifications should participate in this bidding.

**Key Experience Requirement**

Participation in at least (2) two contracts (in case of a Joint Venture, either one JV partner must meet requirement or any two JV partners must each demonstrate at least one (1) contract) that have been successfully or substantially completed within the last 5 years and that are similar to the proposed works, where the value of the Bidder's participation exceeds **MMK 981 Million.**

The similarity of the Bidder's participation shall be based on the physical size, nature of works, complexity, methods, technology or other characteristics as described in Section 6 (Employer's Requirements) in the Bidding Document. These are Building Construction Works

**Key Financial Requirement**

Minimum average annual construction turnover of **MMK 1,963,799,000** calculated as total certified payments received for contracts in progress or completed, within the last 3 years.

The Bidder must demonstrate that it has the financial resources to meet the requirements for the Subject Contract in the minimum amounts of **MMK 655 Million.**

5. To obtain further information and inspect the Bidding Documents, bidders should contact:

   EYE Project Management Unit (PMU)
   Department of Education Research, Planning & Training,
   Ministry of Education, Bldg No 13,
   Nay Pyi Taw, Myanmar
   Telephone: +95 67 3407273
   E-mail address: projectmanager.EYEPMU@gmail.com
   With copy to: procurement.EYEPMU@gmail.com

6. To purchase the Bidding Documents in English, eligible bidders should

* write to the address above requesting the Bidding Documents for MYA3472/EYE/ICB/CW/Schools/02 for which bidding document is requested.
* pay a nonrefundable Bidding Document Fee of MMK 15,000 (Equivalent in 11 USD) either by cash payment or through bank transfer to:

   Bank A/C No: MD–012898
   Bank Name: Myanmar Economic Bank
   Bank Address: Thiri Kyaw Swa Street, Near Bank Zone, Zabu Thiri Township, NayPyiTaw
   Account Name: Department of Education Research, Planning & Training, Ministry of Education

7. Deliver your bid to the address above

* on or before the deadline: 03 September 2020 (13.00 Hours MST)
* together with a Bid Security as described in the Bidding Document

Bids will be opened immediately after the deadline for bid submission in the presence of Bidders' representatives who choose to attend. Late Bids will be rejected. Electronic Bid submission is not permitted.

8. When comparing Bids, ADB's Domestic Preference Scheme will be applied in accordance with the provisions stipulated in the Bidding Document.

## ပိုးသတ်ဆေးဖြန့်ဖြူးသူပြောင်းလဲခြင်း

ပြည်ပထုတ်လုပ်သူ **BEIJING MULTIGRASS FORMULATION CO.,LTD.** မှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသောအောက်ဖော်ပြပါစိုက်ပျိုးရေးဆေးများကိုပြည်တွင်းမှလဖြန့်ဖြူးသည့် **BAIGREEN CROP SCIENCE CO., LTD.** မှ **OUR FARM COMPANY LIMITED** သို့ ဖြန့်ဖြူးခွင့်လွှဲပြောင်းမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄) ရက်အတွင်း တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်းရပ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့သို့ ကန့်ကွက်နိုင်ပါသည်။ **BAIGREEN CROP SCIENCE CO., LTD. ph. 09969007222**

| Sr. | Trade Name | Active Ingredient | Registration No. |
|---|---|---|---|
| 1. | Multi Ngwe To 25WDG | Thiamethoxam 25% WDG | P 2018–4316 |

### မိဘအမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ သင်တောရိုးအုပ်စု၊ ကညင်ကောက် ကျေးရွာနေ မောင်သူရိန်မင်းဇော်၏ မိဘအမည်မှန်မှာ ဦးသက်မျိုးဦး၊ ဒေါ်ဇာဇာသဲ ဖြစ်ပါကြောင်း။

**ဦးသက်မျိုးဦး၊ ဒေါ်ဇာဇာသဲ**

### အမည်မှန်

ပျဉ်းမနားမြို့၊ ရန်အောင်(၁)ရပ်ကွက်၊ နယ်မြေ (၈)နေ ဦးမိုးကို၊ ဒေါ်သူဇာအောင်၏သား မောင်မိုးသူအောင်၏ အမည်မှန်မှာ မောင်မိုးထက်ကို ဖြစ်ပါကြောင်း။

**မောင်မိုးထက်ကို**

### လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် ဖိုက်ဘာရေတိုင်ကီများကို အောက်ပါအတိုင်း မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် တင်ဒါများ ဖိတ်ခေါ်အပ်ပါသည်–

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | ပေးပို့ရမည့်နေရာ | ကြမ်းခင်းဈေး (ကျပ်သန်း) |
|---|---|---|---|---|
